www.burmeseclassic.com

BURMESE CLASSIC

# မယ်ဒိုင်

## မမြင်ရတဲ့အလှစစ်

အချစ်လုံးချင်းဝတ္ထု (သစ်)



ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၄၃၉၁၁၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၄၇၇၁၂၁၁ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၂၊ မေလ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် (၄)၊ အခန်း (၁၀) ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ်၃၃၊ ကျိုက်တော်လမ်း မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| မြန်ဈေး | - | ၁၃၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မယ်နိုင် ၈၉၅.၈၃

မမြင်ရတဲ့အလှစစ် / မယ်နိုင် ။ – ရန်ကုန်

ရွှေဥစာပေ ၊ ၂၀၁၁ ။

၂၉၃ – စာ ၊ ၁၂.၃ × ၁၈ စင်တီ ။

(၁) မမြင်ရတဲ့အလှစစ်




အချစ်ကို

Mause လို ကစားပြီး

နှလုံးသားကို

Keyboard လို ကွက်ကျော်နှိပ်ချင်တဲ့

မင်းရဲ့

စဝ်ကြောင်ကြောင် data တွေကို

မလိုလားတော့လို့

Window အသစ်တင်လိုက်ပြီ...

www.burmeseclassic.com



## အခန်း (၁)

အပြောကျယ်တဲ့ ပင်လယ်ကြီးထက် အကျယ်ကြီးပြောတဲ့ ဒီလောကကြီးကို စိတ်ကုန်နေသူများက လောကကြီးမှာပဲ အသက်ရှင် ရပ်တည်နေကြရပါသည်။ ပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်းဆိုတာ ယှဉ်တွဲပါလာတတ်တဲ့ ဤအသက်ရှင်ရပ်တည်မှုတွင် စိတ်ကုန်ခြင်း၊ စိတ်ဓာတ်ကျခြင်းဆိုတာက အဆိုးဆုံးဝေဒနာဟု ပြောရပေလိမ့်မည်။

ဒီလိုကြီးမားကျယ်ပြန့်တဲ့လောကကြီးထဲမှာပဲ ဘဝကို စိတ်ကုန်နေခြင်း၊ စိတ်ဓာတ်ကျနေခြင်း၊ အလိုမကျ၍ ဆောက်



www.burmeseclassic.com

www.burmeseclassic.com



တည်ရာပဲနေခြင်းဆိုတာမျိုးတွေက အရာအားလုံး အဆင်ပြေနေသူတွေထက် ပို၍များပြားပေလိမ့်မည်။

လူမှန်ရင် ဒုက္ခနဲ့ယှဉ်တွဲပြီး မွေးဖွားလာကြတာမို့ ဒီဒုက္ခတွေနဲ့လွတ်ကင်းတဲ့ အသက်ရှင်လူသားက လောကၡ မရှိနိုင်ပါ။ ဒုက္ခကို နည်းနည်းရင်ဆိုင်ရသူနှင့် များများရင်ဆိုင်ရသူဟူသာ ကွဲပြားမှုရှိနေပေမည်။ ဒုက္ခကို နည်းနည်းရင်ဆိုင်ရသူက ဘဝအသိနည်းနည်းပဲရှိပြီး နည်းနည်းလေးပဲ ရင့်ကျက်မှုရှိပေလိမ့်မည်။

ဒုက္ခကို များများရင်ဆိုင်ရသူများတော့ ဘဝအသိများများရှိပြီး ရင့်ကျက်နိုင်မာသူတစ်ယောက် ဖြစ်ပေလိမ့်မည်။ လောကတွင် ငွေပေးပြီး ဝယ်လို့မရတဲ့အရာ အများကြီးထဲတွင် ကျန်းမာစွာ အသက်ရှင်ရပ်တည်မှုနှင့် ဘဝအတွေ့အကြုံဆိုစာ ထိပ်ဆုံးက ပါနေလိမ့်မည်ဟုထင်ပါသည်။

ခက်ခဲခြင်းတွေနှင့် တည်ဆောက်ထားသည့်ထိုဘဝကို တွန်းလှန်နိုင်သူမှသာ အောင်မြင်မှုကိုရရှိမည့်သူဖြစ်ပေလိမ့်မည်။

ခက်ခဲမှုကိုရင်ဆိုင်ဖို့အတွက် ခိုင်မာတဲ့စိတ်ဓာတ်ကသာ





လျှင် တစ်ခုတည်းသော အားကိုးရာဟု ထင်ပါသည်။ ရင်ဆိုင်ရမည့်ပြဿနာတစ်ခုကို နည်းလမ်းအမျိုးမျိုးနှင့် ပုံစံအမျိုးမျိုးသုံးကာ ထွက်ပြေးပုန်းရှောင်နေမည့်အစား ခုချက်ချင်း ပြေးတွေ့ရင်ဆိုင်လိုက်တာက စိတ်ကို အသက်သာဆုံး ဆင်မြန်းပေးတဲ့ ချပ်ဝတ်တန်ဆာဟု ထင်ပါသည်။

စစ်မြေပြင်နှင့်တူသောဘဝတွင် တိုက်ပွဲတွေ အလီလီနွှဲပြီး နယ်မြေအဆင့်ဆင့်ကို ကူးဖြတ်ကျော်လွှားရဦးမည်မဟုတ်ပါလား။ ထို့အတွက် စိတ်ဓာတ်ကျမှုနှင့် စိတ်ပျက်ခြင်းတွေကို အဝေးဆုံးသို့ လွှင့်ပစ်ထားရပေလိမ့်မည်။

သို့သော် ပုထုဇဉ် သာမန်လူသားဖြစ်သည့်အလျောက် လူသားတိုင်းတော့ ထိုအရာတွေကို မဖြတ်ကျော်နိုင်ခဲ့ပါချေ။

အထူးသဖြင့် ကိုယ့်ရဲ့ရှင်သန်မှုက တစ်ပါးသူရဲ့လောင်းရိပ်အောက်မှာသာ အသက်ရှင်နေရသည့် 'ခေး'ဆိုသည့်လူငယ်တစ်ယောက်ပေါ့။

ဘုရားပေးတဲ့ဒီဘဝကို နှစ်သက်၍ သေဖို့မစဉ်းစားပါသော်လည်း သူများရဲ့ခြေထောက်နှင့် လမ်းလျှောက်နေရသည့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝကို သူစိတ်ပျက်နေလှပါသည်။ ရရှိထားတဲ့ဘွဲ့လက်မှတ်၊ ပြီးတော့ ဒီပလိုမာတွေကိုလည်း စိတ်ပျက်မိပါသည်။ ပြီးတော့ သူ့ပတ်ဝန်းကျင်မှ ဦးလေးတွေ၊ အဒေါ်တွေ၊ ပြီး, ဘွားဘွားတွေကိုလည်း သူစိတ်ပျက်မိပါသည်။

'ဟုတ်ကဲ့' ဆိုတဲ့စကားလုံးမျိုးကိုလည်း၊ သူ မုန်းလှပါပြီ။ လောကမှာ အဲဒီ 'ဟုတ်ကဲ့' ဆိုတဲ့စကားက ပေါ်မလာရင်ကောင်းမှာဟုတောင် တွေးခဲ့မိပါသည်။ ပုတ်သင်ညိုတစ်ကောင်လို အမြဲခေါင်းညိတ်နေရသည့်သူ့အခြေအနေကိုလည်း စိတ်ကုန်လှပါပြီ။

စိတ်ကုန်သည်ထက် အကုန်ဆုံးအချိန်ကတော့ သူ့ဘဝရဲ့ ကြင်ယာဖက်ကိုတောင် အမိန့်သုံးပြီး ဆုံးဖြတ်ပေးခြင်းပါပဲ။

ကျေးရူးတရားကို သိတတ်နားလည်ပြီး ကျေးဇူးဆိုတာကို လေးလေးနက်နက်ခံစားနေခဲ့သော သူ၏စိတ်ကိုလည်း သူ မုန်းလှပါပြီ။ သို့သော် ရိုးတွင်းချဉ်ဆီထဲမှာပင် စွဲမြဲနေခဲ့သော ဒီ 'ဟုတ်ကဲ့' ကြောင့် သူဘာတတ်နိုင်ဦးမှာတဲ့လဲ။

"သားရေ့ ခေ။ ပုလဲစိမ်းနဲ့တွေ့ဖို့ ဒီညနေပဲ ချိန်းခဲ့တယ်"





ဟု သူ့စိတ်ကို ပိုင်သောတွက်ကာ အမိန့်ချလိုက်သော ဒေါ်လေးငယ်ရဲ့ရာဇသံကိုလည်း သူက ဘယ်လိုမာကျောမှုမျိုးနဲ့မှ မငြင်းဆန်နိုင်ခဲ့ပါချေ။

ထုံးစံအတိုင်း 'ဟုတ်ကဲ့' ပေါ့။

ထိုဟုတ်ကဲ့ကြောင့်ပင် အန်တီလေး စီစဉ်ပေးခဲ့သော အဝတ်အစားနှင့် ဒေါ်လေးငယ် စီစဉ်ပေးသော ထိုနေရာသို့ ဦးငယ်ရဲ့ ပို့ဆောင်မှုဖြင့် ရောက်လာတော့ သွယ်လျဖြူနုပြီး ချစ်ဖို့ကောင်းတဲ့ ခပ်ချောချောမိန်းကလေးနှင့် ဆုံစည်းရပြန်ပါသည်။

သူမနာမည်ကို 'ပုလဲစိမ်း' ဟု သိထားပါသည်။

သူမပုံက သွက်လက်ပြီး ထက်မြက်မည့်ပုံပါပဲ။

လှတာတော့ အတော်လှတဲ့မိန်းကလေးဖြစ်ပါသည်။ လှသည်ထက် ဆွဲဆောင်မှုရှိသည်ဟုဆိုလျှင် ပိုမှန်ပေလိမ့်မည်။ သူ ထိုစားပွဲရှေ့သို့ရောက်သွားတော့ မိန်းမလှလေးက ခပ်သွက်သွက်ပင် မတ်တပ်ရပ်ပြီး သူ့ကိုကြိုဆိုလိုက်ပါသည်။

"ခေး,ထင်စာယ်"

"ဟုတ်ပါတယ်"



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"တို့က ပုလဲစိမ်းပါ"

ဟုပင် ခပ်တည်တည်ပြောကာ သူ့ကို လက်ကမ်းပေးလာ၍ သူ့မှာ မှင်တက်သွားရပါသည်။ မိန်းကလေးကစပြီး လက်ကမ်းလာတော့လည်း ယဉ်ကျေးမှုအရ လက်ခွဲနှုတ်ဆက်ရတော့မှာမဟုတ်ပါလား။ ထို့ကြောင့်ပင် သူ့ရဲ့ညာဘက်လက်တစ်ဖက်မှာ အားတုံ့အားနာနှင့်ပင် ရှေ့သို့ထွက်လိုက်ရပြန်ပါသည်။

သိပ်ခွဲခေါင်မှုရှိသည့်အပြုံးမျိုးကို ရင်ဆိုင်တွေ့နေရပါသော်လည်း သူ့ရင်ကို ထိုအပြုံးက ရိုက်ခတ်သွားခြင်းမရှိပါချေ။ ထိုသို့ ထက်မြက်ရဲရင့်သည့်အပြုံးမျိုးကို သူ စိတ်ကုန်နေတာ ကြာပြီမို့ပါ။

သူမက သူ့ကို လက်ဖြင့် 'ထိုင်လေ' ဟူသောအပြုအမူမျိုးလုပ်သဖြင့် သူ့စိတ်ထဲ နည်းနည်းတော့ ကျိုးတိုသွားချင်ပါသည်။

သူပြောမှလား. . . သူ မပြောလည်း တစ်ချိန်လုံး ဘယ်သူက မတ်တပ်ရပ်နေမှာလဲ။ တကယ်ပဲ ဒီခေတ်ဆိုင်းတဲ့အပြုအမူမျိုးနဲ့ ကင်းလွတ်တဲ့နေရာမျိုးက သူ့အတွက် ဒီလောကကြီးမှာ ရှား





ပါးသွားပြီလား။ သူလည်း ယောက်ျားတစ်ယောက်မို့ ယောက်ျားတစ်ယောက်လို ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်နှင့် မိမိရဲ့ဘဝလမ်းကို မိမိစိတ်ကြိုက်လျှောက်ချင်လှပါသည်။

"တို့က မြန်မာပြည်ကို ပြန်ရောက်တာ တစ်လပဲရှိသေးတယ်"

"ဒေါ်လေးက မင်းရဲ့ ဘိုင်အိုဂရပ်ဖီ ပေးထားပါတယ်"

ဟု သူက ရိုးရိုးသားသားပြောတော့ သူမက အသံလေးထွက်အောင် ရယ်ပါသည်။ ထိုရယ်သံက သူ့ကို ကလေးအတော လေးပါဆိုပြီး လှောင်နေတာလား။

အိမ်ကမိသားစုရဲ့လွှမ်းမိုးမှုတောင် မလွှဲမရှောင်သာလို့ စိတ်ကုန်စွာနဲ့ ခံယူနေရပါတယ်ဆိုမှ ဒေါ်လေးငယ်ရဲ့လက်ချက်နဲ့ ဒီသူစိမ်းမိန်းမရဲ့ လွှမ်းမိုးမှုကို ထပ်ခံရဦးမှာတဲ့လား။

"ဒါကြောင့် ရှင့်ဒေါ်လေးက ပြောတာပေါ့။ ရှင်က နည်းနည်းကလေးဆန်တယ်တဲ့"

"ဘာ! "

"ရှင်းရှင်းပြောရရင် တို့နှစ်ယောက်က ဘဝပေါင်းရည်း



www.burmeseclassic.com

www.burmeseclassic.com



ရေးအတွက် တွေ့ဆုံကြတဲ့လူတွေလေ။ အဲ့တော့ တို့နှစ်ယောက်ကြားမှာ ဒီ့ထက်စကားကြောကို ပိုဆွဲသင့်တာပေါ့။ ရှင်က အဲဒီလို တုံးတိတိကြီးပြောတော့ တို့နှစ်ယောက်ကြားက တခြားစကားလုံးမျိုး ရှာရခက်နေပြီ''

ဟု သူမက ဆိုပြန်တော့လည်း သူမရဲ့စကားက ဟုတ်သလိုလိုတော့ ရှိသားပင်။

သို့သော် သူ ထိုစကားလုံးကို မနှစ်သက်ပါချေ။ ထိုမိန်းကလေးရဲ့စကားလုံးတိုင်းက သူ့ကို စီးမိုးချုပ်ကိုင်နေသည်ဟု ခံစားမိလို့ပါ။ ထို့ကြောင့်ပင် အလိုလို ငုံ့လျှိုး သိမ်ဝင်ချင်နေသော မာနလေးကို နှိုးဆွလိုက်ပြီး. . .

''ငါ့ကို အဲဒီလို ခပ်ထက်ထက်မိန်းမပုံမျိုး လာမလုပ်ပြနဲ့။ ငါစိတ်မဝင်စားဘူး''

''ဟင်''

''ဒေါ်လေးငယ်ကို မလွန်ဆန်နိုင်လို့ မင်းကို ဝတ်ကျေတန်းကျေ လာတွေ့တာ၊ မင်းကို သိပ်စိတ်ဝင်စားလွန်းလို့တော့ မဟုတ်ဘူး။ ဒါကို မင်းသဘောပေါက်ထားပါ''





''ဟား. . . ဟား. . . ဟား''

သူ ကြောင်နသွားရပါသည်။ အမှန်က သူ့ရဲ့စကားလုံးမျိုးက မိန်းကလေးတစ်ယောက်ရဲ့မာနနဲ့ သိက္ခာကို ရိုက်ခတ်စေတဲ့စကားလုံးမျိုးပါ။ ဘာကြောင့် ဒေါသဖြစ်ဖြစ်နဲ့ သူ့ကိုပြန်ပြီး မတိုက်ခိုက်ပါဘဲ အဲဒီ့လိုရယ်နေရတာလဲ။

''ကြိုက်သွားပြီ''

''ဘာ!''

''ရှင်က တို့ကို ပထမဆုံးမြင်ဖူးတာမျိုး ဟုတ်ချင်မှဟုတ်လိမ့်မယ်။ ဒါပေမဲ့ တို့ကတော့ ရှင်နဲ့ဆုံတာ ဒါ,သုံးကြိမ်မြောက်ပါပဲ''

''ဘာ!''

''ဒါပေမဲ့ ဒီတစ်ကြိမ်ပဲ ရှင်က ယောကျာ်းတစ်ယောက်နဲ့ တူဖူးသေးတယ်''

''ဘာ!''

သူ့ရဲ့ဒေါသတွေက အထွဋ်အထိပ်သို့ ရောက်ကုန်ရပါသည်။ သူပေါက်ကွဲချင်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အခေါ်တွေ ဦးလေးတွေကို မကျေနပ်နေသမျှကို သူမ ထံ ပုံရှုချိမ်ပါသော်လည်း စောင့်စည်းနေရတဲ့ လူ့ကျင့်ဝတ်များကြောင့် သူ့ဒေါသတွေကို အတတ်နိုင်ဆုံး ထိန်းချုပ်ထားရတဲ့ အခြေအနေတစ်ရပ်ရယ်ပါ။

ဘယ်တတ်နိုင်မလဲလေ၊ သူက ကြံ့ခိုင်တောင့်တင်းသော ယောက်ျားဖြစ်ပြီး သူမက မှုန်ညက်နေအောင် အချိုးကျလှပသော မိန်းမချောလေး မဟုတ်ပါလား။ မိန်းမလှတို့မည်သည် သာမန်ထက် သိက္ခာတ ပိုကြီးတတ်သည်မဟုတ်ပါလား။ ဒါကို သူက လူ့ယဉ်ကျေးပီပီ နားလည်ရလေမပေါ့။

ထို့ကြောင့်ပင် သူမရဲ့မော်ကြွားကြွားစကားလုံးများကို သည်းခံလက်စနှင့် သည်းခံရင်း မကျေမနပ်ပင် နေရာ၌ ဆက်လက်၍ ငုငုကြီးထိုင်နေဖြစ်ပြန်ပါသည်။

သို့သော် သူမကိုတော့ ရှုတည်တည်နှင့် ကြည့်နေဆဲပါ။ သူမကလည်း သူ့ရဲ့ရှုတည်တည်နှင့်ပုံကို ရွဲ့ညို့စွာ စိုက်ကြည့်ပြီး အလှပဆုံးပြုံးကာ. . .

"ရှင်က ကလေးကျနေတာပဲ"





"ဘာ!"

သူ သည်းမခံနိုင်တော့ပါ။ သူမရဲ့စကားတွေက သောင်ကျော်သွားပြီဟု ထင်ပါ၏။ သက်တူရွယ်တူမျှရှိမည့် အိမ်ထောင်ဖက်ဟု လျာထားခံရသည့်မိန်းကလေးက အဲဒီလိုပြောလျှင် နှစ်သက်တတ်သည့်ယောက်ျားမျိုးက ကမ္ဘာမှာ မရှိဘူးထင်ပါရဲ့။

"ဒေါသကြီးလိုက်တာ, ဖြည်းဖြည်းပေါ့၊ တို့နှစ်သက်တဲ့ အချက်ထဲမှာ အဲဒါလည်းပါတယ်"

သူ ထိုမိန်းကလေးကို နားမလည်နိုင်တော့ပါ။ လျော့လိုက်တင်းလိုက်နှင့် အခေါ်တွေလိုများ သူ့ကို ပညာရှိရှိ နှိပ်စက်ချင်နေရော့သလား။ ရှိုးလား၊ ပုလဲစိမ်းရယ်. . .

"ဒါပေမဲ့ ငါနှစ်သက်တဲ့အချက်မျိုး မင်းမှာ ဘာတစ်ခုမှမရှိဘူး"

"ဒါဆို တို့ကိုငြင်းတယ်ပေါ့"

"အမှန်ပဲ"

"ကြိုက်သွားပြီ"

"ဘာ!"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်လိုလူမျိုးက တို့ကို ငမ်းငမ်းတက် လက်ခံလိုလား လိမ့်မယ်ထင်ထားတာ"

"ကိုယ့်ကိုယ်ကို အထင်ကြီးလှချည်လား"

"အဲဒီလိုဖြစ်ခဲ့ရင် ရှင့်ကို တို့ငြင်းမိမှာပဲ"

"ဟင်"

"တို့နှစ်ယောက်ရဲ့ ဒီတစ်ကြိမ်တွေ့ဆုံမှုမှာ အကျိုးရှိ သွားတယ်ပဲ ဆိုကြပါစို့"

ဟုဆိုကာ ထရပ်လိုက်တော့ သူ့မှာ ကြောင်စီစီဖြစ်သွား ရပါသည်။

"ပြေးပြဲလူရှိရင် လိုက်ရမယ်၊ လိုက်နေတဲ့လူရှိရင် ပြေး နေရမယ်။ ဒါမှ ဘဝဆိုတာ ခံ့မင်မှုရှိမှာပေါ့. . . မဟုတ်ဘူးလား။ ရှင်နဲ့တို့ နောက်တစ်ကြိမ်ပြန်ဆုံကြတာပေါ့"

ဟုဆိုကာ နေကာမျက်မှန်ကို စတိုင်လ်ကျကျတပ်ပြီး ကျော့ကျော့လေး ထွက်သွားသော ထိုမိန်းကလေးကို အရူးတစ် ယောက်လို ဒေါသဖြစ်နေရပါသည်။

ထိုမိန်းမရဲ့ပုံကြောင့် သူ့မှာ ဘယ်လောက်အောက်သွား





ရသလဲ။ သူ့ကို ကလေးတစ်ယောက်လို ပြုမူပြောဆိုသွားတဲ့ ထို မိန်းမကို မြင်မြင်ချင်းပင် သူ မုန်းမိရပါသည်။

သေချာပါသည်။ ထိုမိန်းမက သူ့ရဲ့အိမ်ထောင်ဘက် လုံးဝမဖြစ်နိုင်ဘူးဆိုတာပေါ့။ မာရေကျောရေနိုင်လှတဲ့ အဲ့ဒီမျက် နှာလေး။ လှပထက်မြက်ပုံရတဲ့ အဲဒီနှုတ်ခမ်း။ ပြတ်သားပုံရတဲ့ အဲဒီအကြည့်၊ တစ်ပါးသူကို စွဲညို့နိုင်တဲ့ အဲဒီမျက်လုံး။ ပြီးတော့ ကိုယ့်ကိုယ်ကို သိပ်ယုံကြည်မှုလွန်ကဲနေသော အဲဒီပုံစံမျိုးကို သူ လုံးဝစိတ်မဝင်စားပါချေ။

သူခံယူထားသည်က မိန်းမဆိုတာ လှပထက်မြက်နေ ရုံ မလိုပါ။ အိမ်ထောင်ဖက်ကိုသာ ယုံကြည်အားကိုးပြီး ကိုးကွယ် နေသူဟု ယုံကြည်ထားပါသည်။

သူ တစ်ထိုင်တည်းဆုံးဖြတ်မိပါသည်။

ပုလဲစိမ်းက သူ၏အိမ်ထောင်ဖက် လုံးဝမဖြစ်နိုင်ပါ ဘူးဟု။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"မလေးရေ, ဝမ်းသာစရာသတင်း ပြောရဦးမယ်"

ဟု အပြင်က ပြန်လာသော ဒေါ်လေးငယ်က ရေကြီးသုတ်ပြာဟန်နှင့်ပြောကာ အနံ့တီလေးနားတွင် ထိုင်လိုက်သည်တွင် သူရော ဦးငယ်ပါ ဒေါ်လေးငယ်ကို ကြည့်ဖြစ်သွားပါသည်။

"ပုလဲစိမ်းလေ"

"အေး, ပုလဲစိမ်းက ဘာဖြစ်လဲ"

"သားကို နောက်တစ်ကြိမ်ပြန်တွေ့မယ်တဲ့"

"အယ်, ဟုတ်လား"

ရွှေဝဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အနိတ်တီလေးနှင့် ဦးငယ်မှာ ဝမ်းသာသွားပုံအပြည့်ရှိနေပေမယ့်လည်း သူ့မှာ စိတ်ရှုပ်ထွေးသွားရ၍ မျက်မှောင်ကို တွန့်ချိုးထားလိုက်မိပါသည်။

"ရှင်က ဘယ်လိုဖြစ်နေတာလဲ"

ဟု သူ့ကိုအကဲခတ်လိုက်ပုံနှင့် အနိတ်တီလေးက ဆိုလျှင် ဒီအခေါ်တွေကို ငယ်ကြောက်ရို့ ချက်ချင်းဆိုသလို မျက်နှာကြောကို ဟန်ဆောင်ကာ လျော့ချလိုက်ရပြန်ပါသည်။

လျော့ချနေရပေမယ့် ရင်ထဲမှာတော့ ရှုပ်ထွေးမှုန်ကြုပ်နေရပါသည်။ သူသိနေပါ၏။ အခေါ်တွေက ထုံးစံအတိုင်း သူ့ကို သူတို့လိုချင်တဲ့ပုံဖြစ်အောင် ပုံလောင်းထုဆစ်ကြဦးမည်ထင်ပါရဲ့။

"တစ်ဦးတည်းသောတူလေး ကောင်းစားစေချင်လွန်းတဲ့ စေတနာကြောင့် ခုလိုစိုးစဉ်နေတာကို မျက်နှာက ဘာဖြစ်ရတာလဲ"

"ငါ့တူရယ်, စိတ်ကူးမလွဲနဲ့။ ပုလဲစိမ်းလိုအရည်အချင်းမျိုးနဲ့ အရည်အသွေးကို သားရှင်တွေက မျက်စောင်းထိုးနေကြတာ"





ဘာထူးလို့လဲ အနိတ်တီလေးရယ်၊ ခုလို ခေတ်မှာ အိမ်ထောင်ရေးကိုလည်း ဈေးတွက်,တွက်ကြတာပဲမဟုတ်လား။ သူသနားမိပါ၏။ လောကမှာရှိတဲ့ ခပ်ထက်ထက်ဂုဏ်ပုဒ်တွေကို ပိုင်ဆိုင်ထားတဲ့မိန်းမပျိုတွေကိုပေါ့။

"ပုလဲစိမ်းဆိုရင် ဘာလိုသလဲ၊ ကြည့်စမ်း! ပြည့်စုံချမ်းသာခြင်း။ လှပကျော့ရှင်းခြင်း။ ပညာအရည်အချင်း။ လုပ်ရည်ကိုင်ရည်နဲ့ လူမှုဆက်ဆံရေး, ဘယ်လောက်ထိ ပြည့်စုံထားသလဲ၊ ပုလဲစိမ်းက ထပ်တွေ့မယ်ဆိုတော့ ငါ့တူက ကံကောင်းတာပဲ"

"ကျွန်တော်က ထဘီနားခိုစားရမယ့် ယောက်ျားမျိုးလား အနိတ်တီလေးရယ်၊ ကျွန်တော့်ဘဝကို အဲ့ဒီလိုကြီးဖြစ်အောင်တော့ မလုပ်ပါနဲ့လား"

"စိတ်ကူးမလွဲနဲ့ ငါ့တူရယ်၊ မျက်မှောင်ကြီးကို ဖြည်လိုက်စမ်း"

"အေးဟယ်. . . ငါ့မှာ လွှတ်သာလွှတ်လိုက်ရတာ ရင်တမမနဲ့၊ တို့တူက အေးပါဘိသနဲ့။ ပုလဲစိမ်းများ ငြင်းလေမလားလို့။ ခုမှပဲ ရင်အေးရတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရာညီအစ်မနှစ်ယောက်က အတိုင်အဖောက်ညီညီပြော ဆိုနေကြတော့ တစ်ရှိန်လုံး တိတ်ဆိတ်နေတဲ့ ဦးငယ်က သူ့ကို အေးသေရာရာအကဲခတ်ကာ. . .

"မင်းစိတ်ထဲမှာ ဘယ်လိုနဲ့ ဘာကိုတွေးနေသလဲ ခေး"

ဟု လူရာသွင်း,မေးလာပြန်တော့ သူက ရင်ထဲကဆန္ဒ အတိုင်းကြီး အဲဒီမိန်းမကို မနှစ်သက်ပါဘူး, ထပ်မတွေ့ချင်ပါဘူး ဟု ပြေပစ်ချင်ပါသော်လည်း အုဝဲဘဝကတည်းက မိခင်သဖွယ် စောင့်ရှောက်လာခဲ့ကြသည့်အဒေါ်နှစ်ယောက်ရဲ့ စိတ်အားထက် သန်မှုများကြောင့် သူ ထိုသို့မပြောဝံ့ပါချေ။

ဒီအဒေါ်နှစ်ယောက်ရဲ့ကျေးဇူးတွေက သူ့အပေါ် များ ပြားလွန်းလှတယ်လေ။ သူ့ကြောင့် အိမ်ထောင်ရေးကိုစွန့်ကာ အပျိုကြီးဘဝနှင့်အရိုးထုတ်ဖို့ ရွေးချယ်ထားကြတဲ့ ဒီအပျိုကြီး နှစ်ယောက်ရဲ့စေတနာနှင့်ဆန္ဒတွေကို သူက ဘယ်လိုမသိတတ် မှုမျိုးနဲ့ အတင်းငြင်းဆန်ဝံ့မှာတဲ့လဲ။ သေချာတာက သူ့မှာ ထိုသို့ ကလန်ကဆန် ပြုမူနိုင်သည့်စိတ်ခွန်အားမျိုးနှင့်သတ္တိတို့ လုံးဝ ရှိမနေခဲ့တာပါဘဲ။





"ဟိုဟိုဒီဒီလျှောက်မတွေးနဲ့ ခေး။ မင်းရဲ့ပတ်ဝန်းကျင် မှာ ပုလဲစိမ်းထက်သာတဲ့လူ ရှိသလား။ ရှိရင် လက်ညှိုးထိုးပြ ခဲ့။ ငါ့မာနတွေ ကျချင်ရင် ကျပါစေ, ဒူးထောက်တောင်းပန်ပြီး မင်းနဲ့ပေးစားမယ်"

ဟု အန်တီလေးက စိတ်အားထက်သန်စွာဆိုတော့ သူ က မဝံ့မရဲပင်. . .

"ကျွန်တော် လက်မထပ်ချင်သေးဘူး"

"ဘာ!"

နှစ်သံပြိုင်ပြီး ထွက်လာသော ထိုအာမေဍိတ်သံကို သူ လန့်သွားမိသည်မှာ အမှန်ပါပဲ။

"လက်မထပ်ချင်လို့ မင်းက ဘာလုပ်ဦးမှာလဲ။ မင်းရဲ့ အသက်ကိုလည်း ကြည့်ဦး။ အခုပဲ နှစ်ဆယ့်ခွန်ထဲမှာ ရှိနေပြီ။ မင်းလက်ထက်ကျမှ မျိုးဆက်ပြတ်မခံနိုင်ဘူး။ မင်းလက်ထပ်ရ မယ်"

"ဒါပေမဲ့ ကျွန်တော်, ပုလဲစိမ်းကိုမကြိုက်ဘူး"

"မင်းပါးစပ်က ဒီလိုစကားမျိုး ထွက်နိုင်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နေကြစမ်းပါဦး"

ဟု ဦးဝေယံက ဟန့်တားလိုက်တော့မှ အခေါ်နှစ်ယောက်ခဲ့ ရှာကျွယ်ကျွယ်အသံများမှာ ခေတ္တစဲသွားရပါ၏။ သည့်တော့မှ သူ ရှည်နေသည်းအသက်ရှူချောင်သွားရပါသည်။

ယောက်ျားကြီးတန်မဲ့ အင်မတန် ပစိပစပ်များလွန်းသော ဦးဝေယံကို ပထမဦးဆုံးအကြိမ်အဖြစ် ကျေးဇူးတင်သွားမိပါသည်။

"ကဲ! ပြော, ငါ့တူလေး။ ပုလဲစိမ်းကို ဘာလို့သဘော မကျတာလဲ။ အချက်အလက် တိတိကျကျပြော"

ဟုဆိုတော့ သူပြောမှာက တစ်လုံးတည်းပင်။

"မာနများက်နှာမျိုးမို့"

"ဘာ. . . မာနမျက်နှာ"

"အင်း"

"အရှုး. . . ရှုးပြီးသာ, သေ"

ဟုဆိုပြီး ဒေါ်လေးဝေယံက သူ့ကျောကုန်းကို လာထု၍ သူ့မှာ ကျိတ်မှိတ်၍ အောင့်ခံထားရပါသည်။

"အဲဒါ ထက်မြက်တာ၊ ထက်မြက်လို့ပဲ မင်းနဲ့ပေးစား





ချင်ခဲ့တာ။ ကဲ, ပြော၊ မင်းမှာ ခုချိန်ထိ အလုပ်အကိုင်ရှိသလား"

"မှာ! "

ဒီစကားက သူ့မာနကို ထိခိုက်သည်ဟု ထင်ပါသည်။

"မင်းမှာ သူ့ထက်သာတဲ့အရည်အချင်း ဘာရှိသလဲ။ အေး, ငါတို့က မင်းကိုကျွေးနိုင်လှ နောက်အနှစ်နှစ်ဆယ်ပေါ့။ မင်းက ဒီ့ထက်ပိုကြာအောင် လူလုပ်ရဦးမယ်။ မင်း ဦးနှောက် မရှိဘူးလား"

ဟုဆိုတော့ သူ့ရင်ထဲ ကြေကွဲရပါသည်။ ပြီးတော့ ဒေါသလည်းဖြစ်ရပါ၏။ အလုပ်လုပ်ပါ့မယ်လို့ပြောတုန်းက တားမြစ်ပိတ်ပင်ခဲ့သူတွေက ဘယ်သူတွေလဲ။ သူတို့တွေအားလုံးရဲ့ ကိစ္စအဝဝမှာ ပျာတာဘာဝနဲ့နေစေခဲ့တာ ဘယ်သူတွေလဲဟုအော်ပြီး သောင်းကျန်းပစ်ချင်မိပါသည်။ သို့သော် ရွေမျိုးရင်းချာ ကျေးဇူးရှင် ထမင်းရှင်တွေမို့ ဒေါသကိုသာ ကျိတ်မှိတ် မြိုသိပ် နေရပြန်ပါသည်။

"ဘာပဲဖြစ်ဖြစ် ကျုန်တော် အဲ့ဒီမိန်းမနဲ့ ထပ်မတွေ့ဘူး"

"တွေ့ရမယ်. . . တွေ့ကိုတွေ့ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု အဒေါ်နှစ်ယောက်က တိုင်ပင်ထားသလို သံပြိုင်ဆိုတော့ သူက စိတ်ပျက်စွာပင် နေရာမှ ချက်ချင်းထရပ်ကာ ထွက်လာခဲ့ပါတော့သည်။

"ဒီတစ်ကြိမ်မှာတော့ မင်းတို့နှစ်ယောက် လွန်တယ်"

"ဘာ! အစ်ကိုလေးက ဘာသိလို့လဲ"

"သိပါတယ်, ဒါပေမဲ့ ခေးက ခုချိန်မှာ အရွယ်ရောက်နေပြီ. . . သူ စဉ်းစားတတ်နေပြီ။ သူသဘောမကျရင် အတင်းအကြပ်မစီစဉ်ပါနဲ့။ သူ တကယ်သဘောမကျလို့ ခုလိုပြောသွားတာ။ ဘယ်တုန်းက အဲဒီလိုပြောခဲ့ဖူးလို့လဲ"

ဟု ဦးနေလက,ဆိုတော့. . .

"အစ်ကိုလေး မသိပါဘူး။ အစ်ကိုလေး သိတာက စာအကြောင်း သမိုင်းကြောင်းပါပဲ။ ခုက အိမ်ထောင်ရေး"

"ဟုတ်တယ်၊ ခေမာတော့ တစ်ဦးတည်းသောတူလေးကို စိတ်ချချင်တယ်"

"ခေးက သစ်ရိုင်းတုံးလည်း မဟုတ်ဘူး။ ရှေးဟောင်းပန်းပုရုပ်လည်း မဟုတ်ဘူး။ စဉ်းစား. . ."





"အစ်ကိုလေး ဘယ်လိုဖြစ်နေတာလဲ"

"မင်းတို့နှစ်ယောက်က ညံ့လွန်းတာ၊ မင်းတို့တူက မင်းတို့ကို ဘယ်တုန်းက ခုလိုအတိုက်အခံပြောဖူးလို့လဲ။ ခုက သူတကယ်. . ."

"အစ်ကိုလေး ပြောသလိုပဲ, ခေးက သစ်ရိုင်းတုံးမဟုတ်ဘူး။ လူ, ခံစားတတ်တယ်၊ ပုလဲစိမ်းလို သားနားစမတ်ကျတဲ့ အလှဘုရင်မလေးဆီမှာ မပျော်ဝင်နိုင်ဘူးလို့ အစ်ကိုလေးက ပြောချင်တာလား။ အဲလောက်ထိရော ခေးကို အစ်ကိုလေးက အာမခံနိုင်လို့လား။ အလကားပါ. . . ဟန်ဆောင်နေတာ"

ဟု မာလာက ထုံးစံအတိုင်း လိုရာဆွဲပြောသည်တွင် ဦးနေလမှာ ထုံးစံအတိုင်း လက်လျှော့ကာ. . .

"မပြောလိုဘူး, မင်းတို့နှစ်ယောက်ကို ပြောလို့လည်း နိုင်မှာမဟုတ်ဘူး"

"မနိုင်ရင်လည်း ပူးပေါင်းပေါ့၊ ကောင်းကျိုးပဲ"

ဟုဆိုတော့ ဦးနေလမှာ သက်ပြင်းကိုရှိုက်ကာ ထွက်လာခဲ့ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကြောင့်မှန်းမသိ၊ ဒီကိစ္စကိုတော့ ဦးနေလရင်ထဲ [illegible]။

* * *



## အခန်း (၃)

"ခေးရေ. . . ခေး"

ဟုအော်ခေါ်တော့ ကွန်ပျူတာဂိမ်းဆော့နေသောသူက မောက်စ်ကိုချကာ. . .

"ရှာ"

ဟုလည်း တစ်ဆက်တည်းထူးရင်း အခန်းပြင်ထွက်လာခဲ့တော့ ဒေါ်လေးငယ်က သူ့ကို ကတ္တီပါဘူးတစ်ဘူး လှမ်းပေးပါသည်။

"ဒါကို မီမီတို့အိမ်ကို သွားပို့လိုက်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုတော့ သူက ထုံးစံအတိုင်းပင် ထိုဘူးကိုလှမ်းယူကာ. . .

"ပိုက်ဆံရော ယူခဲ့ရဦးမှာလား"

"ပေးရင် ယူခဲ့၊ မပေးရင်လည်း နေပါစေ။ ခုပဲ သွားလိုက်နော်။ ပြန်လာရင် ဂမုန်းပွင့်လမ်းချိုးထဲက ရှမ်းတို့ဟူး ဝယ်လာခဲ့။ သုံးစရာငွေရော ကျန်သေးသလား"

"အင်း, ရှိပါသေးတယ်"

"မင်းရဲ့ဘတ်စာရင်းထဲကို ငါးသိန်းဖြည့်ထားပေးတယ်၊ လိုရင်သုံးပေါ့"

"ဟုတ်"

"မြန်မြန်ပြန်လာနော်, ဒေါ်လေးရဲ့ကားက ပျက်နေလို့ ညနေဘက် ဘုရားမသွားရဦးမယ်"

"ဟုတ်ကဲ့"

ဟုဆိုကာ စိန်ပွဲစားဟုအမည်တွင်သော ဒေါ်လေး ဒေါ်မာလာရဲ့ရှေ့မှ လှစ်ခနဲထွက်လာပြီး နံရံမှ ကားသော့ကိုဆွဲကာ ဆင်းလာတော့. . .





"အေး. . ,"

ဟူသော ထပ်မံခေါ်သံကို ကြားလိုက်ရပြန်ပါသည်။

"ဘာပြောမလို့လဲ အန်တီလေး"

"ဘယ်သွားမလို့လဲ"

"ဒေါ်လေးငယ်က ဒါပို့ခိုင်းလို့"

ဟုဆိုကာ ကတ္တီပါဘူးကို ထောင်ပြလိုက်တော့. . .

"ဪ, အတော်ပဲ၊ သားပြန်လာရင် ဖဟိုချက်ကို ဝင်ခဲ့ပါလား။ ဟိုတစ်ခါအပ်ထားတဲ့ ပွဲတက်ဝတ်စုံ ရပြီတဲ့၊ အဲဒါတစ်ခါတည်း ဝင်ရွေးပေးခဲ့"

"စမ်းမဝတ်ကြည့်တော့ဘူးလား"

"အတော်ပဲနေမှာပါ"

"ပိုက်ဆံရှင်းပြီးသားလား"

"ရတယ်, ယူသာယူလာခဲ့ပါ၊ အောင်နိုင်က လူရင်းတွေပဲ၊ နောက်မှပြောလို့ရတယ်။ ပြီးတော့ ရုံးကိုလည်း ခဏဝင်ခဲ့ဦး။ ရော့ ဒီမှာသော့၊ အန်တီလေးရဲ့စားပွဲက ဒုတိယအံဆွဲထဲမှာ ဖိုင်အဝါလေး ရှိတယ်။ အဲဒါပါ တစ်ခါတည်းယူလာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုတော့ သူက အန်တီလေးလက်ထဲမှသော့ကို ဖြုတ်ယူလိုက်ပြန်ကာ. . .

"ဒါပဲလား"

"နေစမ်းပါဦး၊ မလေးက ဒါပို့ရုံသက်သက်ပဲ မင်းကိုလွှတ်တာလား"

"မဟုတ်ဘူး၊ ရှမ်းတို့ဟူးပါ ဝယ်နိုင်းတယ်"

"စားချင်ရင် ကိုယ့်ဘာသာ ထွက်စားပေါ့၊ မထူးပါဘူး၊ လမ်းကြုံတာပဲ၊ အန်တီလေးအတွက်ပါ ဝယ်လာခဲ့"

ဟုဆိုသော အင်္ဂလိပ်စကားပြောသင်တန်းဖွင့်ထားသော အန်တီလေးကပြောလျှင် သူက ဟုတ်ကဲ့ပေါ့။

"ဒေး"

"ဗျာ. . . ဦးငယ်"

"မနက်ဖြန်ကို ဦးငယ်ကို ပဲရှုးလိုက်ပို့ကွာ"

"ဗျာ!"

"ကားမမောင်းနိုင်ဘူး။ မျက်စိက မှုန်မှုန်နဲ့။ တတမ်းဖတ်ပွဲလေ၊ အဲဒါ သွားရမှာ၊ နေ့ချင်းပြန်ပါပဲ။ မင်းလည်း ဗဟုသုတ

ရတာပေါ့"

"ဟုတ်"

"ခုက ဘယ်လဲ"

"အန်တီလေးနဲ့ ဒေါ်လေးငယ်ကိုစွပါ"

"ကားလည်း သတိထားမောင်းဦးနော်။ ဒါနဲ့ မင်းရဲ့ဘဏ်စာရင်းထဲကို ဦးငယ် သုံးသိန်းထပ်ဖြည့်ထားပေးတယ်"

ဟုဆိုတော့ သူက ဘာမှပြန်မပြောတော့ပါဘဲ ခေါင်းလေးငုံ့ပြီးသာ ထွက်လာခဲ့ပါတော့သည်။

သူ့ဘဝကတော့ ဒီလိုပါပဲ၊ အဒေါ်တွေ ဦးလေးတွေ ပေးတာ ယူမည်၊ ခိုင်းတာ လုပ်မည်၊ မိမိနှာခေါင်းနှင့်အသက်ရှူနေရပါသော်လည်း အဒေါ်တွေ ဦးလေးတွေကပေးသည့်ဘဝဟု ဆိုရပေလိမ့်မည်။

အသက်နှစ်ဆယ့်ခုနစ်နှစ်ရှိပြီဖြစ်တဲ့ ယောကျ်ားလေးတစ်ယောက်မှာ ခုချိန်ထိ ကိုယ်ပိုင်အလုပ်လေးမှ မရှိရင် ဘာဆက်လုပ်မှာတဲ့လဲ။ သို့သော် ခေးကတော့ အလုပ်မရှိဘူးလည်းမဟုတ်၊ နိုဘယ်လည်းမဟုတ်ပါဘဲ ခွကျကျဘဝတစ်ခုတွင် ကန့်လန့်ရပ်

www.burmeseclassic.com



တည်နေရပါသည်။

တကယ်တော့ ခေးရဲ့စိတ်ရင်းကတော့ မိမိရဲ့ဆုံးဖြတ်ချက်နဲ့ ဘဝကို မိမိစိတ်ကြိုက်အလုပ်နှင့် ဖြတ်သန်းချင်သူပါပဲ။ သို့သော် များပြားလှန်းလှတဲ့ အဒေါ်တွေဦးလေးတွေရဲ့ကိစ္စအဝဝနှင့်ပင် တောက်တိုမယ်ရလေးဖြစ်မှန်းမသိဖြစ်နေရ၍ မိမိဘဝကို စိတ်ပျက်နေမိသူပါ။

ရံဖန်ရံခါတွင် မိမိရဲ့စိတ်ကို မိမိမယုံကြည်ရဲတော့ပေ မိမိရဲ့စိတ်တွေနဲ့ အရည်အသွေးတွေက ကုန်ဆုံးကုန်ပြီလား။ ပြီး တော့ မိမိဟာ ဘယ်လိုလူမျိုးလဲ၊ ဘာဖြစ်ချင်သည့်လူမျိုးလဲ ဘာလုပ်ချင်သည့်လူမျိုးလဲဆိုတာကိုပင် ကောင်းကောင်းမတွေ့ တတ်တော့ပါချေ။

အဒေါ်တွေ ဝယ်ပေးသမျှ ဝတ်, ခိုင်းသမျှကို ဟုတ်ကဲ့ ဆိုတဲ့နှစ်လုံးလေးနှင့် ခေါင်းငုံ့နေတဲ့သူ့ဘဝမှာ ယုံကြည်မှုဆိုတ ဘာလဲ။ သတ္တိက ဘာမှာလဲဆိုတာကိုပင် မသိနိုင်သူတစ်ယော ဖြစ်ခဲ့ရပါသည်။

သို့သော် ထိုဘဝမှာ သူက နေသားကျနေပြီမို့ မိမိဘ





ကို မနှစ်သက်လှပါသော်လည်း ငြင်းပယ်ခြင်းတော့ မရှိခဲ့ပါ။

သူ့အခြေအနေက တောင်ကုန်းတွေ ချိုင့်ဝှမ်းတွေ မရှိတဲ့ရေပြင်ညီမို့ သူလျှောက်လှမ်းနေရတဲ့ဘဝလမ်းက ရင်ခုန်စိတ်လှုပ်ရှားဖွယ်မရှိ၍ ပျင်းဖို့အကောင်းသားပင်။

အခုလည်း အဒေါ်တွေ ခိုင်းသမျှ တောက်တိုမယ်ရ အလုပ်တွေကို တစ်ခုပြီးတစ်ခု လုပ်နေခဲ့ပြန်ပါသည်။

သည်တွင် အန်တီလေးခိုင်းသော ရုံးမှ ဖိုင်အဝါကိုယူပြီး ပြန်ဆင်းလာခဲ့သည်တွင် မထင်မှတ်ထားပါဘဲ ပုလဲစိမ်းနှင့် လှေကားအဝင်အထွက်မှာပင် တည့်တည့်တိုးခဲ့ရပါသည်။

သို့သော် သူက ထိုမိန်းမကို မနှစ်သက်သူမို့ မမြင်ချင်ယောင်ပြုကာ ကျော်သွားမည်အပြုတွင် . . .

"သိနေကြတဲ့သူတွေပဲ၊ မထင်မှတ်ဘဲတွေ့တာ နှုတ်ဆက်သင့်ပါတယ်"

ဟူသောအသံကို အရှိန်အဝါတစ်ခုက မိမိကိုလာဟပ်သလို ကြားသိခံစားလိုက်ရပါသည်။

"မမြင်လို့ သတိမထားမိလို့တော့ မပြောနဲ့နော်။ ဒီလမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာ ရှင်နဲ့တို့ နှစ်ယောက်တည်း။ လူရှင်းနေတယ်"

"မင်းကို ဘာကိစ္စနဲ့ ငါက လိမ်ညာပြောရမှာလဲ"

"ဘာကြောင့် မခေါ်တာလဲဆိုတာ သိချင်ပေမယ့် ဆက်မမေးတော့ပါဘူး"

ဟုဆိုတော့ သူက မဲ့ပြုံးလေးဖြင့်သာ တုန့်ပြန်ကာ ထွက်သွားမည်အပြုတွင်...

"တို့နဲ့ကော်ဖီလိုက်သောက်ပါလား"

ဟု ထပ်မံဆိုလာပြန်တော့ သူက ထွက်ခွာမည့်ခြေလှမ်းကို ဆိုင်းငံ့ထားပြီး သူမကိုအကဲခတ်လိုက်ပါသည်။

"တို့က တစ်ယောက်တည်းမို့ပါ၊ လူကြီးလူကောင်းဆိုရင် မိန်းကလေးတစ်ယောက်က သိက္ခာရှိရှိဖိတ်ခေါ်ရင် မငြင်းရဘူး"

ဟု သူ့ကိုချည်ပြီးတုပ်ပြီး ပြောလာပြန်တော့ သူက ခပ်ညံ့ညံ့ယောက်ျားတစ်ယောက်မို့ ထပ်ပြီးမငြင်းတော့ဘဲ သဘောတူသွားရပြန်ပါသည်။ သူနှင့်သူမက ပထမထပ်ရှိ ကော်ဖီဆိုင်ထဲသို့ ဝင်လာခဲ့ကြပါသည်။





တိုကော်ဖီဆိုင်က အေးစိမ့်စိမ့်လေးဆိုပေမယ့် သူ့ရင်ထဲမှာတော့ ပူလောင်နေလှပါသည်။ ဖြစ်နိုင်လျှင် ထိုမိန်းမနဲ့ သူ ထပ်မတွေ့ချင်တော့ပါ။

"ဘာကော်ဖီကြိုက်သလဲ"

"ကျွန်တော့်ကို အရင်ဆုံး ရေတစ်ခွက်ပေးပါ။ ပြီးမှ မှာမယ်"

ဟုဆိုတော့ သူမက သူ့ကိုကြည့်ပြီး လှစ်ခနဲပြုံးလိုက်ပါသည်။

"တို့လည်း နောက်မှမှာမယ်"

ဟု သူ့နည်းတူပြောတော့ သူက သူမကို သူငယ် ရန်တွေ့ပင် ငါလုပ်သလို လိုက်မလုပ်နဲ့ဟု ပြောပစ်ချင်လှပါသည်။

"ရှင်က တော်တော်ထူးဆန်းတဲ့လူပဲ, နော်"

"ဘာ!"

"တို့နဲ့ကော်ဖီအတူသောက်ဖို့ ပထမဆုံး ဖိတ်ခေါ်ဖူးတဲ့ လူဟာ ရှင်ပဲ နော်"

"အဲတော့ ငါက ကံထူးရှင်ဆိုတဲ့သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း. . . အဲဒီလို သက်ရောက်သွားလို့လား"

ခုမှ ဘာရှုံချင်ယောင်ဆောင်နေတာလဲ။ မင်းပြောလိုက်တာ အဲ့ဒီသဘောမျိုးပဲဟု ရင်ထဲမှာပဲ ကျိတ်မနိုင်ခဲမရပြောနေမိပါသည်။

"ပြီးတော့ တို့ကိုမနှစ်သက်ဘူးလို့ပြောတဲ့ယောကျ်ားကလည်း ရှင်ဟာ ပထမဆုံးပဲ"

"ကိုယ့်ကိုယ်ကိုအထင်ကြီးလှချည်လား ပုလဲစိမ်း"

"အဲဒါကြောင့် ရှင့်ကိုရွေးချယ်လိုက်တာပဲ၊ ရှင်က သူများနဲ့မတူဘူး"

"ဘာ. . . ရွေးချယ်တယ်"

"အင်း, ရှင့်ကို ယာယီအားဖြင့် ရွေးချယ်ထားတယ်"

"မင်း မြန်မာစာ သိပ်မတတ်ဘူးထင်တယ်"

"ဘာလို့လဲ"

"စကားတစ်ခွန်းကို ပြောမယ်ဆိုရင် အဲဒီစကားလုံးရဲ့ အဓိပ္ပာယ်ကိုနားလည်မှ သုံးသင့်တယ်"

"ရှင် ဘာကိုဆိုလိုတာလဲ"





"ငါ့ကိုရွေးတယ်မရွေးဘူးပြောရအောင် ခုချိန်ထိ မင်းကို ငါက ရွေးချယ်ခွင့်ပေးမထားသေးဘူး"

"တို့စိတ်ကိုတော့ ရှင်စေခိုင်းလို့မရဘူး, ခေး"

"ငါ့ကိုလည်း စကားလုံးနဲ့မချည်နှောင်နဲ့"

"ရှင့်အခေါ်နှစ်ယောက်က တို့ကိုကမ်းလှမ်းထားတယ်၊ တို့မှာ ရွေးချယ်ခွင့်, ပယ်ချခွင့် အပြည့်အဝရှိတယ်"

သူ ခံပြင်းသွားရပါသည်။ ဒီဆောင့်ကြွားကြွားမိန်းမဆီမှာ သူ့ကို ချောက်ထဲပိတ်ထားချင်သလား။

"ရှင်က ကန့်ထဲကငါးပဲ၊ ရေလှဲ့ပေါက်အတိုင်းပဲ ရှင်က သွားခွင့်ရှိတယ်၊ ရေမရှိရင် သေရမယ့်,ရှင့်ဘဝပဲ"

"ဘာ!"

"တို့ကိုချဉ်းကပ်လာတဲ့ ယောကျ်ားတွေထဲမှာ ရှင် အထူးခြားဆုံးပဲ၊ အပျင်းပြေတွေ့ခဲ့တာဆိုပေမယ့် တို့ကိုငြင်းတဲ့ရှင့်ကို တို့ လက်ခံတယ်၊ တို့ကိုငြင်းခဲ့တဲ့ရှင်က ကံကောင်းတာပဲ။ တို့က နည်းနည်းကွဲထွက်တာကိုမှ ပိုပြီးစိတ်ဝင်စားတယ်လေ"

"ဘာ. . . ကံကောင်းတယ်,ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါသထွက်လွန်း၍ ဘာစကားလုံးမှ ရှာမရနိုင်တော့ပါ။ အခေါ်တွေလုပ်ပုံနှင့်တော့ သူက အရုပ်တစ်ရုပ်လို သက်မဲ့ဖွဲ့စည်းလိုပင် သူ့မနှုတ်ဖျားမှာ တန်ဖိုးမဲ့လောက်အောင် ဖြစ်ရပါသည်။

သူက. . . သက်ရှိလူသားပါ၊ မာနရှိတဲ့ယောကျ်ားတစ်ယောက်ပါ။ သူ့မာနတွေ ဘယ်မှာလဲ၊ သူ့သိက္ခာတွေ ဘယ်မှာလဲ။

ဒီမိန်းမသာ ပုရွက်ဆိတ်လေးတစ်ကောင်သာဆိုပါလျှင် လက်ဖဝါးထဲတွင် မှုန့်မှုန့်ကြေအောင် ချေပြီး အငေးဆုံးရောက်သွားအောင် ဖူးခနဲမှုတ်ထုတ်ပစ်ချင်လှပါသည်။

ဘယ်လိုမိန်းမမျိုးလဲ. . . ဘယ်လိုမိန်းမလဲ. . .

"မင်းက ငါ့ကို ဟန်လုပ်ငြင်းနေတယ်များ မင်းရဲ့စိတ်ထဲ သတ်မှတ်ထားသလား ပုလဲစိမ်း"

ဟုဆိုတော့ သူမက ဒေါသရောင်နှင့် နီမြန်းနေသော သူ့မျက်နှာကို မထီတရီပင်ကြည့်ပြီး လှပစွာပြုံးနေခဲ့ပါသည်။

ဘယ်လိုမိန်းမမျိုးလဲ၊ ယောကျ်ားတစ်ယောက်ရဲ့ဒေါသ





က သူ့အတွက် ပျော်စရာကာတွန်းကားများ မှတ်နေရော့သလား။

"ငါ့ကို အပျင်းပြေတွေ့တယ်, ဟုတ်လား။ ယောကျ်ားတစ်ယောက်ကို အပျင်းပြေတွေ့ရလောက်တဲ့အထိ မင်းသိက္ခာက ဘာလဲ ပုလဲစိမ်း။ မင်းက ဘယ်လိုမိန်းမလဲ"

"ရှင်တွေ့ဖူးသမျှတွေနဲ့မတူတဲ့ ထူးခြားတဲ့မိန်းမပေါ့။ ယောကျ်ားတစ်ယောက်ကို,ဟုတ်လား၊ ရှင်က မြန်မာစာတော်တော်လေး သိတတ်တော့ ရှင့်ကို အဓိပ္ပာယ်ဖွင့်နိုင်းပါဦးမယ်၊ အဲဒီစကားက ဘာအဓိပ္ပာယ်လဲ"

သူ နားမလည်ပါ။ ပုလဲစိမ်းရဲ့ဟန်ပန်နှင့် ထိုအသုံးအနှုန်းမျိုးကိုပေါ့။

"ယောကျ်ားလို့ ဘယ်လိုလူမျိုးကို ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ အဲဒီလို ပညတ်ချက်ကြီးကြီးပေးပြီး သတ်မှတ်ခဲ့တာလဲ။ ဘယ်လိုလူကိုမှ အဲဒီလိုခေါ်နိုင်မလဲ"

"ဘာ. . ."

သူ သဘောပေါက်သွားရပါသည်။

ပုလဲစိမ်းရဲ့စကားလုံးက သူ့ကိုရည်ညွှန်း ပုတ်ခတ်နေ



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာကိုပေါ့။

"ဟင်းဟင်း. . . စီးပွားရေးခေတ်မှာ ဘယ်အရာမဆို စီးပွားရေးနဲ့ပဲ တိုက်ခိုက်ကြတယ်၊ ရှင့်အခေါ်တွေကလည်း တို့ရဲ့ပိုင်ဆိုင်ထားတဲ့အရည်အချင်းနဲ့ ဂုဏ်ပုဒ်တွေကြောင့်ပဲ တို့ကို ကမ်းလှမ်းခဲ့တာပါ။ တို့က လမ်းဘေးက အညတရဆိုလည်း ပပဝတီရှုံးလောက်အောင် လှနေပါစေဦး၊ ဂရုစိုက်ကြမှာမဟုတ်ပါဘူး။ ဒါကြောင့် တို့ ဘယ်သူ့ကိုမှ ဂရုမစိုက်ချင်ဘူး။ ဒါပေမဲ့ ရှင့်ကိုတော့ တို့ သတိပြုမိသွားတယ်၊ အဲဒါ ရှင့်မျက်လုံးမှာ ငွေနံ့တွေ ကပ်မနေလို့ဘဲ"

"ငါက ပျော်ရမှာလား။ ဟွန်း. . . ရယ်စရာကောင်းလိုက်တာ"

"ဂူတစ်ဂူထဲမှာ ခြင်္သေ့နှစ်ကောင် အောင်းလေ့မရှိဘူး။ ခြင်္သေ့နဲ့ကျားဆိုလည်း တစ်မျိုးပေါ့။ ကျားနဲ့သမင်ငယ်ဆိုလည်း ဖြစ်တာပဲ"

"မင်းစကားတွေက သိပ်ကိုတင်စီးလွန်းတယ် ပုလဲစိမ်း။ မင်းကိုယ်မင်း ခြင်္သေ့မကြီးလို့များ ထင်နေသလား။ မင်းလည်း





ကျားမဟုတ်သလို ငါကလည်း သမင်မဟုတ်ဘူး"

"ဟားဟား. . . အဲဒါ ရှင့်ဟာရှင် သတ်မှတ်တာနော်။ တို့ ဘာမှမပြောရသေးဘူး"

"မင်းစောင့်ကြည့်လိုက်ပါ ပုလဲစိမ်း။ မင်းရဲ့သတ်မှတ်ချက်က သိပ်စောနေသေးတယ်။ အောင်မြင်တယ် ရှုံးနိမ့်တယ် ဆိုတာ စာမေးပွဲကိုမကျော်ဘဲနဲ့တော့ မသိနိုင်ဘူး"

"စိတ်ဝင်စားစရာပဲ၊ ရှင့်ကို ယုန်ကလေးလို့ထင်နေတာ၊ ဟွန်း,ဟွန်း. . . ပုလဲစိမ်းတို့ရဲ့ ကစားပွဲတော့ လှဦးမယ်"

ဟု သူမက မိမိကိုယ်ကို ယုံကြည်မှုအပြည့်နှင့် ပြောလျှင် သူက သူမကို စူးစိုက်စွာကြည့်ပြီးမှ ထရပ်လိုက်ပါသည်။

"ဩော်, သွားတော့မလို့လား။ အစားအသောက်တောင် မမှာရသေးဘူးလေ၊ တို့က ရှင့်ကိုကျွေးမွေးဧည့်ခံချင်သေးတာ"

ဟုဆိုတော့ သူက အင်္ကျီအိတ်ထဲမှ ငွေငါးရာတန်တစ်ရွက်ကိုထုတ်ပြီး စားပွဲပေါ်တင်ကာ. . .

"လူတိုင်းဟာ ကိုယ်စီမာနရှိတယ် ပုလဲစိမ်း။ အဲဒါကို မင်းရဲ့ခေါင်းအကြီးကြီးထဲမှာ အကျယ်ကြီးထည့်ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုပြီးသာ ထွက်ခဲ့ပါတော့သည်။

ပုလဲစိမ်းမှာ ဒေါသဖြစ်မနေတော့ဘဲအပြင် အလှပဆုံးပြုံးနေမိပါသေးသည်။ သူမ ခေးကို သဘောကျသွားမိပါ၏။ တဖြည်းဖြည်းနှင့် ခေးက စိတ်ဝင်စားစရာကောင်းသည်ဟု ထင်လာရပါသည်။

သူမကို အရောင်တောက်တောက်ကြည့်တတ်သော ခပ်ထက်ထက်မျက်လုံးရွဲများနှင့်စာလျှင် အရောင်မှိန်မှိန် ရိုးစင်းသော ထိုမျက်လုံးရိုင်းလေးက ပိုပြီး သူမရဲ့စိတ်ကို ဆွဲဆောင်ထားနိုင်ပါသည်။

ပုလဲစိမ်းကိုချစ်တယ်၊ လက်ထပ်ပါရစေဟု ဂုဏ်သိက္ခာရှိတဲ့လူများစွာ၏ ကမ်းလှမ်းမှုကို ရရှိထားခဲ့ပေမယ့် သူမက ငြင်းပယ်ခဲ့သည်ချည်းသာ ရှိခဲ့ပါသည်။ သူမ စိတ်မဝင်စားပါ။ သူမရဲ့စိတ်ထက် သူမရဲ့အရည်အချင်းတွေနှင့် အလှတရားတွင်သာ ယစ်မူးနေကြတဲ့ ထိုယောကျ်ားတွေကို လုံးဝအထင်ကြီး၍မရခဲ့သောကြောင့်ပါ။

လူကြားကောင်းအောင် အသိပညာရှိရှိနှင့် ယဉ်ယဉ်





ကျေးကျေးလေး ငြင်းခဲ့သည်ဆိုပေမယ့် ထိုယောကျ်ားတွေကို သူမရဲ့စိတ်က လူမသိသူမသိလှောင်ရယ်နေခဲ့ပါသည်။

ယောကျ်ားဆိုတာ အားလုံးဘာထူးလို့လဲ။ ရုပ်ရည်က မလှ၊ ဘာပိုင်ဆိုင်မှုမျိုးမှ မရှိတဲ့မိန်းမကို လက်ထပ်ပါရစေဟု ရူးရူးမိုက်မိုက်တောင်းဆိုဝံ့ကြလို့လား။ အိမ်ထောင်ရေးကိုတောင် ကိန်းဂဏန်းနှင့် တွက်ချက်တတ်ကြသည့် သူမရဲ့ပတ်ဝန်းကျင်ကို သူမ ရယ်ချင်မိပါသည်။

ဒါကြောင့် ဘယ်တုန်းကမှ လက်ထပ်ဖို့စိတ်မဝင်စားခဲ့ပါ။ သူမစိတ်ကိုယှိုင်အောင် စွမ်းဆောင်နိုင်မည့်ယောကျ်ားမျိုးလည်း မရှိနိုင်ဘူးဟု ယုံကြည်မိခဲ့ပါသည်။

သို့သော် သူမကို လုံးဝစိတ်မဝင်စားပါဘူးဆိုပြီး စတင်ခဲ့သည့် အလုပ်အကိုင်သတ်သတ်မှတ်မှတ်မရှိသေးသည့် ထိုသို့သောယောကျ်ားတစ်ယောက်ကိုတော့ သူမ ပထမဆုံး စိတ်ဝင်စားမိပါသည်။ ထိုယောကျ်ားမျိုးက သူမလိုမိန်းမမျိုးကို ငြင်းတယ်ဆိုတော့ သိပ်စိတ်ဝင်စားစရာကောင်းသည်ဟု ထင်မိသွားလို့ပါ။

ပထမတော့ သူမကိုစိတ်ဝင်စားလာအောင် စတင်တွင်



www.burmeseclassic.com

www.burmeseclassic.com



သည်တဲ့ သက်ကမကောင်းဖြစ်ခဲ့ပါသည်။ ဖြစ်လေမပေါ့၊ တစ်သက်လုံးတာ သူတစ်ပါး၏စိတ်ဝင်စားခြင်း၊ အရေးပေးခံရခြင်းတို့ကြား နေလာခဲ့ရသည့်သူကို။

သို့သော် သူ့ရဲ့မျက်ဝန်းနောက်ကွယ်မှာ သူမ ရှာတွေ့လိုက်သည်က ထိုလူက သူမကို အမှန်တကယ်မနှစ်မြို့ခြင်းတွေပါပဲ။

သူမ အံ့ဩရပါသည်။ သူလို ဘာမှမရှိသေးတဲ့ သာမန်ယောကျ်ားလေးက သူမကို ထိုသို့ပြောဆိုနေလို့ပါ။ သူ့မှာများ ချစ်သူရှိနေလို့လားဟု သံသယဖြင့် သူမစုံစမ်းကြည့်ခဲ့မိပါသည်။ သို့သော် အံ့ဩစရာကောင်းလောက်အောင်ကို မိန်းကလေးသူငယ်ချင်းပါ မရှိဖူးသည့် သူ့နောက်ကြောင်းကို ရှင်းရှင်းလင်းလင်း သိခဲ့ရပါသည်။

သူမ စိတ်ဝင်စားမိပါ၏။ သူ့ထက်အများကြီးသာတဲ့ ယောကျ်ားတွေကတောင် သူမမှသူမ အရူးအမူးဖြစ်ခြင်းကိုခံထားရတဲ့သူမို့ သူလို ဘာအရည်အချင်းမှမရှိသူက သူမကိုငြင်းနေသည့်ကိစ္စကို သူမ စိတ်ဝင်စားမိပါသည်။





ပြီးတော့ ခံပြင်းမိပါသည်။ သူလိုလူမျိုးက သူမကို ခါးသက်နေ၍ပါ။

သူမရင်ထဲမှာ ကြုံးဝါးနေမိပါသည်။

သူက ဘာမို့လဲ၊ ဘာသားနဲ့ထုထားတာမို့ အလှအပနဲ့ ပကာသနကို စိတ်မဝင်စားရတာလဲ။ နေနှင့်ဦးပေါ့. . .

မိန်းမတစ်ယောက်ရဲ့မာယာက ယောကျ်ားတစ်ယောက်ရဲ့စိတ်ကို ပြောင်းလဲစေနိုင်တဲ့ တန်ခိုးရှင်ဆိုရင် ခေးနှင့် ပုလဲစိမ်းတို့က ဘာဆက်ဖြစ်ကြမှာပါလဲ။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

မာနရှိသောမိန်းမတို့ မခံမရပ်နိုင်စိတ်တစ်ခုတည်းနှင့် ပြုစားချင်ရုံသက်သက်တော့ ကစားချင်မိ၍ ခေးကိုတွေ့ရန် တောင်းဆိုလိုက်ခြင်းဖြစ်ပါသည်။

တပ်မက်မှုမျက်ဝန်းများနှင့် ဒေါ်မာလာနှင့် ဒေါ်ခေမာတို့မှာ လိုလိုချင်ချင်ပင် ဖုံးမနိုင်ဖိမရ ဝမ်းသာသွားရပါလေသည်။ လူကြီးတွေရှေ့မှာ ဦးလေးညွတ်ကာ ဝပ်စင်းနေတဲ့ခေးကို သူမ မြင်ယောင်လိုက်မိပါသည်။ ခေးက မကြာခင်မှာ သူမအတွက် ကစားနည်းအသစ်တစ်မျိုး ဖြစ်လာမည်လား။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒီဖိုင်နာတစ်ယောက်ဖြစ်တဲ့သူမက ခေးကို ဒီဖိုင်းတွေနှင့်အတူ ရောနှောထားမိပါသည်။ ခေးက သူမလိုသလို ပုံသွင်းခံရမည့် ပိတ်စတစ်စပေါ့။

သို့သော် သက်မဲ့မဟုတ်သည့်ခေးက စိတ်တိုင်းကျတော့ဖြစ်မနေခဲ့ပါ။ အကြောင်းမှာ တွေ့မယ်ဟု ချိန်းထားသည့်နေရာသို့ နာရီဝက်တိတိ နောက်ကျပြီးမှ ရောက်လာသောကြောင့်ပါ။

သူမက ခေးကို မြင်မြင်ချင်း ပြုံးလိုက်မိပါသည်။ ထိုအပြုံးက သဘောကျ နှစ်သက်မှုမျိုး လုံးဝမရှိသည့် ခပ်လှောင်လှောင် မထီတထီရယ်ပါ။ ခေးက သူမနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်ပါသည်။

"နာရီဝက်ဆိုတဲ့အချိန်ဟာ တို့လို အလုပ်ရှိတဲ့လူတစ်ယောက်အတွက် ဘယ်လောက်ထိနစ်နာသလဲဆိုတာ သိလား"

"လာမယ်လို့လည်း ကတိပေးမထားသလို စောင့်ပါလို့လည်း မပြောထားဘူး"

"အဲဒီစကားက မှန်ချင်မှန်နိုင်ပေမယ့် ရှင်က ဂုဏ်သိက္ခာမရှိကြောင်း ပြောနေသလိုပဲ"





"အေး, ဟုတ်တယ်၊ ငါက ဂုဏ်သိက္ခာမရှိဘူး။ အဲဒီတော့ ဂုဏ်သိက္ခာရှိတဲ့မင်းက ငါနဲ့မဆက်နွယ်လာနဲ့ပေါ့"

"ဩော်, သမ္မတက နောက်ကျပြီး လာခဲ့တာကို။ ရှင်သိပ်ကလေးဆန်ပါလား"

"အမေရိကန်စတိုင်လ်မျိုး လာမချိုးနဲ့. . . ငါ ဆက်ပြီးသည်းမခံနိုင်တော့ဘူး"

"အဲ့တော့"

"မင်း ဘာကိစ္စ, ငါနဲ့တွေ့ရတာလဲ"

"ရှင့်ကိုနည်းနည်းစိတ်ဝင်စားတယ်လေ"

"မင်း မရှက်ဘူးလား"

"မရှက်ဘူးဗျဲ ဆိုပါစို့"

"မင်းတို့လို ဂုဏ်သိက္ခာရှိတဲ့မိန်းကလေးတွေကလည်း ဒီအဆင့်ပဲလား"

"လူတိုင်း ကိုယ်စီလွတ်လပ်ခွင့်ရှိတယ်၊ တို့ရင်ထဲမှာ ဘာကဘယ်လိုဖြစ်ပါလို့ တို့ကိုယ်တိုင်တောင် မခိုင်းစေနိုင်တာ။ ရှင်က အမိန့်ပေးလို့ရနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီလောက် နားလည်နေတဲ့မင်းကလည်း ငါ့ဘဝမှာ လာမရှုပ်နဲ့"

"သေချာတာတော့ တို့ ဘာမှမလုပ်ရသေးဘူး"

"မင်းကို ငါသဘောမကျဘူးလို့ ပြောထားပြီးပြီနော်၊ နောက်, မင်းကိုထပ်မတွေ့ချင်ဘူး"

"အဲဒါ ရှင့်အပိုင်းလေ၊ ရှင်က တို့ကိုသဘောမကျပေမဲ့ ရှင့်အဒေါ်တွေကတော့ တို့ကိုဆို သိပ်ကြည်ဖြူတာ၊ ဒါနဲ့ နေပါဦး. . . ရှင်က တို့ကို ဘာကြောင့်ထပ်မတွေ့ချင်ရတာလဲ"

"မင်း အရေထူလှချည်လား"

"ဘာလဲ, မကြာခဏတွေ့ဖန်များလာရင် တို့ကိုသဘောကျမိသွားမှာလား"

"ငါနှစ်သက်သဘောကျတဲ့မိန်းကလေးက ဘယ်လိုပုံဆိုတာမျိုးက သိပ်တိတိကျကျမရှိပေမယ့် မင်းလိုပုံမျိုးမဟုတ်တာတော့ လုံးဝသေချာတယ်"

သူမရင်ထဲ နည်းနည်းတော့ မခံမရပ်နိုင်လေးဖြစ်သွားပြီး ဒေါသစိုသွားရတာတော့ အမှန်ပါ။ သို့သော် သူမက ထက်





မြက်သူမို့ အရာအားလုံးကို ဟန်ဆောင်ပြုံးလေးနှင့်သာ ဖုံးဖိထားကာ. . .

"တို့တော့ ရှေ့တိုးရမှာပဲ၊ မင်းမှာ အစွယ်ရှိရင် နောက်ဆုတ်လေ"

ဟု သူဟာ လူပိန်းတစ်ယောက်ပါလို့ တည့်တည့်ကြီး မပြောရုံတမယ် ဆိုလာသည့် ထိုစကားလုံးကို သူ့ရင်ထဲ ခါးသက်သွားရပါသည်။

"တို့ ဆုံဖူးခဲ့သမျှထဲမှာတော့ ရှင်က အောက်ဆုံးက လူသားပဲ။ ဒါက ထူးခြားချက်မို့ စိတ်ဝင်စားမိတယ်ဆိုရုံလေးပဲ။ အကောင်းစားဘိုမရုပ်တွေနဲ့သာ တခမ်းတနားနေခဲ့ရတဲ့လူက ရွှံ့ရုပ်ကို ဘာလဲလို့ ကိုင်ကြည့်မိမှာပဲ။ လက်ညစ်ပေတယ်ဆိုပြီး လွှတ်ချလည်း ရွှံ့က ကွဲမှာပဲ။ ဘိုမရုပ်လို ခိုင်ခံ့တဲ့ကျွာလတီမျိုး မရှိဘူးလေ။ ဂုဏ်သတ္တိနဲ့ အမျိုးအမည်ချင်းက ကွာတယ်"

ပုလဲစိမ်းသာ ယောကျ်ားတစ်ယောက်ဆိုလျှင် အသေခံပြီး အလဲထိုးပစ်ချင်မိပါသည်။ မော်ကြွားကြွားနှင့် တစ်ဖက်သားကို နှိမ်လွှန်းလှသည့်သူမရဲ့မျက်နှာကို တံတွေးနှင့် ထွေးပစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



လှပါသည်။

မိန်းမနှင့်ယောက်ျားမို့ တုဖက်ရန် မသင့်တော်၍ လည်ပင်းကြောများ ထောင်သည်ထိပင် အံကိုတင်းတင်းကြိတ်ထားမိပါသည်။

ထိုမိန်းမကို စူးစူးရဲရဲကြည့်နေမိ၏။ သူမရဲ့ မထိမဲ့မြင်အပြုံး၊ ပမာမခန့်တဲ့မျက်လုံး၊ မောက်မာဝင့်ကြွားတဲ့ဟန်ပန်တွေကို သူ့မျက်လုံးထဲမှာ ခါးသက်နေခဲ့ရပါသည်။

သူမကို သူ ဘာမှမပြောနိုင်လောက်အောင်ကို ဒေါသဖြစ်နေမိပါသည်။ အသားများ တဆတ်ဆတ်တုန်နေသည်အထိ ဒေါသတို့ကို မြိုသိပ်ထားရပါ၏။

နောက်ဆုံးတွင် မိန်းမတစ်ယောက်နှင့်ယောက်ျားတစ်ယောက်တို့ရဲ့ ပဋိပက္ခမို့ ယောက်ျားတစ်ယောက်ဖြစ်သောသူက ပင်လျှင် သည်းခံလိုက်ရပါသည်။

ထိုသို့သည်းခံလိုက်ရခြင်းက သူမကို ထပ်ပြီးမမြင်ချင်တော့ပါ။ သူ့စိတ်တွေက ထပ်ပြီးသည်းမခံနိုင်တော့ရင် ဆိုးဝါးမှုမျိုး ဖြစ်သွားမှာစိုး၍ပါ။





ထို့ကြောင့်ပင် သူက ထိုင်နေရာမှ ထရပ်လိုက်ပါသည်။

"ရှင့်စိတ်ထဲမှာ ဘာတွေတွေးနေတယ်ဆိုတာကို သိတယ်"

ထိုစကားကို သူစိတ်မဝင်စားတော့ပါ။

"ပြန်တော့မလို့လား. . .ပြန်မယ်ဆိုရင်လည်း ယဉ်ကျေးမှုအရတော့ နှုတ်ဆက်သွားသင့်တယ်"

ဟုဆိုလိုက်ပေမယ့် သူမစကားကို ကြားမကြားလိုက်ရဲ့လားဟု သံသယဝင်ရလောက်အောင်ပင် မတုန်မလှုပ်နှင့် ထွက်သွားသောသူ့ပုံကြောင့် သူမက ဟက်ခနဲပြုံးလိုက်မိပြန်ပါသည်။

ထိုအပြုံးက သရော်ပြုံးဖြစ်ချင်ဖြစ်နိုင်ပါသည်။ သူမက ဘာများလို့လဲ၊ သူမရဲ့စကားက ဘာများမှားသွားလို့လဲ. . .

သူမက အမှန်တွေချည်းပြောလိုက်တာပဲ၊ ရင်ထဲက ရှိတဲ့အတိုင်း အမှန်တရားတွေချည်း ပြောလိုက်တာပါ။ ခေးဆိုတဲ့လူကလည်း အမှန်တရားကိုမနှစ်သက်ဘူး ထင်ပါရဲ့ဟုပင် ထုံးစံအတိုင်း မိမိစိတ်တိုင်းကျသာ တွေးပစ်မိပါသည်။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ခေးရေ. . . သား"

"ဗျာ. . . ဖေါ်လေး"

ဟုဆိုတော့ ဖေါ်လေးက သူ့အခန်းထဲဝင်လာကာ. . .

"ဒီမစ္စည်းလေးကို သွားပို့ပေးပါဦးကွယ်"

"ဘယ်ကိုလဲ"

"ပုလဲစိမ်းဆီကို"

"ကျွန်တော် မသွားချင်ဘူး"

"ဟဲ့!. . . ဘယ်လိုဖြစ်ရတာလဲ၊ တစ်ဖက်မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ကတောင် လိုလိုချင်ချင်ရှိနေတာကို မင်းက ဘာကိုအတွေးခေါင်နေတာလဲ။ မင်းလာပို့မယ်လို့ ဖုန်းဆက်ပြီးနေပြီ။ အဲဒါဆို အဆင်ပြေတာပေါ့တဲ့၊ မင်းနဲ့လည်း မတွေ့ရတာ ကြာနေပြီလို့ပြောနေသေးတာ။ သွားပါ. . . အင်္ကျီလဲထား၊ ဒီညနေ သူ ပွဲတက်စရာရှိတယ်''

"ကျွန်တော် မသွားဘူး ဒေါ်လေး''

ဟုသာ ခပ်ပြတ်ပြတ်ဆိုကာ အခန်းထဲမှ ထွက်လာပြီး အောက်ထပ်သို့ဆင်းကာ ရေခဲသေတ္တာထဲမှရေဘူးကို ဆွဲယူပြီး မော့ချပစ်လိုက်ပါသည်။

ဒေါ်မာလာကလည်း အရှုံးမပေးစတမ်းပင် သူ့နောက်သို့ ထပ်ချပ်မကွာ လိုက်လာကာ. . .

"လူကြီးတွေက ကောင်းမယ်ထင်လို့ စီမံရင် လိုက်နာရမှာက လူငယ်တွေရဲ့တာဝန်ပဲ။ လူကြီးဆိုတာ လူငယ်တွေထက် အများကြီးအတွေ့အကြုံရှိတယ်။ လူငယ်ကို နစ်နာအောင် အုပ်ထိန်းသူက လုပ်မှာတဲ့လား. . . ခေး''

"ဒေါ်လေးငယ် မသိဘူးဗျာ''





ဟု သူက မခံမရပ်နိုင်ပင် ပြောလိုက်တော့ အသံက နည်းနည်းမြင့်သွားပါ၍ အန်တီလေးပင်လျှင် ပြူးတူးပြာတာနှင့် အပေါ်ထပ်က ပြေးဆင်းလာခဲ့ပါသည်။

"ဘာဖြစ်နေကြတာလဲ''

ဟုပင် အိမ်မှာ ဘယ်သောအခါကမှ အသံကျယ်ကျယ် မပြောခဲ့ဖူးသည့် တူဖြစ်သူကိုရော, ကတ္တီပါဘူးကြီးကိုင်၍ တူဖြစ်သူကို မယုံနိုင်သလို ငေးကြည့်နေသော အစ်မဖြစ်သူကိုပါ နားမလည်နိုင်စွာ မေးခွန်းထုတ်လိုက်ပါသည်။

"ပုလဲစိမ်းဆီ မသွားချင်လို့ ပြဿနာတက်နေတာ''

"သူက ဘာကိစ္စ ပုလဲစိမ်းဆီ မသွားချင်ရတာလဲ''

"မေးကြည့်''

"အံ့ပါရဲ့, ပုလဲစိမ်းက သူ့ကိုထပ်တွေ့မယ်ပြောတာကိုတောင် သူက ဝမ်းသာရဦးမှာ''

"ဒေါ်လေးတို့က အဲ့ဒီလို သည်းသည်းလှုပ်ဖြစ်နေတော့ ဟိုက မာန်တက်ပြီပေါ့''

"ဘာ. . . ခေး, ဘယ်လို''



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကျွန်တော် သူ့ဆီလုံးဝမသွားနိုင်ဘူး"

"သွားကိုသွားရမယ်၊ မင်းမှာ ဘယ်လောက်များ သုံးမကုန်တဲ့အရည်အချင်းတွေ ရှိနေလို့ အဲ့ဒီလိုမောက်မာနိုင်ရတာလဲ။ ဟိုက. . ."

"တော်တယ်, သိတယ်, တတ်တယ်, လှတယ်, ထက်တယ်. . . ဒါနဲ့ပဲ ကျွန်တော့်မာနကို နင်းချေကြဦးမလို့ မဟုတ်လား။ ကျွန်တော်လည်း လူသားပါ၊ ဒေါ်လေးတို့ကြောင့် ကျွန်တော့်မာနတွေ တစ်ပြားမှမရှိတော့ဘူးဆိုတာရော တွေးမိလို့လား။ ဟုတ်ကဲ့, ဟုတ်ကဲ့ဆိုပြီး ဘာမဟုတ်တဲ့ ကုန်ဆုံးခဲ့ရတဲ့ ကျွန်တော့်ရဲ့အချိန်တွေလည်း မနည်းတော့ဘူး။ ကျွန်တော့်ဘဝရဲ့အနာဂတ်ကိုပါ အဲဒီဟုတ်ကဲ့နဲ့ အပြီးသတ်ရမှာလား။ ကျွန်တော့်ဘဝကို ကျွန်တော့်ဘာသာ ရွေးချယ်ချင်တယ်။ ဘာမဟုတ်တဲ့ သွေးနားထင်တက်နေတဲ့မိန်းမရဲ့ခြေရင်းမှာ ကျွန်တော့်ဘဝကို မသကြီ့ပ်လိုက်ကြပါနဲ့၊ တောင်းပန်ပါတယ်၊ ကျွန်တော့်ဘဝကို အဲဒီထိပစီးမိုးချုပ်ကိုင်ရရင် ကျေနပ်ကြပါတော့"

ဟု စိတ်ရှိရှိနှင့် အနှစ်နှစ်အလလက မြိုသိပ်ထားရတဲ့စကားလုံးတွေ ရုတ်တရက်ပွင့်အံကုန်တော့ အပျိုကြီးနှစ်ယောက်မှာ ဘာမှဆက်မပြောနိုင်အောင်ကို မှင်တက်ကုန်ရပါသည်။

"လူကြီးတွေ စိတ်တိုင်းကျ ဟုတ်ကဲ့ဆိုပြီး နေလာခဲ့တဲ့ ဒီဘဝက မိန်းမတစ်ယောက် အပျင်းပြေ ဆော့ကစားဖို့ပဲလား။ အစော်ကားခံဖို့ အသက်ရှင်ကြီးပြင်းလာရသလား။ ကျွန်တော့်ကို ထပ်ပြီး မချုပ်ကိုင်ကြပါနဲ့တော့။ ကျွန်တော်လည်း ကျွန်တော့်ယုံကြည်ချက်နဲ့ကျွန်တော် နေချင်ပါပြီ။ ထပ်ပြီးမချုပ်ကိုင်ကြပါနဲ့တော့"

ဟုသာ စိတ်ရှိလက်ရှိပြောပြီး အပေါ်ထပ်သို့ တဘုန်းဘုန်းနှင့်ပြေးတက်မိပါသည်။ ပြေးတက်သွားသော တူတော်မောင်ကိုကြည့်ပြီး မှင်တက်နေကြသောအပျိုကြီးနှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ. . .

"ဘာဖြစ်သွားတာလဲ"

ဟု ပြိုင်တူပင် နားမလည်စွာ ပြောမိကြပေမယ့် အစ်ကိုဖြစ်သူနေလက အခန်းနောက်ကွယ်မှ ထွက်လာကာ သုံးသပ်ပေးလိုက်ပါသည်။







www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကွဲသွားတာ"

"အစ်ကိုလေး"

"သူ မကြိုက်ဘူးဆိုတာကို ထပ်မလုပ်ပါနဲ့"

"ကောင်းစေချင်တဲ့စေတနာနဲ့ပါ"

"စေတနာဆိုတာလည်း နေရာတကာမကောင်းပါဘူး"

"ဒီကောင်လေး တရွှေသရဲမျှား ဝင်ပူးနေသလား။ ဘယ်တုန်းကမှ အဲဒီလိုပြန်မပြောဖူးပါဘူး"

"ပစ်ပါမျှားလွှန်းရင်လည်း တစ်ချက်မမှန် တစ်ချက်မှန်မယ်ပေါ့"

"အစ်ကိုလေး ဘာကိုဆိုလိုတာလဲ"

"နားလည်ပေးသင့်တယ်"

"အားလုံး သူ့အတွက်ပဲ၊ မေမာတို့တွေ ရှာသမျှ သူ့ဖို့ပဲလေ"

"နှလုံးသားနဲ့လူပဲ၊ ငါတို့နှလုံးသားက အေးစက်ခဲ့လို့ မှာကျောခဲ့တာပဲ။ သူ့နှလုံးသားကိုပါ ငါတို့နဲ့ပူးပြီး မအေးစက်နိုင်းသင့်ဘူး"





"အားလုံး သူ့အတွက် ရပ်တည်နေကြတာလေ"

"သီလရှင်ဝတ်ပေါ့၊ အဲဒီလောက် အတ္တကင်းနေရင် တရားဆောင်မှာနေပေါ့။ အတ္တရှိနေသေးလို့ပဲ သင်တန်းတွေ ဖွင့်ထားသေးတာမဟုတ်လား"

"အစ်ကိုလေးနော်၊ ခေးကိုမကျေနပ်သမျှ အစ်ကိုလေးကို ရန်မလုပ်ချင်ဘူး။ စေတနာက ဝေဒနာဖြစ်ရတယ်"

"လူတွေအားလုံး အတ္တသမားတွေချည်းပဲ၊ သူတစ်ပါးအတွက်ဆိုတဲ့ ခေါင်းစဉ်ကြီးအောက်မှာ ကိုယ့်အတွက်ပဲ လုပ်ကြတယ်။ မင်းတို့စိတ်ချမ်းသာချင်ကြတာပါ"

"အစ်ကိုလေး"

"သူ့စိတ်ထဲ ဘယ်လိုပဲ မသာမယာဖြစ်ဖြစ် မင်းတို့က စိတ်ချမ်းသာချင်ကြတာပါ။ အဲဒါ ချစ်တာမဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် မာလာတို့က ကိုယ့်ဘဝကို ကိုယ်စွန့်ပြီး ခေးမျက်နှာပဲ ကြည့်ခဲ့ကြတာပါ"

"သာဓုခေါ်လိုက်မယ်၊ မင်းဟာမင်း ဇိမ်ကြောင်လွှန်းလို့ မရတော်တာကို ခေးအတွက်ဆိုတဲ့စာတမ်းမည်းကြီးနဲ့ ခေါင်း

www.burmeseclassic.com



စဥ်တပ်မပစ်နဲ့ မာလာ၊ အပျိုကြီးလူပျိုကြီးဖြစ်တယ်ဆိုကတည်းက ရတာမလို လိုတာမရကြလို့ဘဲ။ ဘာကြောင့်ညာကြောင့်ဆိုပြီး ကိုယ့်အပြစ်ကို မဖုံးကွယ်ချင်နဲ့"

"အစ်ကိုလေး"

"စဥ်းစား. . . ဟုတ်လား၊ နဖူးပေါ် လက်တင်ပြီး သေသေချာချာစဥ်းစား။ ဘာကြောင့် အပျိုကြီးတွေကို လောက,က အော့ကြောလန့်လဲဆိုတာ သိလာလိမ့်မယ်"

ဟုသာ ညီမအပျိုကြီးနှစ်ယောက်ကို ပျစ်ပျစ်နှစ်နှစ်ဝေဖန်ပြီး အပေါ်ထပ်သို့ တက်လာခဲ့ပါသည်။ ယောကျ်ားချင်းမို့ တူတော်မောင်၏စိတ်ကို ညီမနှစ်ယောက်ထက်တော့ ပိုရှုနားလည်မိပါသည်။

ဒီအချိန်မှာ ခေးရဲ့ရင်ထဲ ဘာဖြစ်နေတယ်၊ ဘာကိုတယ်လိုခံစားနေတယ်ဆိုတာ တိတိကျကျတော့ မသိပေမယ့် ခေးရဲ့ရင်ထဲ တစ်ခုခုကြောင့် နာကျင်နေမှန်း ညီမနှစ်ယောက်ကို အော်ပြောသွားပုံအရ သဘောပေါက်လိုက်မိပါသည်။

ထို့ကြောင့်ပင် ခပ်ဟဟဖွင့်ထားသောတံခါးချပ်ကို တွန်း





ဖွင့်ကာ ဝင်လာခဲ့မိပါသည်။ ကုတင်ပေါ်တွင် ငူငူကြီးထိုင်ကာ ငြင်ပကိုငေးနေသောခေးရဲ့ပခုံးကို ခပ်ဖွဖွပုတ်လိုက်ပြီး. . .

"ကျောက်ဆောင်ဆိုတာလည်း သူ့ဂုဏ်သတ္တိရှိသလို လှေငယ်ကလည်း သူ့ဂုဏ်သတ္တိနဲ့သူ ရပ်တည်ကြတာပဲ၊ ရပ်တည်မှုခြင်းမတူတာတစ်ခုပဲ ကွာဟချက်ရှိနေတာပါ"

ဟုဆိုလိုက်ပေမယ့် လှည့်ကြည့်လာခြင်းမရှိတဲ့ ဒီကျောပြင်ကြောင့် ဝမ်းနည်းမိတာအမှန်ပါပဲ။ ဒီကလေးရင်ထဲမှာ ဘာကိုများ အဲဒီလောက်ထိကြီး ခံစားနေရတာလဲ၊ အမြဲ လူကြီးတွေရဲ့ဆုံးဖြတ်ချက်နဲ့သာ 'ဟုတ်ကဲ့'ဆိုပြီး ယုန်သူငယ်လိုနေခဲ့တဲ့ တလေးက အခုတော့ ကျားပျိုတစ်ကောင်ပ်ို သွေးကြွဆူပူနေ၍ ပိုနားမလည်နိုင်ဖြစ်ရသလို သိပ်ချစ်ရသောမျိုးဆက်က အခုလိုခံစားနေပုံက မိမိခံစားနေရသလိုပင် ထပ်တူ အနေခက်လှပါသည်။

သူ့အထင်မလွဲဘူးဆိုလျှင် ပုလဲစိမ်းနှင့် ခေးကြားမှာ ပြဿနာကြီးကြီး ရှိလိမ့်မည်။

ပုလဲစိမ်းလို ထက်မြက်လှပသည့် မိန်းကလေးက ခေး



www.burmeseclassic.com

www.burmeseclassic.com



ကို ထပ်တွေ့ချင်နေတယ်ဆိုတာက ထူးဆန်းလှပါသည်။ ပြီးတော့ သိပ်လှပသည့် ပုလဲစိမ်းကို ပစ်ပစ်ခါခါငြင်းနေသည့်ခေးရဲ့ပုံက လည်း ထူးဆန်းလှပါသည်။

ထိုထူးဆန်းမှုနှစ်ခုကို နှိုင်းယှဉ်ကြည့်လိုက်လျှင် တစ်ခု ခုကို သဘောပေါက်မိသလိုဖြစ်ပြီး နားမလည်သလိုလည်း ဖြစ် ရပါသည်။

သို့သော် သက်ပြင်းချမိလိုက်တာတော့ အမှန်ပါ။

✱ ✱ ✱



## အခန်း (၆)

ငွေစာရင်းစာအုပ်ကို ဦးငယ်ထံပေးတော့ ဦးငယ်က သူ့ ကို တအံ့တသြလေး ကြည့်လာပါသည်။

"ဘာလဲ, ခေး"

"ဦးငယ်ပဲ သိမ်းထားပေးပါ"

"ဘာဖြစ်လို့လဲ"

ဟုထပ်မေးလိုက်ပေမယ့် ပြန်မဖြေချင်တဲ့ခေးရဲ့ပုံကြောင့် ခေါင်းထဲမှာ ဝမ်းနည်းရပါသည်။ ဘာပဲဖြစ်ဖြစ် ခေးက သူတို့မောင် နှမတွေရဲ့အချစ်တုံးလေးပဲလေ။ ခုလိုတက်ကြွပျော်ရွှင်ခြင်းမရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



ညှိုးရော်ရော်မျက်နှာကို ဘယ်လိုနှလုံးသားမျိုးနဲ့ခံစားပြီး ကြည်နူးနိုင်ရပါ့မလဲ။

စိတ်တင်းကြပ်ပြီး လျောင်ပိတ်မိနေပုံရသည့် ခေးရဲ့မျက်ဝန်းမှိန်မှိန်ကိုကြည့်ပြီး အံဆွဲထဲမှ တစ်စုံတစ်ခုကို ဆွဲယူလိုက်ပြီး လှမ်းပေးလိုက်၏။

"ဘယ်ကိုသွားဖို့ရမှာလဲ ဦးငယ်"

"စိတ်မကောင်းပါဘူး ခေး။ ဦးငယ်တို့က မင်းကိုခိုင်းသလိုဖြစ်ခဲ့ရတယ်"

"ဦးငယ်တို့ အနိတ္စလေးတို့တွေသာ. . . ပစ်ထားခဲ့ရင်ကျွန်တော် ခုချိန်ထိ ဒီလိုကျန်းကျန်းမာမာနဲ့ အသက်ရှင်နိုင်မှာမဟုတ်ဘူး"

ဟုဆိုတော့ ဦးနေလရင်ထဲ ပိုခံစားရပါသည်။ အသက်ငါးဆယ်ကျော်သောသူ့ထက် အသက်နှစ်ဆယ်ကျော်သာရှိသည့်ခေးက ကျေးဇူးတရားနှင့်ပေးဆပ်မှုကို ကောင်းကောင်းခွဲခြားနေလို့ပါ။ ရင်ထဲ၌ အပြစ်ကြီးသလို ခံစားရပါသည်။

ကျေးဇူးတရားကို သိတတ်သောကလေးကိုမှ ပျော့ကွက်





နင်းပြီး ချောင်ပိတ်ထားသလိုဖြစ်နေခဲ့လို့ပါ။

"ဦးငယ် တကယ်ကို စိတ်မကောင်းပါဘူး, ခေး"

"ဦးငယ် ဘာပြောချင်လို့လဲ"

"မင်းရဲ့အသက် ဘယ်လောက်ရှိပြီလဲ"

"နှစ်ဆယ့်ခွန်ပါ"

"မင်းရင်ထဲမှာ ရှိတဲ့အတိုင်းလုပ်ပါ, ခေး။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်လျှောက်မှ ယုံကြည်မှုရှိမယ်၊ ဆောရီး, ခေး၊ မင်းကိုချစ်တာနဲ့ပဲ ဒါကိုမေ့သွားတယ်. . . မင်းရဲ့ယုံကြည်ချက်အတိုင်း နေပါ, နောင်တမရတော့ဘူးပေါ့။ ဝမ်းနည်းခြင်း, ပျော်ရွှင်ခြင်း, ကြည်နူးခြင်း, အလိုမကျခြင်း, ကြိုးစားခြင်းတွေနဲ့ လှပသလာလိမ့်မယ်"

"ကျေးဇူးပဲ ဦးငယ်"

"စိတ်ပြေလက်ပျောက် ခရီးထွက်ပေါ့။ မင်းအုန်ကယ်လေးရှိတဲ့ မြစ်ကြီးနားကို။ အဲဒီမှာ ရှုခင်းကောင်းတော့ ခဏနဲ့စိတ်ရှင်းသွားလိမ့်မယ်။ အဲဒါက လေယာဉ်လက်မှတ်၊ စာအိတ်ထဲမှာ ငွေငါးသိန်း ထည့်ထားပေးတယ်. . . ငါးထောင်တန်တွေ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ။ သုံးရတာ အဆင်ပြေမှာပေါ့''

ဟုဆိုတော့ သူ့ရင်ထဲ ဝမ်းသာသွားမိသည်မှာ အမှန်ပါ။ ဒီအသက်အရွယ်ထိ လူကြီးတွေနှင့်ပဲ ပူးတွဲသွားလာရသည့်သူ့ အတွက် ဒါက အထူးမဟာအခွင့်အရေးကြီးလိုပင်။

သူ့ကို ဦးငယ်က အတောင်ပံ တပ်ပေးလိုက်တာပေါ့။ ဦးငယ်က ဘာကြောင့် သူ့စိတ်ကို နားလည်ရတာလဲ။ ကျေးဇူးပဲ ဦးငယ်။ ဦးငယ်ရဲ့ကျေးဇူးကို ကျွန်တော်မမေ့ပါဘူး။ တစ်နေ့နေ့တော့ ဦးငယ်ရဲ့ကျေးဇူးကို ပြန်ဆပ်နိုင်မှာပါ။

"လေယာဉ်က ဒီနေ့ပဲ အထုပ်တွေပြင်ပြီး သွားတော့။ တော်ကြာ မင်းအဖေါ်တွေ ပြန်လာလို့ ဖယားရှုပ်နေဦးမယ်။ ဒါပေမဲ့ သူတို့ မင်းကိုသိပ်ချစ်ကြတယ်''

ဟုဆိုတော့ သူက ဦးငယ်ကို ဝမ်းပန်းတသာကြီး ပွေ့ဖက်မိပါသည်။ လှည့်ထွက်သွားသောတူကိုကြည့်ပြီး ဦးနေလမှာ ပြုံးလိုက်မိ၏။ အခုမှ လုံးလုံးသဘောပေါက်သွားရပါသည်။ ခေးက ပျော်ရွှင်လွတ်လပ်မှုဆိုတဲ့ အာဟာရပြတ်နေတဲ့လူငယ်လေးဆိုတာကိုပေါ့။





သူပြင်ဆင်ထားရပေဦးမည်။ ညီမဖြစ်သူ အပျိုကြီးနှစ်ယောက်၏ တိုက်စစ်စကားလုံးတွေကိုပေါ့။ သူထင်ထားသည့်အတိုင်းပင် ထိုနှစ်ယောက်က အပြင်မှပြန်ရောက်လာတော့ ခေးကို ရှာဖွေကြသည်။

သူ ဘာမှမပြောသေးဘဲ ငြိမ်၍သာ အခြေအနေကို အကဲခတ်နေမိပါ၏။ သူ့ကိုလည်းဘာမှမမေးတော့ သူကလည်းဘာမှပြောစရာမလိုဘူး ယူဆထားမိသောကြောင့်ဖြစ်ပါသည်။

"ဒီကောင်လေး ဘယ်သွားနေသလဲမသိဘူး။ ဖုန်းကိုလည်း ပိတ်ထားတယ်''

ဟု ပါးစပ်မှ ပွစိပွစိလုပ်ကာ ဟိုမှဒီ၊ ဒီမှဟိုသို့ ယောက်ယက်ခတ်အောင် သွားလာနေကြတဲ့ ညီမနှစ်ယောက်ကိုကြည့်ပြီး ကော်ဖီကိုပင် သက်တောင့်သက်သာဖျော်နေမိပါသေး၏။

"ထူးဆန်းတယ်၊ ဒီကလေးက ငါတို့ကိုမပြောဘဲ ဘယ်သွားနေတာလဲ''

"ဘာကိစ္စမှမရှိရင် အပြင်မထွက်တတ်တဲ့ကလေးက ဘယ်သွားတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



“အခန်းထဲမှာလည်း ဗီရိုကြီးက ပွင့်လို့၊ အဝတ်အစား တွေလည်း လျော့နေတယ်။ ကေန္တ ဒီကလေး မဟုတ်တာတော့ မလုပ်လောက်ပါဘူး”

ဟုဆိုလာချိန်မှာတော့ ဦးနေလက ကော်ဖီခွက်ကို ဖွန်း ဖြင့်မွှေကာ. . .

“ကလေး, ဟုတ်လား။ သူများတွေ ရယ်ကုန်ဦးမယ်။ အသက်နှစ်ဆယ့်ခွန်ဆိုတာ ကလေးလား။ စောစောစီးစီးသာ အိမ် ထောင်ပြုမယ်ဆိုရင် ငါတို့ မြေးတောင် ချီနေရပြီ”

“ကလေးပေါ့, အသက်လေးဆယ်ဆိုရင်တောင် ခေမာ တို့မျက်စိထဲမှာ ကလေးပဲပေါ့”

“ချစ်တဲ့လူဆီက အမုန်းကိုရရှိတဲ့ဝေဒနာကို မင်းတို့သိ သလား”

“အဲဒါက အစ်ကိုလေးရဲ့အတိတ်ဖြစ်မှာပေါ့၊ ခုကိစ္စနဲ့ ဘာမှမဆိုင်ဘူး”

“မင်းတို့ အဲဒီလိုပဲ ကျပ်ကျပ်လုပ်။ မင်းတို့ချစ်တဲ့တူ က မင်းတို့ကိုမုန်းဦးမှာ သေချာတယ်”





“ငယ်ငယ်ကတည်းက အကျင့်ကိုကောင်းအောင် လုပ် ခဲ့ပြီးသား။ အစ်ကိုလေးပဲ မမြင်ဘူးလား။ ခေးက ခုချိန်ထိ ယဉ် ကျေးလိမ္မာနေတယ်”

“လူတွေရဲ့ရင်ထဲကို ဘုရားက ကမ္ဘာဦးအစကတည်းက ချစ်ခြင်းမုန်းခြင်းအစရှိတဲ့ခံစားချက်မျိုးစုံကို နှလုံးခုန်သံနဲ့အတူ ထည့်ထားခဲ့ပြီးသား။ ဘယ်လိုအာဏာမျိုးနဲ့မှ သက်ရှိကို သက်မဲ့ ရုပ်ကြွင်းလို လိုသလိုပုံသွင်းလို့ မရနိုင်ဘူး”

“ခေမာတို့က အခုဘာလုပ်နေကြလို့လဲ”

“ဒါကြောင့် မင်းရည်းစားက မင်းကိုပစ်ပြီး တခြားလူ နဲ့ လက်ထပ်သွားတာပေါ့”

“အစ်ကိုလေး”

“ကိုယ့်ကိုယ်ကို မြင်တတ်အောင် အရင်ကြည့်ပါ ခေမာ၊ ကိုယ့်ကိုယ်ကိုမှ မမြင်နိုင်ပါဘဲ တခြားလူကို ဆရာလုပ်တယ်ဆို တာ လောကကြီးကို အရူးလုပ်နေတာနဲ့တူတယ်”

“ခေး, ဘယ်သွားသလဲဆိုတာ အစ်ကိုလေး သိတယ် မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်းအတူတူပဲ မာလာ၊ ခေးက မင်းလက်ထဲက စိန်ထည်တွေမဟုတ်ဘူး"

"ခေး ဘယ်သွားတာလဲ"

"လှောင်ပိတ်နေတဲ့ သူ့စိတ်ကို အသစ်ပြန်မွေးယူမှာပေါ့"

"ဘယ်သွားသလဲ"

"ပိတ်လှောင်ခံထားရသူက ရုန်းထွက်ဖို့ကြိုးစားတတ်တယ်။ တံခါးတွေ ကျိုးပျက်မသွားခင် မသိမသာလေး သော့ခလောက်ကို ဖြုတ်ပေးသင့်တယ်"

"ခေးကို ဘယ်လွှတ်လိုက်တာလဲ"

"ခေးကို ငါလည်းချစ်ပါတယ်. . . မင်းတို့ထက်မပိုရင်တောင် မလျော့ဘူး"

"ဘယ်သွားသလဲ"

"ကိုလတ်ဆီ"

"မြစ်ကြီးနားကို"

"ကိုလတ်ကလည်း သူ့တူကိုချစ်ပါတယ်။ ကိုလတ်





လည်း လွမ်းနေရောပေါ့"

"အစ်ကိုလေး"

ဟု မကျေမနပ်နှင့် ထပ်ခေါ်နေသော ထိုအသံတွေကို ဥပေက္ခာပြုကာ ဦးနေလမှာ ထွက်လာခဲ့ပါတော့၏။

✶✶✶



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

လက်ထဲမှာ ဆုပ်ကိုင်ထားဆဲဖြစ်သော လေယာဉ်လက်မှတ်ကို အစိမ်းရောင်အမှိုက်ပုံးထဲ ထည့်လိုက်ပြီး ကျောပိုးအိတ်ကိုသာ လွယ်ကာ ကားပေါ်သို့ တက်လိုက်ပါ၏။

သန့်ပြန့်နေသောခုံများထဲမှ တစ်ခုံတွင် ဝင်ထိုင်လိုက်ပါ၏။ ကိုယ်ပိုင်စိတ်ကူးနှင့်ခရီးက ဒါပထမဆုံးမဟုတ်ပါလား။ ကားဆရာလေးက မှတ်ပုံတင်နံပါတ်နှင့် နာမည်စာရင်းကောက်ပြီး မကြာခင်မှာပင် ကားက ဤရန်ကုန်မြေကြီးမှ စတင်ထွက်ခွာပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောမှီကိုမှီကာ လှဲချလိုက်ပါသည်။ သူ့ရင်ထဲမှာ ဘာကြောင့်မှန်းမသိ၊ လန်းဆန်းလတ်ဆတ်နေရပါ၏။ သူ ကျေနပ်ပါသည်။ ဘာအနှောင်အဖွဲ့မှမရှိဘဲ လွတ်လပ်စွာနေခြင်းက သူ သိပ်မက်မောနေခဲ့ရသော မဟာအခွင့်အရေးကြီးဖြစ်ပါသည်။

ထိုသို့လွတ်လပ်မှုက သူ့အတွက်တော့ ရွှေငွေပုံပေးလို့လည်း မရနိုင်တော့တာမို့ အစွမ်းကုန်လူ့အခွင့်အရေးယူပစ်မည်ဟု စိတ်ကူးယဉ်နေမိ၍ တခြားလူတွေ အိပ်စက်ငိုက်မြည်းနေချိန်မှာပင် လန်းဆန်းတက်ကြွ၍ နေခဲ့ပါသည်။

သူ့ရဲ့ဘေးခုံမှာ အိပ်မောကျနေသော မုတ်ဆိတ်မွေးနှင့်လူကြီးကတော့ တခေါခေါနှင့် လောကကြီးကိုပါ ခေတ္တအဆက်ဖြတ်ထားလိုက်ပါသည်။

ညခရီးတစ်ထောက်နားတော့ လူအများက စားသောက်ဆိုင်ထဲတွင် စားသောက်ကြပေမယ့် သူက ကြောင်တက်တက်ရှိရတာမို့ သဘာဝရဲ့ညအလှကိုသာ လွတ်လွတ်လပ်လပ်ခံစားမိပါသည်။

ကောင်းကင်ပေါ်တွင် ပျောက်တစ်ဝက် ပေါ်တစ်ဝက်





လင်းလက်နေသောကြယ်အချို့က ဒီလောက်ထိလှပမှန်းကိုသူ မသိခဲ့တာအမှန်ပါ။ တိမ်ကြားထဲမှ ထွက်လာလိုက် ပြန်ပျောက်သွားလိုက်နှင့် တူတူပုန်းတမ်းကစားနေသောလမင်းကြီးကိုလည်း သူပြုံး၍ ကြည့်နေမိပါသည်။

လမင်းနှင့်ကြယ်လေးတွေက သဘာဝအလျောက် လှပနေကြတော့ မနက်ဖြန်ကို မိုးရွာမှာလား. . . နေပူမှာလား. . . နေပူရင် ဘယ်လိုလုပ်မလဲ. . . မိုးရွာရင်ရော ဘယ်သွားရမလဲ. . .

သူ့မှာ ဦးတည်ချက်မရှိတာတော့ အမှန်ပါ။ သို့သော် သူ့ကိုအလိုလိုက်သော, သူက ချစ်သော, မတွေ့ရတာကြာပြီဖြစ်သော အန်ကယ်လေးဆီ သွားချင်တာတော့ အမှန်ပါပဲ။

အဒေါ်နှစ်ယောက်ထက် ဦးလေးနှစ်ယောက်ဆီမှာ နေရတာက သူ့အတွက် ပိုလွတ်လပ်ပါသေးသည်။ ထို့ကြောင့်ပင် ချစ်ပစီမိုးတိမ်လို လွင့်ချင်ရာလွင့်မနေတော့ပါဘဲ အန်ကယ်လေးဆီသို့သာ အလည်တစ်ခေါက်ဆိုပြီး ခရီးစဉ်ကို ခေါင်းစဉ်တပ်လိုက်မိပါတော့သည်။

လွင့်ချင်ရာလွင့်, ပျောက်သွားနေမှာထက်စာရင် အန်



www.burmeseclassic.com

www.burmeseclassic.com



ကယ်လေးဆီမှာ နေသင့်သလောက်နေပြီးမှ အဒေါ်တွေဆီ ပြန်သွားတာက ပိုကောင်းမည်ဟု ယူဆမိလို့ပါ။

ဒါဆို သူ့ကိုသိပ်ချစ်ကြသော ဦးလေးလူပျိုကြီးတွေနှင့် အဒေါ်အပျိုကြီးတွေလည်း စိတ်ပူစရာမလိုတော့ဘူးပေါ့။ ခုလို ဦးငယ်ပေးသော လေယာဉ်လက်မှတ်ကိုပစ်ပြီး သူ့သဘောနဲ့သူကားစီးလာခဲ့တယ်ဆိုရင်ပဲ တော်လှန်ပုန်ကန်ချင်တဲ့သူ့စိတ်ကို သဘောပေါက်လောက်ပြီဟု ထင်ပါသည်။

ပြီးတော့ သူက လူကြီးတစ်ယောက်ဖြစ်ပြီး သူ့စိတ်နဲ့သူပဲ သွားလာတတ်ပြီဆိုတာ သိလောက်ရောပေါ့။ မနက်ဖြန်မနက်လောက်ဆိုလျှင် ဦးငယ်က အန်ကယ်လေးဆီ ဖုန်းခေါ်ပြီးလောက်ပြီ။ သူရောက်မလာဘူးဆိုလျှင် ခေါင်းမီးတောက်လောက်ပြီလေ။ သုံးရက်လောက်တော့ လူကြီးတွေကို ဒုက္ခပေးမိချင်မှ မန္တလေးရောက်လျှင်လည်း မြစ်ကြီးနားသို့ ရထားဖြင့်ပင် ခရီးဆက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

ထိုဆုံးဖြတ်ချက်ကြောင့်ပင် နံနက်ဝေလီဝေလင်းအချိန် မန္တလေးသို့ရောက်တော့ သူက မကြုံဖူးသည့်မို့ စုံစမ်းမေးမြန်း





မိပါသည်။ သို့သော် အကြံအဖန်သမားတွေ ရှိလိမ့်မည်ဟု ရိုးသားသောသူက မတွေးမိခဲ့ပါ။ ထို့ကြောင့်ပင် ဆိုင်ကယ်ကယ်ရီဟု အော်နေသော အသားမည်းမည်းနှင့်လူကြီးကို. . .

"ဘူတာရုံကို ဘယ်လောက်လဲ"

ဟု မေးမိပါသည်။

"နှစ်ထောင်ပဲပေးပါ၊ အမြန်ဆုံးနှုန်းနဲ့ရောက်စေရမယ်"

ဟုဆိုတော့ သူက ထိုဆိုင်ကယ်ကယ်ရီကို ငှားမယ်ဟု ဆုံးဖြတ်လိုက်ပါသည်။

"ဒါနဲ့ အစ်ကိုက ဘူတာရုံဆိုတော့ ဘယ်သွားမလို့လဲ"

"မြစ်ကြီးနားကိုပါ"

"ဩော်၊ ကြိုတင်လက်မှတ် ရပြီးသားလား"

"မရှိဘူး. . . ဝယ်ရင်တော့ ရမှာပေါ့"

"အစ်ကိုက မစီးဖူးဘူးထင်တယ်"

"ဗျာ"

"လက်မှတ်က သိပ်ကျပ်တာဗျ။ နေ့ချင်းဝယ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"အစ်ကိုအခက်အခဲရှိရင်ပြောဗျာ. . . မှောင်ခိုရနိုင်တဲ့နေရာ ကျွန်တော်သိတယ်"

ဟုဆိုတော့ သူက ထိုလူကို စူးစိုက်စွာကြည့်လိုက်ပါသည်။ ပြီးနောက် ပုံမှန်ပုံမရတဲ့ထိုလူရဲ့ မရိုးမသားမျက်လုံးများကြောင့်. . .

"ရပါတယ်, ကျွန်တော့်ကို ဘူတာရုံပဲ ပို့ပေးပါ။ ကျွန်တော် ကိုယ့်ဟာသာကိုယ် လုပ်နိုင်ပါတယ်"

"အခက်အခဲရှိရင်တော့ အချိန်မရွေးပြောပေါ့ဗျာ။ ကျွန်တော်က ဘူတာရုံနဲ့အဝေးပြေးဝင်းနဲ့ပဲ အနေများတာ။ အစ်ကိုအဆင်မပြေမယ့်အချိန်ထိ စောင့်ပေးပါ့မယ်။ ကောင်းတဲ့ဟိုတယ်လည်း သိတယ်၊ ဈေးသက်သာတဲ့တည်းခိုခန်းလည်း သိတယ်"

ဟု မလျော့မတင်းပင်ဆိုတော့ သူစိတ်ပျက်သွားမိပါသည်။ မျက်နှာကဲကို မခတ်တတ်တာလား. . . ဒါမှမဟုတ် မိုက်ရူးရဲဆန်တာလား. . .

သို့သော် သူက ထိုဆိုင်ကယ်ကိုသာ ငှားခဲ့ပါသည်။





သူ ဘူတာကြီးသို့ရောက်သောအချိန်မှာ နံနက်ငါးနာရီတိတိ ရှိသွားပါပြီ။

သူက ဆိုင်ကယ်ပေါ်မှဆင်းကာ ခပ်စုတ်စုတ်ဆိုင်ကယ်ဦးထုပ်ကိုချွတ်ပြီး ထိုလူကိုလှမ်းပေးလိုက်ကာ ပိုက်ဆံနှစ်ထောင်ကိုပါ တစ်ဆက်တည်းပေးလိုက်ပါသေးသည်။

"လိုအပ်ရင် ခေါ်လိုက်ပါ၊ ကျွန်တော် ဒီနားမှာပဲရှိမယ်"

ဟု အတင်းကာရောပင် ဆိုတော့၊ သူ့စိတ်ထဲတွင် မင်းဘာ တောက်တဲ့လား. . . လူလားဟုပင် ပြောမိပါသေးသည်။

ကိုယ့်လမ်းကိုယ်သွားပါ၊ ကျွန်တော် ခင်ဗျားကိုပြန်သုံးတော့မှာမဟုတ်ဘူးဟုပင် ရင်ထဲ၌သာ ပြောပစ်ကာ ထိုလူကိုကျောခိုင်းထွက်လာခဲ့ပြန်ပါသည်။

ကျောပိုးအိတ်ခပ်သန့်သန့်ကို လွယ်ထားသောသူ့ပုံမှာ သက်မှတ်ရရေးအတွက် တန်းစီနေကြသောသူများထဲတွင် ပေါ်လွင်နေတာတော့ အမှန်ပါပဲ။

ရထားဆိုတာကို လွန်ခဲ့သောဆယ်နှစ်ခန့်ကသာ နောက်ဆုံးစီးခဲ့ဖူးတာမို့ ယခုတော့ ဘာကဘာယ်လိုစလုပ်ရမှန်း သိမနေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါ။ သို့သော် အခြေအနေကိုကြည့်ပြီး လှည့်လည်အကဲခတ်ကာ မြစ်ကြီးနားသို့ဆိုပြီး တန်းစီနေသောလူတန်းရှည်ကြီးကို စိတ်မသက်သာစွာကြည့်ပြီး အနည်းငယ်ရှုံ့မဲ့ရသော ခေါင်းပေါင်းကြီးနှင့်အဒေါ်ကြီးနား ရပ်ကာ. . .

"မြစ်ကြီးနားရထားလား"

"အင်း, လူငယ်ကရော မြစ်ကြီးနားလား"

"ဟုတ်ကဲ့"

"တန်းသာ စီနေရတယ်၊ လက်မှတ်ရဖို့တော့ မလွယ်ဘူး"

"ဗျာ! တန်းစီနေတာလေ၊ မရဘူးလား"

"စောင်ရေသုံးဆယ်ပဲ ရှိတော့တာ၊ စီနေတဲ့လူအုပ်ကို ကြည့်ပါဦး။ တစ်ယောက်တစ်စောင်ပဲ ဝယ်ပါစေလို့ ဆုတောင်းရမှာပဲ"

"အဒေါ်က ရှေ့ဆုံးက နေရာယူရောပေါ့"

"ရမလား မောင်ရင်ရယ်၊ ဘယ်အချိန်ကတည်းက စီနေကြမှန်းမသိ၊ ဒါတောင် အဒေါ်က လေးနာရီကတည်းက တန်း





စီနေတာ"

"ဗျာ. . . လေးနာရီကတည်းက"

"လူငယ့်ကြည့်ရတာ လက်မှတ်မဝယ်ဖူးဘူးထင်တယ်"

"ဪ. . . ဟုတ်. . . ဟုတ်ကဲ့"

"အဒေါ်က လမ်းဘူတာ,ဆင်းမှာမို့ ဒီရထားဝယ်တာ၊ လူငယ်က မြို့ဆုံးမှာ ဆင်းမှာပဲ, တရုတ်ရထားဆိုတာ ကောင်းတယ်၊ တွဲလည်း ချောင်တယ်"

"အဲ့လိုရှိလား"

"ဟိုမှာ သွားစီလေ၊ ကံကောင်းရင် ရမှာပေါ့"

"ကံကောင်းရင်!"

"မြစ်ကြီးနားရထားက ဘယ်တော့မှ ချောင်တယ်ဆိုတာမရှိဘူး။ အမြဲဒီလိုပဲ"

"ကျေးဇူးပဲ အဒေါ်"

ဟု ယဉ်ကျေးပျူငှာစွာ နှုတ်ဆက်ကာ အဒေါ်ကြီးညွှန်ပြခဲ့သော လူတန်းရှည်တွင် ပြန်ရပ်လိုက်ပါသည်။ တစ်ခါမှမလုပ်ဖူးသည့်အလုပ် လုပ်ရတာမို့ အနည်းငယ်ကြောင်တောင်တောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ နိုင်သားပင်။ သို့သော် သူများနည်းတူပင် သူများနောက်မှ မှင်သေသေနှင့် ရပ်နေလိုက်ပြန်ပါသည်။

သူ ကြာကြာမရပ်လိုက်ရပါဘဲ အကျီအဖြူဝတ်နှင့်လူများက အလျှိုလျှိုရောက်လာကြကာ အပေါက်ငယ်လေးကို ဖွင့်လိုက်ပြီး လက်မှတ်များကို စတင်ရောင်းချပေးနေပါသည်။

သူလုပ်နိုင်ပြီလေ၊ ကိုယ့်အစွမ်းအစနှင့် ခက်ခက်ခဲခဲ လက်မှတ်လုပ်ပြီး နောက်တစ်နေ့ဆိုလျှင်ပဲ မြစ်ကြီးနားသို့ ရောက်ရတော့မည်လေ။

ထိုအတွေးလေးနှင့်ပျော်ရွှင်နေသောသူ့ရဲ့စိတ်မှာ ကြာကြာမပျော်နိုင်လိုက်ပါ။ အကြောင်းမှာ သူ့ရှေ့နှစ်ယောက်မျှသာ ကျန်တော့သောအချိန်တွင် လက်မှတ်ကုန်ပြီဟုဆိုကာ လက်မှတ်ရောင်းသောအပေါက်ကို ပိတ်လိုက်သောကြောင့်ဖြစ်ပါသည်။

သူ စိတ်ပျက်သွားရပါသည်။ ဒါဆို ဟိုတယ်မှာတည်းပြီး တစ်ရက်စောင့်ရတော့မှာပေါ့။ ထိုအတွေးကြောင့်ပင် ရက်ကြိုလက်မှတ်ဟု ရေးထားသောအပေါက်တွင်ရပ်ကာ. . .

"လက်မှတ်တစ်စောင်ပေးပါ"





"ဘယ်ကိုသွားမှာမို့ ဘယ်လက်မှတ်ကို ပေးရမှာလဲ"

ဟု အသံလုံးကြီးနှင့် အဆင်မပြေစွာပင် ဘုတောတော ပြောလာသည့် ထိုအကျီအဖြူဝတ်လူကို သူ ငုံ့ကြည့်လိုက်ပါ၏။ သူ့စိတ်ထဲမှာတော့ ယဉ်ကျေးမှုမရှိလိုက်တာဟု ပြောနေမိပါသော်လည်း. . .

"မြစ်ကြီးနားကိုပါ"

"ဘယ်နေ့အတွက်လဲ"

"မနက်ဖြန်"

"မရှိတော့ဘူး"

"ဗျာ! "

"နောက်သုံးရက်အတွက်ပါ ကုန်ပြီ"

"ဗျာ! "

သူအံ့သြသွားရတာ အမှန်ပါပဲ၊ ဒီပုံအတိုင်းဆိုရင် သူက မန္တလေးမှာ သောင်တင်တော့မှာပေါ့. . . ပြဿနာပဲဟု ရင်ထဲ၌ ညည်းတွားကာ စိတ်ပျက်ပျက်နှင့် စီရရီချထားသောခုံတွင် ဝင်ထိုင်လိုက်မိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်တွင် သူ့သေားမလှမ်းမကမ်းတွင် ထိုင်နေသော သီလရှင်တစ်ပါးက...

"လက်မှတ်ရလား"

ဟု ချစ်စရာကောင်းတဲ့ မြန်မာတို့ရဲ့လေ့စရိုက်အတိုင်း ရင်းနှီးခင်မင်မှုနှင့် နှုတ်ခွန်းဆက်လာတော့ သူကလည်း ချစ်ဖို့ကောင်းတဲ့မြန်မာလူမျိုးပီပီ...

"မရပါဘူး"

"အဲဒီလိုပဲ, လက်မှတ်က ကြပ်တယ်၊ ဆရာလေးတို့တောင် ရုံပိုင်လေးဆီမှာ စာတင်ပြီး ဝယ်ရတာ။ ဒါတောင် ရိုးရိုးတန်းပဲ ရတယ်"

ဟူသော သီလရှင်ရဲ့စကားကို သူက နားမလည်ပါဘဲ နားလည်သယောင် ပြုံးနေလိုက်ပါသည်။ မှတ်ပုံတင်ပြပြီး ဝယ်မရတာကို ဘယ်လိုလုပ် စာတင်သလဲ။

"ဘယ်သွားမှာလဲ"

"မြစ်ကြီးနားကိုပါ"

"အင်း, ဝေးသားပဲ၊ အဝေးကြီးဆိုတော့ ခုံမဲ့ဝယ်စီးလို့





လည်းမဖြစ်"

"ခုံမဲ့!"

"အင်း"

"ဒါက ဘယ်လိုဟာမျိုးလဲ"

ဟုဆိုတော့ သီလရှင်က သူ့ကိုမမြင်ဖူးသူလို ကြည့်ပါသည်။

"ဒကာလေး ကြည့်ရတာ ရထားမစီးဖူးဘူးထင်တယ်"

"ဗျာ! စီး... စီးဖူးပါတယ်"

ဟုဆိုတော့ သီလရှင်က သူ့ကို စိတ်ဝင်စားစွာကြည့်ပြီး...

"ဒကာလေးက ငွေကြေးတတ်နိုင်ပုံရပါတယ်။ မောင်နီ ဝယ်စီးပါလား"

"မောင်နီ!"

"အင်း, မောင်နီတွေရှိတယ်"

သူအံ့ဩသွားရပါသည်။ သူ မကြားဖူးတာတွေ ကြားနေရလို့ပါ။ ထိုစဉ်...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို, လက်မှတ်ရသလား"

ဟု စောစောက ဆိုင်ကယ်ဆရာက သူ့ဘေးနားတွင် ဘွားခနဲပေါ်လာပြန်သည်တွင် ထိုလူရဲ့ဖွဲကို သူအံ့ဩသွားရပါသည်။

"ပြောနော်, လက်မှတ်ရမယ့်နည်းလမ်း ကျွန်တော့်မှာ ရှိတယ်"

ဟုဆွဲဆောင်လာတော့ သူစိတ်ဝင်စားသွားရပါသည်။ ထိုလူကလည်း လူရည်လည်ထင်ပါရဲ့၊ ချက်ကောင်းဝင်ပြီဆိုပြီး သူ့ကို အရှိန်နှင့် ဝင်လုံးပါတော့သည်။

"ရထားက ညနေပိုင်းမှ၊ သက်တောင့်သက်သာနားနေလို့လည်း ရတယ်၊ စိတ်ရှိရင် ရေချိုးလို့တောင် ရသေးတယ်။ လက်မှတ်အတွက်လည်း အဆင်ပြေမယ်"

ဟု,ဆွယ်လာတော့ သူ စိတ်ပါစ ပြုလာခဲ့ပါသည်။ သို့သော် လူလည်တစ်ယောက်ဖြစ်ပုံရတဲ့ထိုလူကို သူ မယုံချင်ပါ။ ထို့ကြောင့်ပင်. . .

"ရပါတယ်"





ဟု အင်တင်တင်လုပ်တော့ ထိုလူက သူ့ကိုအကဲခတ်လိုက်ပြီး. . .

"လိုအပ်ရင်တော့ ပြောပါ၊ နောက်နာရီဝက်လောက်တော့ ကျွန်တော် ဒီမှာရှိနေဦးမယ်"

"ဘယ်လောက်လဲ"

"ဈေးကိုတော့ ဟိုရောက်မှ ညှိလို့ရပါတယ်"

ဟုပြောပြီး ထွက်သွားတော့. . .

"မယုံနဲ့ ဒကာလေး၊ အဲဒီလိုပဲ လုပ်စားနေကြတာ။ ဈေးက မတန်တဆပဲ"

ဟု သီလရှင်က သတိပေးပေမယ့်လည်း သူက ထိုလူရဲ့အပေါ်မှာ စိတ်ညွှတ်ချင်နေမိပါသည်။ သန့်သန့်ပြန့်ပြန့်နေတတ်သည့်သူက မနက် အိပ်ရာထလျှင် ရေချိုးနေကျပါ။ ခုတော့ ရေမချိုးရသေးတဲ့အပြင် မျက်နှာပါ မသစ်ရသေးပါ။

မျက်နှာမသစ်, သွားမတိုက်နဲ့ သူက ဘယ်လိုလုပ် မနက်စာကို စားရမှာတဲ့လဲ။

စိတ်ညစ်မိတာတော့ အမှန်ပါ။ ပြီးတော့ ရထားလက်



www.burmeseclassic.com

www.burmeseclassic.com



မှတ် ရချင်တာလည်း အမှန်ပါ။ သို့သော် လူလူချင်း ဖျံကျတာကိုတော့ သူမုန်းပါသည်။ ပြီးတော့ ခံလည်းမခံချင်ပါ။

ထိုလူက သူ့ကိုလုပ်စားတော့မယ်ဆိုတာ သိပ်မိပါသော်လည်း ဒီလိုအခြေအနေနှင့် သူ မတတ်နိုင်တော့ပါ။ သူ ဆုံးဖြတ်လိုက်ပါ၏။ ထို့ကြောင့်ပင် သီလရှင်ကိုနှုတ်ဆက်ကာ ဂျာနယ်ဖတ်နေသော ထိုလူအနားသို့ ကပ်သွားမိပါသည်။

သူက ထိုလူအနားရောက်တော့ အိုင်တင်ခံကာ ပဲပေးနေသေးသောထိုလူက သူ့ကိုမော့ကြည့်ပြီး. . .

"ဆုံးဖြတ်ပြီးပြီလား အစ်ကို"

"ဘယ်လောက်ရှိမယ်လို့ ခန့်မှန်းမိသလဲ"

"ရှိုးရှိုးဆိုရင် နှစ်သောင်း၊ အထူးတန်းဆိုရင် နှစ်သောင်းခွဲလောက်တော့ ရှိမယ်ထင်တယ်"

ဟုဆိုတော့ သူ မျက်လုံးပြူးမိပါသည်။ သင်ပုန်းမှာ ရေးထားသောလက်မှတ်ဈေးနှုန်းနှင့် သိပ်ကွာနေလို့ပါ။

"ဒါပေမဲ့ ညှိလို့ရပါတယ်၊ အစ်ကိုဆန္ဒရှိမယ်ဆိုရင် လိုက်ပို့ပေးမယ်လေ"





ဟုဆိုတော့ မထူးတော့ပါဘူးဟုတွေးကာ ထိုလူရဲ့ဆိုင်ကယ်နောက်တွင် ဒုတိယအကြိမ် ပါလာခဲ့ပြန်ပါသည်။

ထိုလူက ကုန်းဆင်းလေးအတိုင်း မောင်းချကာ လမ်းသုံးဆယ်ထဲဝင်ကာ ပထမလမ်းချိုးလေးမှာပင် ချိုးကွေ့ပြီး ကားလက်မှတ်ဝန်ဆောင်မှုဟု ရေးထားသော ဆိုင်းဘုတ်ခပ်စုတ်စုတ်ရှေ့တွင် ရပ်လိုက်ပါသည်။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်မိပါ၏။ မုန့်ဟင်းခါးဆိုင်တစ်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကိုလည်း တွေ့ရပြီး ခပ်လှမ်းလှမ်းတွင်တော့ နည်းနည်းပိုကောင်းပုံရသည့် စားသောက်ဆိုင်တစ်ဆိုင်ရဲ့ဆိုင်းဘုတ်ကို လှမ်းမြင်လိုက်ရပါသည်။

သူက ထိုလူနည်းတူပင် ထိုဝန်ဆောင်မှုဆိုင်းဘုတ် ခပ်စုတ်စုတ်နောက်သို့ ဝင်လိုက်ပါသည်။

"ဘာဟင်းချက်သလဲ"

ဟု ရင်းနှီးစွာပင် အိမ်ထဲသို့ လှမ်းမေးတော့ သူ အံ့ဩသွားရပါသည်။ တစ်ပြိုင်နက် သူသိလိုက်ရတာက ထိုဆိုင်ကယ်ဆရာက ဒီအိမ်နဲ့ တစ်ဖွဲ့တည်းပါပဲလားဟု ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညှော်သည်ခေါ်လာတယ်ဗျာ"

ဟုဆိုတော့ ခွပ်ကျယ်အင်္ကျီအဖြူနှင့်လူက ထွက်လာပါသည်။

"မပေါ်တာကြာပြီရော"

"ပါစင်ဂျာက မကောင်းဘူးဗျ၊ လက်မှတ်ရှိတယ်မဟုတ်လား"

"မြစ်ကြီးနားလား"

"ဘယ်ရထား,ရမလဲ"

"လေးနာရီမှာ အစ်ပါး ရမယ်"

ဟု သူတို့ချင်းပြောပြီးမှ ထိုဆိုင်ကယ်ဆရာက သူ့ဘက်လှည့်ကာ. . .

"ကဲ, အစ်ကို ဘယ်လိုလဲ"

"ဒီနေ့ရထားလား"

"ဒီနေ့ပေါ့ဗျ၊ ဘယ်လောက်လဲ ဦးကျား"

"နှစ်သောင်းခွဲကွာ"

ဟုခပ်မာမာဆိုတော့ သူ နှာတင်းသွားရပါသည်။





သုံးထောင့်ငါးရာတန်လက်မှတ်ကို ဒီလိုလုပ်တာ လွန်တယ်ထင်ပါသည်။

"ပိုက်ဆံကိုမမြင်နဲ့ဗျ. . . ခရီးကျွံ့တယ်, အမြန်ရောက်တယ်၊ ဒီမှာ ရေချိုးလို့ရတယ်၊ နားနားနေနေပေါ့၊ စိတ်ရှိရင် လှဲလို့တောင် ရသေးတယ်။ ရထားချိန်ကို ဘူတာအရောက် အခမဲ့ ပို့ပေးဦးမှာ။ ရထားပေါ်ရောက်ပြီဆိုတာနဲ့ ရထားထွက်ပြီးမှ ပြန်မယ်။ မိသားစုဆန်ဆန်ပေါ့ဗျာ. . . သက်တောင့်သက်သာပေါ့။ လက်မှတ်လည်း ကိုယ့်နာမည်နဲ့ဖြစ်စေရမယ်"

"ဈေးများတယ်"

"မများနဲ့ အစ်ကိုရေ၊ ကျွန်တော်တို့လည်း သိပ်ရတာမဟုတ်ဘူး။ စဉ်းစားပေါ့ဗျာ. . . ဒီမှာသောင်တင်နေရင် တည်းခိုခန်းခ, စားစရိတ်နဲ့။ ပြီးတော့ ခရီးလည်း မတွင်နဲ့"

ဟု ဆွယ်လာပြန်တော့ ထိုလူလည်တွေကိုသူ ရယ်ချင်သွားရပါသည်။ ပြီးတော့ လူတွေကို သဘောပေါက်သွားမိပါ၏။ ဒါ သူတို့ရဲ့ဝမ်းရေးလုပ်ရှားမှုပေါ့။

နတ်တွင်းထားခဲ့သော ဒီခံတွင်းကို မှန်မှန်ကန်ကန်နဲ့



www.burmeseclassic.com

www.burmeseclassic.com



သမာအာဇီဝကျကျ ဘာကြောင့် မဖြည့်တင်းချင်ကြတာလဲ။ ခက်ခဲနေတဲ့ခရီးသည်တွေရဲ့ပိုက်ဆံကိုမှ ဘာကြောင့် မတရားယူချင်နေကြတာလဲ။

ဒီလိုယူထားတဲ့ပိုက်ဆံနဲ့ရော ချမ်းသာကြမှာလား။ ဒီလိုလုပ်စားလို့ရော ဘဝမှာ အဆင်ပြေလာကြမှာလား။ သူများပိုက်ဆံကို သူများထံက မကျေမနပ်နဲ့ ယူရင်ရော ဒီပိုက်ဆံက သူတို့ဖို့ တန်ဖိုးရှိလာမှာတဲ့လား။ လက်လုပ်လက်စား ရိုးရိုးသားသားလူတွေက သူတို့လိုလူမျိုးတွေကြောင့် လက်မှတ်မရ ခက်ခဲကြပေလိမ့်မည်။

ဒီလိုလုပ်ကနေတဲ့ ဒီလူတွေကို သူ အားပေးသင့်ရဲ့လား။ သို့သော် လောင်နေတဲ့ တောမီးတောက်ကြီးကိုတော့ ဖွန်းစက်လောက်ရှိတဲ့ရေနဲ့ ပက်နေလို့လည်း မောရုံပဲ ရှိမှာပါ။ ထို့ကြောင့်ပင် သူက လူထဲကလူပဲမို့ အတွေးကြီးစွာပင် ကိုယ်အဆင်ပြေမှုကိုပဲ ရွေးချယ်ကာ ပိုက်ဆံနှစ်သောင်းခွဲကို ထုတ်ပေးလိုက်ပါသည်။

ထိုလက်မှတ်ခ ရှင်းသွားပြန်တော့ ဆိုင်ကယ်ဆရာကလည်း ပို့ခ,လက်ဖက်ရည်ဖိုး ငါးရာ ထပ်တောင်းနေ၍ သူက





မကျေမနပ်နှင့်ပင် ပေးလိုက်ရပါသော်လည်း မင်း ငါ့ကိုလာပို့လို့ဖွဲ့ရနေပြီပဲ၊ တော်လောက်ပြီဟု ခပ်နိမ့်နိမ့်ထိုလူကို အောက်တန်းကျကျမလုပ်ချင်၍ မသိသလိုပင် ငြိမ်နေလိုက်ရပါသည်။

သူပေးလိုက်ရတဲ့ငွေက နည်းနည်းလေးပါ။ သို့သော် သူသိလိုက်ရတာကတော့ စုတ်ပြတ်တဲ့လူနေမှုအဆင့်ပဲ ဖြစ်ပါ၏။ သူ့ရင်ထဲမှာ အတွေးအခေါ်တချို့ ဝင်လာခဲ့ပါသည်။ ဆင်းရဲပါစေဦးတော့ မှန်မှန်ကန်ကန်ဆင်းရဲခြင်းက ဂုဏ်သိက္ခာရှိသည်ဟု ဖြစ်ပါသည်။

ထိုကိစ္စက သေးသေးကလေးဆိုပေမယ့် သူ့ရင်ထဲမှာ အကြီးကြီးခံစားရနေ၍ ထိုလူတွေရဲ့အိမ်မှာလည်း သူ မနားချင်တော့ပါချေ။

ထို့ကြောင့်ပင် လက်မှတ်ရပြီးသည်နှင့် တစ်ပြိုက်နက်ဘူတာရုံသို့သာ သူ ပြန်လာခဲ့ပါ၏။ ကျောပိုးအိတ်တစ်လုံးသာပါသောသူက ဘူတာရုံတွင် အငြိမ်မနေဘဲ မိုက်ဖြည့်ရန်အတွက်အားသောက်ဆိုင်ကောင်းကောင်းသို့ ဆိုင်ကယ်,ကယ်ရီနှင့် သွားခဲ့နိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစားသောက်ဆိုင်မှာပဲ သွားတိုက်, မျက်နှာသစ်ကာ မနက်စာရော၊ နေ့လယ်စာပါ ပေါင်းစားပြီး ရေသန့်ဘူးနှင့် စားစရာအချို့ဝယ်ကာ ဘူတာသို့ပြန်လာခဲ့တော့ နေ့လယ်နှစ်နာရီ ထိုးနေခဲ့ပါသည်။

နောက်နှစ်နာရီဆိုလျှင် ဒီမန္တလာမြေမှ ခွာရတော့မှာမို့ စိတ်ရှုပ်ရှုပ်ပင် ခုံတန်းတွင်ထိုင်ကာ ရထားတွဲအတိုးကို စောင့်နေမိပါ၏။ ထိုစဉ် သက်နှစ်ဝတ်ထားသောကိုရင်လေးတစ်ပါးက သူ့နားတွင် လာရပ်ကာ အလှူခံသဖြင့် သူက ထိုကိုရင်လေးကို အကဲခတ်လိုက်ပါသည်။

ဆွမ်းစားချိန်တောင် ကျော်သွားပြီးမှ ဘာလို့အလှူခံရသလဲဟု တွေးမိတော့ သူ့အိတ်ထဲမှ ငါးရာတန်တစ်ရွက်ကိုထုတ်ကာ သပိတ်ထဲသို့ ထည့်ပေးလိုက်ပါ၏။

ထိုကိုရင်က ဆုတောင်းမပေးပါဘဲ သူ့အနားမှခွာသွား၍ သူက နားမလည်စွာပင် ကြည့်နေတော့. . .

"သနားပါ. . . ဘာမှမစားရသေးလို့ပါ"

ဟု ပေစုတ်စုတ်နှင့်ကလေးတစ်ယောက်က သူ့အနား





လာရပ်ပြန်ပါသည်။ သူ သနားသွားမိပါသည်။ ထို့ကြောင့်ပင် ဝယ်လာသောမုန့်များထဲမှ တစ်ခုကို ပေးလိုက်ပါ၏။

ထိုသို့သဘောကောင်းသောသူ့အနားကို တောင်းရမ်းသူတွေက အဆက်မပြတ်ရောက်လာ၍ သူ ခေါင်းမူးချင်သွားရပါသည်။ လက်ထဲမှာလည်း ရေသန့်ဘူးအပြင် မရှိတော့သောအချိန်တွင်. . .

"မင်း ဒီမှာထိုင်ဖို့မသင့်တော့ဘူး"

ဟု ခေါင်းတုံးပြောင်ကြီးနှင့်လူကြီးက သူ့ကိုရည်ညွှန်းပြီး ပြောလာ၍ သူက ထိုလူကြီးကို ကြည့်လိုက်ပါသည်။

ဥပဓိရုပ်ရှိသည့်ထိုလူမှာ ဝဝဖိုင့်ဖိုင့်နှင့် တည်ကြည်ပုံပေါ်သည်။ လက်ထဲမှာ ခုနစ်လုံးသာ သီကုံးထားသောပုတီးကြီးကိုလည်း ကိုင်ထားသေး၏။

"မင်းက ရှိုးတာကိုးကွ"

"ဗျာ. . ."

"မင်းထင်သလောက် အပြင်လောကဆိုတာ မရိုးဘူးကွ၊ အတွေ့အကောက် အနိမ့်အမြင့်တွေ ပေါမှပေါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ. . ."

"စေတနာအကျိုးပေး၏တဲ့၊ စိတ်မညစ်မထားဘဲ ကိုယ့်ရဲ့မူရင်းစိတ်အတိုင်းသာ ဆက်သွားပါ။ သာယာပျော်ရွှင်မှုတွေလာမှာပါ"

ထိုလူကို သူ စူးစူးစိုက်စိုက်ကြည့်မိပါ၏။

"မိန်းမကောင်းလေးနဲ့ ဆုံစည်းရလိမ့်မယ်၊ နေ့သစ်တိုင်းဟာ စိတ်ဝင်စားစရာကောင်းလာလိမ့်မယ်။ တကယ်တော့ ဘဝဆိုတာ နေတတ်ရင် ကျေနပ်စရာကြီးပါ။ ဒါကို မင်းလက်ခံလာလိမ့်မယ်"

"ဦးလေး ဘာကိုပြောတာလဲ"

"အိမ်ခြေမဲ့ဆိုတာမျိုးက လောကမှာ အများကြီးရှိတယ် အကျိုးအကြောင်းဆိုတာကိုသာသိရင် လူသားတိုင်းဟာ အပြစ်မရှိကြပါဘူး. . .သူတို့တွေကို နားလည်ပေးလိုက်ပါ။ တစ်လောက်ရှိတဲ့ ဒီဝမ်းဗိုက်အတွက် သူတတ်ရာ ကိုယ်တတ်ရာ နည်းလမ်းအမျိုးမျိုးနဲ့ ဖြေရှင်းကြရတာပါ။ မောင်ရင် နေရာမရွေးမောင်ရင့်ကိုယ်ပေါ်က အဝတ်ပါ ကျန်လိမ့်မယ်မထင်နဲ့"





ဟုဆိုတော့ သူက ကြောက်ကြောက်လန့်လန့်ပင် ထရပ်လိုက်ရပါသည်။

ခြေထောက်ညောင်းသည်အထိပင် လမ်းလျှောက်နေသောအခါတွင် သူစီးရမည့်ရထားမှာ တွဲထိုးလာ၍ သူက ရထားပေါ်တက်ကာ သူ့ခုံနံပါတ်ကိုရှာပြီး ထိုင်တော့မှ သက်တောင့်သက်သာဖြစ်သွားရပါတော့သည်။

ထိုစဉ်. . .

★★★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ဟာ. . . ဒီပစ္စည်းတွေကို ဒီမှာ ထိုးထည့်လေ"

ဟုဆိုကာ အင်္ကျီအပြာဝတ်များက ဆူညံစွာပင် ဝရုန်းသုန်းကား ဝင်လာကြပြီး မနိုင်မနင်း မ,လာခဲ့သောပစ္စည်းများကို သူထိုင်သောခုံအောက်သို့ ထိုးထည့်ပြီး အချို့ကို သူ့ရှေ့မှာပင် ထားပစ်ခဲ့တော့ သူ့မှာ ခြေထောက်ချစရာနေရာပင် မှန်ဘီလူးနှင့် ရှာရမလိုဖြစ်သွားပါသည်။

ပြဿနာများလှပါသော သူ့ခရီးစဉ်ကို စဉ်းစားနေမိသည့်တွင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ပန်းသီးလေး ဝယ်ပါဦး အစ်ကို၊ ဆယ်လုံးမှ ကိုးရာတည်းပါ။ ဆယ်လုံးလောက် အားပေးပါဦး"

"မင်း,ပန်းသီးက အစိမ်းရောင်ကြီး"

"လတ်ဆတ်တယ် အစ်ကို၊ ဒါက သူ့မျိုးမို့ပါ။ အားပေးပါဦး"

ဟု ဖွတ်အတင်းပင် သူ့မျက်နှာနား ရောင်းလာတော့ သူက အားနာပါးနာပင် ဝယ်ထားလိုက်ရပြန်ပါသည်။ ဝယ်ထားမိသောပန်းသီးထုပ်ကို ဘယ်မှာထားရမှန်းမသိသေးခင်မှာပင်. . .

"ထိုးမုန့်လေး အားပေးပါဦး"

"တော်ပြီဗျာ"

"တစ်ထုပ်မှ ရှစ်ရာတည်းပါ၊ ဆိုင်ကြီးမှာတောင် ကိုးရာ့ငါးဆယ်ရှိတာ။ တစ်ထုပ်လောက် အားပေးပါဦး, နှစ်ထုပ်ယူရင်တော့ ထောင့်ငါးရာပဲ။ အားပေးပါဦး. . . ဝယ်မှာလား"

ဟု ဖွတ်ပြောလာပြန်တော့ သူက နားညည်းမခံနိုင်တော့၍ မြန်မြန်ပြီးသွားစေရန် ဝယ်လိုက်ရပြန်ပါသည်။ ထိုးမုန့်ဖိုးပိုက်ဆံရှင်းနေသောအချိန်တွင် သူ၏မျက်နှာချင်းဆိုင်ခုံတွင် လူနှစ်





ယောက် ရောက်လာကြပြန်ပါသည်။

မိန်းမကြီးတစ်ယောက်နှင့် ယောက်ျားကြီးတစ်ယောက်ဖြစ်ပါသည်။ မိန်းကလေးမဟုတ်၍ စိတ်သက်သာရာ ရမိတာတော့ အမှန်ပါပဲ။ မိန်းကလေးဆိုရင်တော့ သူ့စိတ်ထဲ အနည်းငယ်အနေကျုံ့နိုင်သည်မဟုတ်ပါလား။

ထိုစဉ်မှာပင် သူ့ဘေးခုံမှလူက ရောက်လာပြန်ပါသည်။ အသက်သုံးဆယ်ကျော်အရွယ်ရှိ လူကြီးတစ်ယောက်ပင် ဖြစ်ပါသည်။ ထိုလူက သူ၏အိတ်များကို နေရာချပြီးလျှင် သူ့ကိုပြုံးပြကာ မိတ်ဖွဲ့ပါ၏။

"ဘယ်သွားမှာလဲ"

"မြစ်ကြီးနားကို"

"ကျွန်တော်ကတော့ ကောလင်းတင်ဗျာ၊ ဒါပေမဲ့ မြစ်ကြီးနားလက်မှတ်ပဲ။ ခင်ဗျားအိပ်သွားလို့ ရတာပေါ့"

ဟု သဘောကောင်းပုံရတဲ့ထိုလူက ရိုးရိုးသားသားပြောတော့ သူ စိတ်သက်သာရာ ရသွားပါသည်။ လောကမှာ လူလိမ်ချည်း လူလည်ချည်း ရှိနေတာမှမဟုတ်ဘဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က လာလဲဗျ၊ ဒီမန္တလေးကပဲလား"

"ရန်ကုန်ကပါ"

"ကားကဆင်းတဲ့ ခရီးသည်ထင်တယ်"

"ဟုတ်ကဲ့"

"ကျွန်တော်ကတော့ လားရှိုးက,ဗျာ၊ ရှာခဏပြန်မလို့ လက်မှတ်က မရနိုင်ဘူး။ မှောင်ခိုသာ,လွယ်တာ. . . လူလူချင်း ဖွံ့ကျတာတော့ မကောင်းဘူးပေါ့ဗျာ။ ဘယ်တတ်နိုင်မလဲ၊ ဝယ် ရတာပေါ့၊ မကျေမနပ်ပဲဖြစ်ဖြစ်၊ ဒါနဲ့ ခင်ဗျားကရော လက်မှတ် ပေါက်က ရတာပဲလား"

"မှောင်ခိုပါပဲ"

"ဘယ်လောက်ပေးရသလဲ"

"နှစ်သောင်းခွဲ"

"အဲ, ခင်ဗျားက ကျွန်တော့်ထက် ပိုရိုက်စားမိခဲ့တာပေါ့"

"ဗျာ! "

"တစ်သောင်းခြောက်ထောင်ပဲ ပေးရတယ်လေ။ ဒါနဲ့ အဒေါ်တို့ရော"





ဟုတစ်ဆက်တည်းပင် ဖော်ရွေသောထိုလူက မျက်နှာ ချင်းဆိုင်ခုံမှ အတွဲကိုမေးတော့. . .

"တို့က ငါးရက်ကြိုပါ"

"ကောင်းတာပေါ့ဗျာ၊ ခရီးက ဘယ်ထိလဲဗျ"

"မြစ်ကြီးနားထိပေါ့"

"တစ်မျိုးတော့ မထင်ပါနဲ့ဗျာ၊ ခရီးသွားချင်း ရင်းရင်း နှီးနှီးရှိတော့ ညရေးညတာ အဆင်ပြေတာပေါ့"

"မထင်ပါဘူးကွယ်၊ ခင်တတ်ပါတယ်. . . ဒါနဲ့ ဒီအထုပ် တွေက"

"ကျွန်တော့်အထုပ်တွေပါ အဒေါ်"

ဟု ပန်းသီးနှင့် ထိုးမုန့်ကိုပြောလျှင် ထိုအဒေါ်ကြီးက အထုပ်တွေကို ပြုံးပြုံးကြည့်ကာ. . .

"ဘူတာရုံမှာ ဝယ်တာလား"

"ဗျာ! ဟုတ်. . . ဟုတ်ကဲ့"

ထိုအဒေါ်ကြီးက အကြားအမြင်များ ရလေရော့သလား။

"ပန်းသီးက ဘယ်လောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရော"

"များတာပေါ့၊ ဈေးမှာ တစ်လုံး ငါးဆယ်တောင် ဘယ်သူမှ မဝယ်ချင်ကြဘူး"

"ဈေးပေါတယ်နော်"

"ဈေးပေါဆို အချဉ်တွေလေ၊ ပန်းသီးပုရစ်ဖူးလို့တောင် ပြောလို့ရတယ်"

"ဗျာ!"

"မင်းရဲ့ထိုးမုန့်ရော ဖောက်ကြည့်ပါဦး"

"ဘာဖြစ်လို့လဲ"

"မှိုတက်မနေရင် ကံကောင်းတာပေါ့"

"ဗျာ!"

"ဈေးပေါမှတော့ မကောင်းလို့ပေါ့ကွယ်။ မင်းကိုညာရောင်းခဲ့တာ။ ငါ့တူကြည့်ရတာ သိပ်နားလည်ပုံမရဘူး. . . ခရီးမထွက်ဖူးဘူးထင်တယ်"

ဟုဆိုပြန်တော့ သူ့ကိုယ်သူ သံသယဝင်လာခဲ့ရပါသည်။ သူက အဲ့လောက်ထိ ဟန်မဆောင်နိုင်တဲ့လူလား။ သူ့ပုံကို မြ





မြင်ပြောင်းလဲဖို့ လိုပြီထင်ပါရဲ့။ သူကပဲ လူသိတစ်ယောက်လို ဟန်မလုပ်တတ်တာလား။ ဒီလူတွေကပဲ လူကဲခတ်တော်လွန်းတာလား။

"ကဲ, ကျွန်တော်ကတော့ ခရီးပမ်းလာလို့ဗျာ. . . အိပ်မြို"

ဟုဆိုကာ သူ့ဘေးမှလူက ရထားစတွက်ချင်းပင် ကျောမှီကိုမှီကာ အိပ်ပျော်သွား၍ သူက လှပသောတောင်ပေါ်မှ စေတီကိုင်းဘုရားများကို ငေးမောရင်း လိုက်ပါလာခဲ့ပါသည်။

ညနေမို့ ပုစွန်ဆီရောင်နေခြည်နွေးနွေးက ထိုးကျနေ၍ တောင်ထိပ်ပေါ်မှ ဘုရားစေတီများက သာမန်ထက်ပို၍ သပ္ပာယ်နေသည်မှာ ထင်ရပါသည်။

'ဘူးဘော်'ဆိုပြီး ဥဩဆွဲကာ တဖုန်းဖုန်း ခုတ်မောင်းနေသည့် ရထားကြီးမှာ အရှိန်အဟုန်ပြင်းပြင်းပင် ရှေ့ဝတီမြစ်များကို စစ်ကိုင်းတံတားမှတစ်ဆင့် ကူးဖြတ်နေခဲ့ပါသည်။

တဂျုံးဂျုံးမြည်နေသော ရထားခုတ်သံနှင့် တိုးဝင်လာသော စိုထိုင်းထိုင်းလေထုက သူ့ရဲ့အတွေးကို လန်းဆန်းစေတော

www.burmeseclassic.com



အမှန်ပါပဲ။ မြို့ပြရဲ့နွေးထွေးထွေးလေထုနှင့်စာလျှင် ထိုအရိုင်းဆန်သောလေစိမ်းက သူ့ရဲ့အသက်ရှူလမ်းကြောင်းကို ပိုပြီးနှစ်သက်မှုဖြစ်စေတာတော့ အမှန်ပါ။

ထိုသဘာဝရှုခင်းတွေကို နှစ်သက်မိပေမယ့်လည်း အိပ်ရေးပျက်ထား၍ မျက်လုံးများမှာ မှေးစင်းစပြုလာခဲ့ရပါသည်။ သို့သော်လည်း သူ့ပတ်ဝန်းကျင်တွင် မြင်လေ့မြင်ထမရှိသည့် ကွင်းပြင်ကျယ်မှ ထန်းပင်ရှည်ရှည်ကြီးများကို စိတ်ဝင်စားစွာပင် ကြည့်နေဖြစ်ပါသည်။

ရေထဲဝင်လုမတတ် ကိုင်းညွှတ်နေသော စပါးနှံများကို စိတ်ဝင်စားစွာကြည့်ပြီး ပါလာသောဖုန်းလေးနှင့် မှတ်တမ်းတင်နေမိပါသည်။ ဒီလိုပုံမျိုးကို သူမှမမြင်ဖူးခဲ့ဘဲလေ။ လယ်ကွင်းထဲတွင် ကုန်းကုန်း၊ ကုန်းကုန်းနှင့် စပါးနှံများကို ကိုင်နေကြသော သနပ်ခါးပါးကွက်ကြားထူထူနှင့်အမျိုးသမီးများကိုပါ ဖုန်းထဲ၌ မှတ်တမ်းတင်ထားမိပါသည်။

"စပါးပင်တွေကို ခူးနေတာလား"

ဟုလည်း ပါးစပ်မှ တီးတိုးပြောမိသေး၏။ နေရောင်





ခြည်က တဖြည်းဖြည်းမှေးမှိန်သွားခြင်းနှင့်အတူ တိုက်ခတ်နေသောလေထုကလည်း တဖြည်းဖြည်းအေးစက်လာခဲ့ပါသည်။

သူ၏မျက်နှာချင်းဆိုင်ခုံမှ အဒေါ်ကြီးနှင့် ဦးလေးကလည်း ငိုက်မြည်းနေသလို သူ့ရဲ့မျက်ဝန်းတွေပါ မှေးစင်းလာ၍နောက်ဆုံး၌ အိပ်ပျော်သွားရပါသော်လည်း တစ်ခဏအတွင်းပင် ဆူညံသံများကြောင့် ပြန်နိုးသွားရပါသည်။

နာရီကိုငုံ့ကြည့်မိတော့ သူ အံ့ဩသွားရပါသည်။ သူက ခဏလေးအိပ်လိုက်တာဟု ထင်နေခဲ့ပေမယ့်လည်း တော်တော်ကြာသွားတာပါလား။

"ကဲ, ကိုယ့်ညီ၊ ခင်ဗျား ဗိုက်မဆာဘူးလား"

ဟု ထိုလူက မေးလာတော့လည်း ဗိုက်က ဆာသလိုလိုတော့ အံရှိသားပင်။

"ဆာမှာပေါ့ဗျာ၊ ဒီအချိန်ကြီးရှိနေပြီပဲ"

"ခဏနော်"

"ဘယ်လဲဗျ"

"အောက်ဆင်းပြီး စားစရာသွားဝယ်မယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏပဲရပ်တာ, ခင်ဗျား ကျန်ခဲ့မှာပေါ့"

ဟု သူက စိုးရိမ်မကောင်းဆိုပေမယ့်လည်း ထိုလူက ပြုံး
ကာ အောက်သို့ဆင်းသွားခဲ့ပါသည်။ ခဏအကြာတွင် ရထားက
ရပ်နေရာမှ ထွက်ခွာဖို့ အချက်ပြဥသြဆွဲပါလျှင် သူစိုးရိမ်သွား
ပါသည်။

ထိုလူ ကျန်ခဲ့မှာကိုပါ။ ဘယ်သွားနေသလဲ၊ စားစရာကို
အဲဒီလောက် အချိန်ကုန်ခံပြီး ဝယ်ရသလား။ သူ စိုးရိမ်နေစဉ်မှာ
ပင် ရထားက ဘီးလိမ့်စ ပြုလာခဲ့ပါသည်။ ပို၍စိုးရိမ်လာရပါ
ထို့ကြောင့်ပင် ရထားပြတင်းပေါက်တွင် ခေါင်းပြူထွက်ကြည့်
ပါသည်။

"ဘာကြည့်နေတာလဲဗျ"

ဟုနောက်မှခေါ်သံကြားတော့မှ သူက လှည့်ကြည့်လို
ရာ ထိုလူကိုတွေ့လိုက်ရ၍ သူ့ရင်ထဲ အလုံးကြီးကျသွားရပါ

"တော်သေးတယ်ဗျာ၊ ကျွန်တော်က ခင်ဗျားကျန်ခဲ့
နေပြီထင်တာ"

"ရွှေဘိုဘူတာလေ. . . ရပ်နားချိန် ရှစ်မိနစ်လောက်





တယ်၊ အဆင်ပြေပါတယ်"

ဟုပြောကာ နေရာမှာ ထိုင်လည်းထိုင်ပြီး သူ့ထံ အထုပ်
တစ်ခုကို လှမ်းပေး၍ သူက ယောင်နနဖြင့် ယူလိုက်ရပါသည်။

"ဘာလဲ"

"ညစာစားဖို့အချိန်တောင် ကျော်ခဲ့ပြီလေ၊ ဆာရော
ပေါ့"

"အားနာစရာကြီး"

"စားပါဗျာ, ဘာဆေးမှခတ်မထားဘူး။ ဒါပေမဲ့ ကျွေး
ချင်တော့ မစားနဲ့ပေါ့ဗျာ။ လူတိုင်းက ကိုယ့်လိုမရိုးကြဘူး။ ဒါ
ပေမဲ့ ကျွန်တော်ကတော့ မညစ်ပတ်ပါဘူး။ စေတနာသန့်သန့်
နဲ့ စိတ်သန့်သန့်နဲ့သာ စားပါ။ ကျွန်တော်တော့ မစားခင် ဆေးလိပ်
သောက်တာမို့ သောက်ဦးမယ်ဗျာ။ ခင်ဗျားရော သောက်သလား"

"မသောက်ဘူးဗျ"

"အားနာစရာပဲဗျာ၊ ကျွန်တော်ကတော့ ကွမ်းလည်းစား,
ဆေးလိပ်လည်းသောက်ပဲ"

"ကိုယ့်စိတ်နဲ့ကိုယ်ပဲ, ကိုယ်ပိုင်လွတ်လပ်မှုရှိပါတယ်"



www.burmeseclassic.com

"ကြိုက်သွားပြီဗျာ၊ ဒါဆိုရင်တော့ အားမနာတမ်း
သောက်ပြီဗျို့"

ဟုဆိုကာ ဝီစကီပုလင်းကိုဖွင့်ပြီး မော့ချလိုက်တော့
ထိုလူကို ချီးကျူးသွားရပါသည်။ ဒီလောက်ပြင်းရှရှအရသာ
အမြည်းမပါ၊ ရေမပါဘဲ သောက်ချလိုက်သောကြောင့်ပါ။

ဒီလိုခုတ်နေသောရထားပေါ်မှာ ထမင်းဘယ်လိုစား
မလဲဆိုတာ စဉ်းစားမတတ်အောင်ပါဘဲ။ သို့သော် အများသူ
ကိုကြည့်ပြီး အများနည်းတူပင် ပေါ်နေသောဖွန်းဖြင့် ဖွာလန်
ထမင်းပူပူကို နှိုက်လိုက်ပြီး ပါးစပ်ထဲသို့ ထည့်လိုက်ပေမယ့်
ဆွဲခုန်ဆွဲဖြစ်နေသောရထားပေါ်မှာမို့ အဆင်ပြေမှုမရှိပါ။

ဗိုက်ဆာနေတာမို့ ငါးဖွန်းမျှ ခက်ခက်ခဲခဲဝင်သွားခဲ့
မယ့် ထိုဆန်နှင့် ထိုအတုံးလိုက်ကြီးဖြစ်နေသော အဆင်မ
သည့်အသားဟင်း၊ ပြီးတော့ တဒုန်းဒုန်းခုတ်နေသော ရထ
ငါးဖန်းထက်အပြင် ပိုမဝင်တော့၍ ဒီအတိုင်းပင် အ
ဆင့် ပြင်ပလောကသို့ လွှင့်ပစ်





ဟင်းနံ့စွဲနေသော သူ့လက်ကို ဆေးကြောရင်း ရေတစ်
ဘူး ကုန်သွားပါတော့သည်။ သို့သော်လည်း သူ့လက်မှအနံ့က
ပျောက်မသွားပါချေ။ ထိုလူက သူ့ကိုကြည့်ပြီး. . .

"ခင်ဗျားက တော်တော်အသန့်ကြိုက်ပုံရတယ်"

"အင်း"

ဟုဆိုတော့ ထမင်းစားပြီး ရေမသောက်ရသေးသောသူ့
ထံ ရေဘူးလှမ်းပေးပါသည်။

"သောက်ပါဗျာ. . . အသစ်ပါ၊ ကျွန်တော်မသောက်ရ
သေးပါဘူး"

ဟုဆိုတော့ သူအားနာသွားမိတာ အမှန်ပါပဲ။ သို့သော်
လည်း အားနာခြင်းကိုချန်လှပ်ကာ ထိုရေဘူးကိုယူပြီး ဖွင့်သောက်
လိုက်ရာ ကွမ်းတွေဝါးထားသော သွားနီကျင်ကျင်နှင့်ပင် ခပ်မည်း
မည်းပြုံးပြလာသည်မှာ ထိုလူ မူးနေပြီဖြစ်ကြောင်း သိသာလှ
ပါသည်။

"ကျွန်တော်ကတော့ မူးပြီဗျာ၊ အိပ်တော့မယ်။ ခြော်,
တယ်၍ ခင်ဗျားမအိပ်ရင် ကျွန်တော့်ကိုတော့ ကောလင်းကို

ရောက်တော့ နှိုးဦးဗျာ”

“ကျွန်တော် သတိထားပြီးနေပါ့မယ်”

ဟု တစ်လုပ်စားဖူးသော သူ့ကျေးဇူးကို သိစွာပင် ယဉ်ကျေးစွာပြောပြီးတော့ ထိုလူက အမှန်တကယ်ပင် ကျောမှီကိုမှီကာ တစ်ခဏအတွင်း အိပ်သွားခဲ့ပါသည်။

ထိုအချိန်တွင် မျက်နှာချင်းဆိုင်ခုံမှ မျက်နှာညိုပုပ်ပုပ်နှင့် အဒေါ်ကြီးက ထိုလူကိုကြည့်ကာ...

“ခရီးသွားတာပဲ၊ သောက်စားမူးရူးသူနဲ့...တော်တော်ခက်တယ်”

ဟု သဘောထားမပြည့်စွာဆိုလျှင် ထိုအမျိုးသမီးကို ကြောင်စီစီကြည့်နေဖြစ်ပါ၏။ ထိုအမျိုးသမီးကို စိတ်ထဲရွံ့သွားမိတာ အမှန်ပါ။ ရုပ်က စိတ်ရင်းဆိုးပုံမျိုး အပြည့်အဝပေါ်လွင်နေပါသည်။

သူ့အရက်သောက်တာ ဘာများရိုင်းရိုင်းစိုင်းစိုင်းပြုမူနေလို့လဲဟု ထိုလူဘက်မှကာကွယ်ကာ ရန်တွေ့ချင်မိပါသော်လည်း လူ့စည်းကမ်းလူ့ဘောင်နှင့်မို့ ထိန်းထိန်းသိမ်းသိမ်းနေလိုက်ရပါ





သည်။

“ဒါနဲ့ မင်းက ဘာအလုပ်လုပ်သလဲ”

“ဗျာ...”

အလွန်စပ်စုလှချည်လားဟု ပြောချင်မိတော့ပါ။

“တို့တွေက ဝန်ထမ်းဟောင်းတွေလေ၊ သူက စည်ပင်က အငြိမ်းစားအရာရှိ၊ အဒေါ်ကတော့ တရားရုံးက စာရေး”

ဟု မိမိကိုယ်ကို ဂုဏ်ဖော်ကာ ပြောနေသေးသော ထိုအဒေါ်ကြီးကို သူက ဘာမှမပြောဘဲ ကြည့်နေမိပါ၏။

“သားသမီးသုံးယောက်ရှိတယ်၊ သမီးနှစ်ယောက်က ကျောင်းဆရာမ၊ သားက တစ်ပွင့်၊ ဗိုလ်လေ”

ဟုခပ်ကြွားကြွားပြောနေပါသော အဒေါ်ကြီး၏ မဲညစ်ညစ်သက်သည်းခွံများကို သူက ဘာရယ်မဟုတ် ကြည့်နေမိပါ၏။ ခြေထောက်ရော လက်ပါ သန့်ပြန့်မှုအလျဉ်းမရှိ။ ညစ်ပတ်နေတဲ့ ထိုအဒေါ်ကြီးက ဘာတွေဆက်ပြောဦးမှာပါလဲ။

ထိုစဉ် တစ်ချိန်လုံး ခုံပေါ်တွင် တိတ်ဆိတ်ကာ အိပ်မောကျနေသော စည်ပင်မှအငြိမ်းစားအရာရှိကြီးသည် ရုတ်တရက်



www.burmeseclassic.com

www.burmeseclassic.com



သလိုပင် ခြေကားယားလက်ကားယားနှင့် အကြောဆန့်လာကာ သူ့ကို ကန်ခဲ့ပါတော့သည်။

"ဘာ. . . ဘာလုပ်တာလဲ"

ဟု သူက ထိတ်လန့်တကြား ထိုလူကြီးကိုအပြစ်တင်သလို ပြောနေမိစဉ်မှာ ထိုအမျိုးသမီးကြီးက ထိတ်လန့်တကြားပင်. . .

"အဲ, လုပ်. . . လုပ်ကြပါဦး၊ တက်နေပြီ, လုပ်ပါဦး"

ဟုအသံကျယ်ကြီးနှင့် အော်ပစ်ပါတော့သည်။ ဘေးခုံမှ အိပ်ပျော်နေသူများရော, သူ၏ဘေးမှလူပါ ရုတ်တရက်လန့်နိုးသွားပါသည်။

"လုပ်ပါဦး. . . . တက်နေပြီ"

ဟု အဒေါ်ကြီးက ရုတ်တရက်အကူအညီတောင်းစဉ်မှာတော့ သူ့ဘေးမှပုဂ္ဂိုလ်က ချက်ချင်းထကာ ထိုလူကြီး၏ပေါင်ရင်းကိုနင်းပြီး လက်ချောင်းတွေကို ဆွဲဆန့်လိုက်ပါ၏။

ခဏအတွင်းမှာပင် အမြှုပ်တွေ ထွက်နေသော ထိုလူကြီးရဲ့ပါးစပ်မှာ ပုံမှန်ပြန်ဖြစ်သွားရပါသည်။





"ခင်ဗျား နာသွားသလား"

ဟု အကန်ခံခဲ့ရသောသူ့ကိုမေးလျှင် ဒါမျိုးမမြင်ဖူး၍ လန့်နေသောသူက အသက်ဝဝရှူပြီး ခေါင်းကိုမှတ်ထုတ်လိုက်ပါသည်။

"မကြာခဏဖြစ်ဖူးလား အဒေါ်"

"အင်း, ပင်ပန်းရင်တို့၊ အေးရင်တို့မှ ဖြစ်တတ်တာပါ"

"ဆေးပါသလား"

"အင်း"

ဟုဆိုကာ အိတ်ထဲမှဆေးကိုထုတ်၍ တိုက်လိုက်ပြီးတော့မှ. . .

"ကျေးဇူးပဲ သူငယ်"

ဟုပြောလာပါသည်။ မျက်နှာက ကွာခြားသွားလိုက်တာ စောစောကပုံနဲ့ အခုနဲ့။ ဘယ်လိုမိန်းမကြီးလဲ။

"ဒါနဲ့ လူငယ်က ဒါတွေတတ်တယ်နော်"

"ဟုတ်ကဲ့, ကျွန်တော်က တပ်ထဲမှာ ဆေးမှူးပါ"

"ဪ, တပ်ထဲကလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အခုက အိမ်ကိုပြန်တာလား"

"ဟုတ်ကဲ့, မိဘတွေနဲ့ မတွေ့ရတာကြာလို့ပါ"

ဟုအစချီကာ မနားတမ်းစကားတွေ ဖောင်ဖွဲ့ပြောနေတော့သည့် ထိုအဒေါ်ကြီးကို သူ မျက်မုန်းကျိုးချင်လာပါသည်။ ထိုအဒေါ်ကြီး၏စကားများကို သဘောကောင်းသည့်ထိုလူက စိတ်ရှည်စွာ နားထောင်ပေးရင်း လိုက်လာခဲ့သည်မှာ မကြာခင်မှာပင် ကောလင်းသို့ရောက်လာ၍ ထိုလူက ရထားပေါ်မှဆင်းပြီး သူနှင့် ထိုအဒေါ်ကြီးစုံတွဲကိုပါ နှုတ်ဆက်သွားပါသည်။

အခုတော့လည်း ထိုအဒေါ်ကြီးက ထိုလူကို နှုတ်ဆက်၍ မဝနိုင်တော့ပါ။ ဒီလိုနှင့် အဆင်မပြေသောခရီးစဉ်ကို နံနံစော် စော်နှင့်ပင် ဖြတ်ကျော်လာခဲ့ရာ နောက်တစ်နေ့ မိုးလင်းသွားခဲ့ပါသည်။

မိုးလေင်းလင်းချင်းမှာပဲ ဆူညံနေတော့သည့်ရထားပေါ်မှ ဈေးသည်များကြောင့် စိတ်ညစ်ရပြန်ပါသည်။ အသံကျယ်ကြီးနှင့် ဆေးကြော်ငြာသမားတွေရော, ဈေးဓမင်းရောင်းသူတွေရော,





အချဉ်ရောင်းသူ, ကွမ်းယာရောင်းသူနှင့် ရှုပ်ယှက်ခတ်နေပါတော့သည်။

သိပ်မကြာခင်မှာပင် ကချင်ပြည်နယ်မှ တြိုဆိုပါ၏ဆိုသော ဆိုင်းဘုတ်ကြီးကိုတွေ့လိုက်ရ၍ ရောက်တော့မှာပါလားဟု ဝမ်းသာသွားရပါ၏။ ထန်းပင်များကြားတွင် စပါးတွေ ဖြစ်နေခဲ့ပေမယ့် ယခုကချင်ပြည်နယ်မှာတော့ နွဲ့တွေသာ အစိမ်းလိုက်ရှိနေသေးပါလား။

နာရီပိုင်းမျှသာ အချိန်ကိုဖြတ်ကျော်ခဲ့ပေမယ့် ရာသီဥတုချင်းမတူတဲ့ဒေသနှစ်ခုမှာလို ခံစားရပါသည်။ လှပစွာသွယ်တန်းနေသော တောင်တန်းများကို မြက်ပင်ရှည်ကြီးများကြားမှ ပျောက်လိုက်ပေါ်လိုက်တွေ့ရပြီး တောင်ထွဋ်ပေါ်တွင် စေတီတချို့ကိုလည်း ဖွေးဖွေးဖြူဖြူတွေ့နေရသေး၍ စိတ်ကြည်နူးမိတာတော့အမှန်ပါပဲ။

မိုးရှုံ့နှောသည့် လေပြည်နုနုတိုက်ခတ်လာချိန်မှာတော့ စိုထိုင်းထိုင်းဖြစ်နေသော သူ့စိတ်မှာ အေးမြလတ်ဆတ်လာခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကိုဝေကြည့်တော့လည်း လယ်ကွင်းဟု ထင်ရသော မြေကွက်လပ်များတွင် နွားနှစ်ကောင်နှင့်အတူ ပြေးလွှားနေသူအချို့ကို တွေ့ရပါသည်။

အချို့နေရာများတွင် အပင်စိမ်းစိမ်းဖြောင့်ဖြောင့်များကို ယောကျ်ားလေးတစ်သိုက်က ခွဲနှုတ်နေပြီး အချို့နေရာများတွင် ရွှံ့ဗွက်ထဲ၌ အပင်စိမ်းစိမ်းများကို ကုံးကွကွနှင့်စိုက်နေသော အမျိုးသမီးများကို တွေ့ရပါသည်။

ထိုမြင်ကွင်းတွေက သူ့အတွက် အထူးအဆန်းတွေမို့ ဝေကြည့်နေမိပါ၏။ ထိုသို့ဝေကြည့်နေစဉ်မှာပင် ရထားမှာ တုန့်ခနဲရပ်သွားရပါ၏။

ဘူတာတစ်ခုခုများ ရောက်လို့လားဟု သူက စိတ်ဝင်တစားနှင့် ပြတင်းပေါက်မှတစ်ဆင့် ပြင်ပသို့ ခေါင်းပြူကြည့်တော့လည်း စိမ်းဖန့်ဖန့်လယ်ကွင်းပြင်နဲ့ မြက်ရိုင်းပင်များအပြင် ဘာမှ မတွေ့ရပါ။

ဘာဖြစ်လို့လဲဟု တွေးနေစဉ်မှာပင်. . .

"ရထားတွဲချော်လို့တဲ့ဗျို့၊ လမ်းပိတ်နေတယ်"





"ငါတို့စီးတဲ့ရထားလား"

"ရှေ့ရထားပါ. . . အစုန်ရထားမို့ ရှေ့ဆက်လို့မရဘူး။ အနည်းဆုံး သုံးနာရီလောက်တော့ ကြာဦးမှာပဲ"

ဟုခပ်လှမ်းလှမ်းမှပြောဆိုနေသံကို မီမီသဲသဲကြားလိုက်ရ၍ သူစိတ်ပျက်သွားမိပါသည်။ ရထားနောက် နံရသည့်ကြားထဲ အစားပျက် အအိပ်ပျက်နှင့် လူလည်း ချုံးချုံးကျနေရပါပြီ။ မစ်လိုက်မိတဲ့ လေယာဉ်လက်မှတ်အတွက် သူ နောင်တကြီးစွာ ရနေမိပါ၏။

ပြီးတော့ လူကြီးတွေကို တော်လှန်ပုန်ကန်ချင်လို့များ ခုလိုဒေါသင့်နေသလားဟု ရင်ထဲမှာ တွေးမိပါသည်။ သို့သော်လည်း သူဟာ ယောကျ်ားတစ်ယောက်မို့ အားတင်းလိုက်ပါ၏။

သူတစ်ယောက်တည်း ခုလိုဒုက္ခဖြစ်တာမှမဟုတ်တာ၊ လူတွေအများကြီးနဲ့အတူလေ။ လူလူချင်း အသက်ရှူတာက အတူတူပဲမို့ သူက ဘာထူးပြီး ဒုက္ခလို့ခံစားနေရတာလဲဟု မိမိကိုယ်ကို ဆုံးမမိပါသည်။

တငွိငွိမြည်နေသောမိုက်ကို ဖြည့်တင်းချင်လှပါသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း အဆင်မပြေနေတာကြောင့် ကျိတ်မှိတ် သည်းခံနေရပါသည်။ ပတ်ဝန်းကျင်ကိုအကဲခတ်လိုက်တော့ ရထားပေါ်မှလူများမှာ သက်တောင့်သက်သာပင် အောက်ဆင်းကာ အပြောင်းအညာပြေနေကြသည်မို့ သူပါ အောက်ဆင်းချင်စိတ် ပေါက်လာပါသည်။

ထို့ကြောင့်ပင် တစ်ခုတည်းသော ကိုယ်ပိုင်ပစ္စည်းဖြစ်သည့် ကျောပိုးအိတ်ကိုလွယ်ကာ ဘူတာကြီးမှာ ဝယ်ခဲ့သောပန်းသီးထုပ်ကိုဆွဲပြီး အောက်သို့ဆင်းလာခဲ့ပါသည်။

အောက်သို့ရောက်ရောက်ချင်းမှာပဲ ရေခဲရနံ့ပါသောလေထုက သူ့ကို နွေးထွေးစွာကြိုဆို၍ စောစောက ရထားပြီးသားနောင်တပင် ဘယ်ပြေးကုန်သည်မသိတော့ပါ။

သုံးနာရီလောက် အနည်းဆုံးကြာဦးမည်ဆိုတော့ အေးဆေးပေါ့ဟုတွေးကာ ပတ်ဝန်းကျင်ကိုလှေ့လာအကဲခတ်လိုက်ပြီး ရောက်တတ်ရာရာ လျှောက်ကြည့်နေမိပါသည်။ စေလိုရာ နေခဲ့ရတဲ့သူ့ဘဝမှာ ဒါက ပထမဆုံးအတွေ့အကြုံနှင့် ပထမဆုံးလုပတဲ့မြင်ကွင်းမဟုတ်ပါလား။

လူအများနှင့် နီးနှောမနေချင်တဲ့ သူ့ရဲ့ပင်ကိုဗီဇကြောင့်





ထိုလူအုပ်နှင့်ဝေးရာ ခပ်လှမ်းလှမ်းရှိ ကြီးမားသောအပင်ကြီး၏ အောက်သို့ လာခဲ့မိပါသည်။

အရိပ်အာဝါသကောင်းတဲ့ ထိုအပင်ကြီးအောက်တွင် အေးမြသောလေထုနှင့်အတူ အေးချမ်းတိတ်ဆိတ်စွာပင် သူထိုင်လိုက်မိပါ၏။ သစ်မြစ်ဆုံကြီးက အကြီးကြီးမို့ အဆင်ပြေမိတာကတော့အမှန်ပင်။

ထိုသစ်မြစ်ဆုံကြီးပေါ်ထိုင်ရင်း အေးမြသောလေထုရဲ့ လတ်ဆတ်သောအငွေ့အသက်ကြောင့် အိပ်ပျက်နေသောသူ့မျက်ဝန်းမှာ ငိုက်မြည်းစပြုလာခဲ့ရပါသည်။

သူ့ကိုယ်သူ မသိလိုက်ခင်မှာပဲ သူဟာ ထိုသစ်မြစ်ဆုံပေါ်တွင် အိပ်ပျော်သွားခဲ့ရပါသည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျခဲ့တယ်ဆိုပေမယ့် ဖျတ်ခနဲလန့်နိုးလာချိန်မှာတော့ ငယ်ထိပ်ကိုမြွေပေါက်သလို ခံစားလိုက်ရပါသည်။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"ဟိုက်! ရထားကြီးရော"

ပြာဝေသွားရပါသည်။

မအိပ်ပျော်သေးခင်အချိန်မှာတော့ အရှည်ကြီးရှိနေသေး သည့်ရထားက ခုတော့ ပျောက်ချင်းမလှပျောက်သွား၍ သူ့မှာ အဝေါ်ဖြစ်ရမှာလား. . . ထိုင်ငိုရမလားပင် မသိနိုင်တော့ပါ။

"အိပ်မက် မက်နေတာလား"

ဟု ပါးစပ်မှ တီးတိုးညည်းကာ ကိုယ့်ပါးကိုယ် ရိုက်ပစ် မိနိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အား . . . နာတယ်ဟ၊ ပြဿနာပဲ, ရထားက ဘယ်အချိန် ထွက်သွားတာလဲ"

ဟုဆိုကာ လက်မှနာရီကို ငုံ့ကြည့်တော့ ညနေသုံးနာရီ တိတိရှိနေ၍ . . .

"ဘုရား . . . ဘုရား . . . ငါ အဲဒီအချိန်ထိအောင် အိပ်ပျော်သွားတာလား။ ပြဿနာပဲ, ဒီတောထဲမှာ ဘယ်ကဘယ်လို သွားလာရမှာလဲ။ ကျွတ်!"

သူစိတ်ပျက်လက်ပျက်နှင့်ပင် ထိုင်ရမလို ထရမလိုနှင့် ဖြစ်နေမိပါသည်။ ဘယ်ရောက်နေတာလဲဆိုတာကိုလည်း မသိ၊ ဘယ်သွားလို့ ဘယ်လာရမှန်းလည်းမသိနိုင်။ ဘာဆက်လုပ်လို့ လုပ်ရမှန်းလည်း မသိနှင့်ပင် ရောက်တတ်ရာရာဖြစ်နေရပါသည်။

သို့သော် နောက်ဆုံးတွင် သံလမ်းကြီးကို မျက်စိထဲ တန်းမြင်သွားမိပါ၏။

"ဘာပဲဖြစ်ဖြစ် ဒီသံလမ်းအတိုင်း လမ်းလျှောက်သွားရင်တော့ အနည်းဆုံး ဘူတာရုံတော့ တွေ့မှာပဲ"

ဟုစဉ်းစားကာ အားမလျှော့စတမ်းပင် ဖလီဖားတုံးများပေါ်,နင်း၍ လျှောက်နေမိပါသည်။ သို့သော်လည်း ခြေထောက်သာ ညောင်းနေရပါ၏။ မြို့ကိုရောက်ဖို့ ဘယ်လောက်များ လိုသေးသလဲ။

"ရှိ . . . ရှိ . . . ရှိ . . ."

သူ လမ်းလျှောက်နေစဉ်မှာပင် လေချွန်သံသဲ့သဲ့ကို ဝိုးတဝါးကြားလိုက်ရ၍ ချက်ချင်းရပ်ကာ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်တော့ . . .

"ရှိ . . . ရှိ . . . ရှိ . . ."

တေးသွားတစ်ပုဒ် သီကျူးနေသံပါ။

'ဒါဆို လူတစ်ယောက်ပေါ့' ဆိုသည့်အတွေးနှင့် သူက ပတ်ဝန်းကျင်ကို ဝေ့ဝဲရှာဖွေလိုက်ရာ မြုပ်တ်နောက်ကွယ်မှ ကုန်းမြှကုန်းကွနှင့် လူတစ်ယောက်ကို မြင်လိုက်ရပါသည်။

သူ စိတ်အားတက်ကြွသွားမိပါ၏။ ဘာပဲဖြစ်ဖြစ် လောလောမှာ အထီးကျန်နေဖို့ မလိုတော့ပါ။ လူတွေ့ပြီဆိုတော့ စုံစမ်းမေးမြန်းလို့ရပြီပေါ့ ဆိုသောအတွေးနှင့် ထိုလူ့နား ချဉ်းကပ်သွားမိသည်။







www.burmeseclassic.com

www.burmeseclassic.com



ထိုလူ့နား ရောက်သွားပေမယ့် ဘယ်ကဘယ်လို စပြော ရမှန်း မသိသေးပါ။ 'မြို့က ဘယ်နားမှာလဲ'ဟု ကိုယ်လိုသလို မေးမြန်းလို့ ဖြစ်နိုင်ရဲ့လားဟု တွေးတောရင်း. . .

"ဟွန့်! ဟွန့်!"

ဟုချောင်းဟန့်သံ ပြုလိုက်ပါသည်။ သည့်တွင် ထိုလူ က လှည့်ကြည့်လာ၍ သူက အားယူရင်း. . .

"ခင်ဗျား ဘာလုပ်နေတာလဲ"

ဟုစပြော၍ ထိုလူက သူ့ကိုကြောင်နနေ့ငှကြည့်ပြီး. . .

"ငါးမျှားနေတာ မင်းမတွေ့ဘူးလား"

ဟု ခပ်ကြွင်းကြွမ်းပြောတော့ နောက်ထပ်မေးမည့် သူ့ မေးခွန်းတွေမှာ ဘယ်ပျောက်လို့ပျောက်ကုန်မှန်းပင် မသိတော့ပါ။ သို့သော် လိုအပ်တဲ့လူမို့ မျက်နှာကို အတတ်နိုင်ဆုံးပြုံးကာ. . .

"ငါးတော်တော်ရပြီလား"

"မရသေးပါဘူးဗျာ၊ ရေတက်တော့ ငါးပြေးပြီထင်ပါ ရဲ့၊ ငါးရံ့တစ်ကောင်နဲ့ ငါးပြေမတစ်ကောင်ပဲ ရသေးတယ်"

ဟု ဘယ်လိုအသံမျိုးကြီးမှန်းမသိအောင် တစ်လုံးတစ်ခဲ





ကြီးပြော၍ ဒါ တိုင်းရင်းသားထင်တယ်ဟု သူတွေးမိပါသည်။ သူက နောက်ထပ်စကားစပြောမယ်ကြံတုန်းမှာပင်. . .

"ဟာ. . . ပြဿနာပဲ၊ ဒီကောင် ငိုက်ကြားဟာ မောင် ထွန်းရဲ့ပျိုးခင်းကို သွားသွားဝါးချင်နေတယ်"

ဟု ခပ်လှမ်းလှမ်းမှနွားကိုကြည့်ပြီးပြောကာ ငါးမျှားတံ ကို သူ့ထံလှမ်းပေးကာ. . .

"တောကိုင်ထားဦးဗျာ၊ နွား့သွားမောင်းဦးမယ်"

ဟုဆိုကာ ပုဆိုးကိုစလွယ်သိုင်းကာ ဖိနပ်မပါဘဲ လယ် တန်သင်းအတိုင်း ပြေးသွားသောထိုလူကို သူ တအံ့တသြကြည့် နေမိပါသည်။

'ဘယ်လိုလူလဲ. . . ခြေထောက်တွေ မနာဘူးလား' ဟု သည်း ရင်ထဲမှာတွေးကာ ပြေးလွှားနေသောထိုလူကို ကြည့်နေ မိပါသည်။

ထိုလူက နွားသုံးကောင်ကို ကစဉ့်ကလျားမောင်းထုတ် ပြီး သူ့ထံသို့လာခဲ့သည်တွင် ငါးမျှားချိတ်မှဖော့ဆိုသည် ရေထဲ တွင် မြုပ်လိုက်ပေါ်လိုက်နှင့်ဖြစ်နေ၍ ထိုလူမှ ပျာယိပျာယာပင်



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှငါးများတံကို ဆွဲယူပြီး ဆွဲတင်လိုက်သည်တွင် ငါးကြီးတစ်ကောင် ပါလာခဲ့ပါသည်။

"ဟား. . . ဟား. . . ငါးဘတ်ကြီး, ပွတာပဲ"

ဟုဆိုကာ ငါးကို ငါးမျှားချိတ်မှ ဖြုတ်ယူနေပါသည်။ သူ အံ့သြသွားပါသည်။ သူကိုင်ထားသော ထိုငါးများတံမှာ ဒီလောက်ကြီးတဲ့ငါးကြီး မိနေလို့ပါ။

"ဟား. . . ဟား, မင်းနဲ့ ဒီငါးမျှားချိတ်က ကံစပ်တယ်ငါ ဒီလောက်မျှားနေတာ တစ်ခါမှ ငါးဘတ်မရဖူးဘူး။ လာကွာ တဲမှာ သွားချက်စားရအောင်"

ဟု ရင်းရင်းနှီးနှီးပင် သူ့ကိုဖိတ်ခေါ်တော့ သူပျော်သွားခဲ့ရပါသော်လည်း. . .

"တော်ပါပြီဗျာ, ကျွန်တော့်မှာ သွားစရာရှိသေးလို့ပါ"

"ဩော်,ဟုတ်သားပဲ၊ ကျောပိုးအိတ်ကြီးနဲ့ ဘယ်သွားမလို့လဲဗျ"

အခုမှ လိုရင်းကိုရောက်လာ၍ သူ့မှာ အားတက်သရေနှင့်ပင်. . .





"မြစ်ကြီးနား. . . မြစ်ကြီးနားက ဘယ်ဘက်မှာလဲ"

"မြစ်ကြီးနား? "

"အင်း, ဝေးတာပေါ့မောင်၊ လှမ်းလှမ်းကမ်းကမ်း မြစ်ကြီးနားဆိုတာ ဟိုး. . . အဝေးကြီးမှာ မောင်"

ဟုဆိုနေသော ထိုလူရဲ့စကားကို သူနားမလည်ပါ။ ထိုလူက သူ့ကို ဘာလို့ 'မောင်'လို့ဆိုပြီး သုံးနှုန်းရတာလဲ။ ကြေ့ ထိုလူက အခြောက်လားဆိုပြီး သံသယဖြင့် ထိုလူကိုကြည့်လိုက်ရာ တောင့်တင်းသောဗလနှင့် မှုန်သောမျက်လုံးကို တွေ့လိုက်ရပါသည်။

ခန္ဓာကိုယ်အချိုးအစားက ဒရော့ခ်လို. . . အာနီးလိုနှင့် အခြောက်မဖြစ်နိုင်တာတော့ သေချာနေပါ၏။ ထို့ကြောင့်ပင် မေးပါများ စကားရဆိုသည့် မောင်ပေါက်ကျိုင်း၏မူဝါဒကို လက်ကိုင်ခွဲကာ. . .

"ကျွန်တော်က ရန်ကုန်က လာတာပါ၊ ဒါနဲ့ စောစောက ဒီနားလေးမှာ ရပ်ထားတဲ့ရထားက. . ."

"ဩော်, အဲဒီရထားနဲ့ ပါလာခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့"

"အား! ကြာပြီရော မောင်၊ ခုလောက်ဆို မြစ်ကြီးနား တောင် ရောက်လောက်ပေါ့"

"ဗျာ! "

"မြစ်ကြီးနားရောက်ဖို့ မိုင်လေးဆယ်လောက် လိုသေး တယ် မောင်"

"ဒါ. . . ဒါဆို မြို့. . . အဲ, နီးတဲ့မြို့နဲ့ရော"

"နှစ်နာရီလောက် လမ်းလျှောက်ရင် ရောက်ပါတယ်ဗျို့ မောင်"

"ဗျာ. . . နှစ်နာရီ"

"မင်းကြည့်ရတာ မအူမလည်နဲ့။ လာဗျာ. . . ငါ့နောက် လိုက်ခဲ့၊ မကြာခင် ကောက်စိုက်သမတွေ ပြန်ကြတော့မယ်"

"ကောက်စိုက်သမတွေ, အဲဒါက ဘာဖြစ်လို့လဲ"

"လာပါကွာ, ညနေလည်း စောင်းပြီပဲ၊ မကြာခင် နေက ဝင်တော့မယ်၊ နေဝင်တာနဲ့ မိုးက ချုပ်တော့တာ။ ပြီးတော့ မိုး ရိပ်ဆင်တယ်။ မကြာခင် မိုးရွာတော့မယ်"





"ဗျာ! "

"လာပါ, သောက်သောက်စားစား လူ့မင်းသားပေါ့"

ဟု သူ့ကိုအားပါးတရခေါ်နေသော ထိုလူ့ကို သူအကဲ ခတ်မိပါသည်။ အသားအရေမှာ နီရဲရဲနှင့် ရိုးသားပုံရတဲ့စကား အသွားအလာရယ်၊ အရိုင်းဆန်ပုံရတဲ့ ရိုးရှင်းရှင်းအကြည့်ရယ် ကြောင့် ဒုက္ခဖြစ်နေသောသူက ထစ်မငြင်းတော့ပါဘဲ ထိုလူကို ယုံပြီး ထိုလူနောက် လိုက်ဖို့သာ ဆုံးဖြတ်မိပါတော့သည်။

ထို့ကြောင့်ပင် ထိုလူသွားရာနောက်သို့ ကျောပိုးအိတ် လေးနှင့်သူက လိုက်လာခဲ့ပါ၏။ ထိုလူက လယ်ကန်သင်းရိုးလေး အတိုင်း လျှောက်တော့ သူက လျှောက်ပါ၏။ ဘွတ်ဖိနပ်နှင့် ရွှံ့ အိုင်များကို ခုန်ကျော်နေတော့ ထိုလူက သူ့ကိုလည်ပြန်လှည့် ကြည့်ကာ. . .

"မင်းက မြို့သားထင်တယ်"

"ရန်ကုန်ကပါ"

"မင်းပြန်ရင် ငါ့ကိုခေါ်ကွာ. . . ရန်ကုန်က ရွှေတိဂုံကို မသေခင် ဖူးချင်သေးတယ်"

www.burmeseclassic.com



"ဪ, ခင်ဗျားက ဗုဒ္ဓဘာသာကိုး"

"အား. . .ဘယ့်နှယ် ငါ့ရုပ်က ခရစ်ယာန်ရုပ်ပေါက်နေလို့လားကွ"

"မသိဘူးလေ, ခင်ဗျားစကားက တိုင်းရင်းသားလိုဖြစ်နေတာလို့"

"ကတ္တူးပွဲပျော်ဆိုတာ ကြားဖူးလား"

"ဗျာ!"

"ငါ့ရဲ့မျိုးနွယ်ပဲကွာ၊ အပျော်ရှာလွန်းတာကို ပြောတာကွ။ ပွဲရောက်လာရင် ပွဲမှာပျော်လွန်းလို့ မျက်လုံးတစ်ဖက်က မြုပ်နဲ့ချိတ်မိပြီး ကျွတ်ကျရင်တောင် မသိဘူး"

"ဗျာ!"

"စတာပါကွာ, လာဟေ့. . .သွားရအောင်။ မင်းဖိနပ်တော့ ချွတ်ရလိမ့်မယ်"

"ဒါဆို ကျွန်တော်က ဘယ်ကဖိနပ်စီးရမှာလဲ"

"ငါက ဘာဖိနပ်စီးထားလို့လဲကွ"

ဟု ဖြေဖဝါးအတိုင်းပင် ခြေထောက်ကိုထောင်ပြလျှင်





လူလူချင်းမို့ အားနာသွားမိတာတော့ အမှန်ပါ။

"အထင်မလွဲနဲ့တော့၊ ဟိုနားမှာ မြောင်းလေးကျော်ရမှာမို့ ပြောတာ"

"ဪ, ဒီလိုလား"

ဟုဆိုကာ သူက ဖိနပ်ကိုချွတ်လိုက်သည်တွင်. . .

"အကောင်းစားထင်တယ်"

ဟု ထိုလူက သူ့ဖိနပ်ကိုကြည့်ရင်း ပြောလာပါသည်။

"အိုက်က အိုက်, ပူက ပူနဲ့. . .ငါတော့ ဒီလိုဖိနပ်မျိုး မစီးနိုင်ဘူးဟေ့။ စိတ်ကျဉ်းကြပ်တယ်"

ဟု ရိုးရိုးသားသားပြောလာပြန်တော့လည်း ထိုရိုးသားမှုက သူ့အဖို့တော့ ပြုံးစရာကြီးဖြစ်နေပါသည်။ ထိုအပြုံးက သရော်မှုမပါတဲ့ ရိုးရိုးသားသားအပြုံးပါ။

ခဏအကြာတွင် ဆယ်ပေမျှသာရှိမည့်ချောင်းလေးတစ်ခုကို ဖြတ်ဖို့ဖြစ်လာရပါသည်။ ထိုလူက မည်းညစ်နေသောရေများနှင့် ထိုရေအိုင်ကို တဘွမ်းဘွမ်းမြည်အောင် ဖြတ်ကူးနေပေမယ့် သူက ရုတ်တရက်မို့ မဖြတ်ရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"လာပါဗျ"

ဟု တစ်ဖက်ကမ်းမှ ထိုလူကပြောလျှင် သူက ဒူးခေါင်း ကျော်ကျော်မျှသာရှိမည့် ထိုရေမည်းညစ်ညစ်ကို ရွံသလိုကြည့် ကာ. . .

"အထဲမှာ တုတ်တွေ မရှိဘူးလား"

"ရှိရင် ငါအရင်ဆုံးမှာပေါ့ကွ၊ သရဲဘောကြောင်လိုက် တာ"

ဟု ရင်ထဲကရှိတဲ့အတိုင်း ဟန်မလုပ်အပြောကိုတော့ သူ့ရင်ထဲက မနှစ်သက်တာတော့ အမှန်ပါ။ ထို့ကြောင့်ပင် မခံ ချင်စိတ်နှင့် လိုလူနည်းတူပင် ရေအိုင်ကို တဘွမ်းဘွမ်းနှင့်ကျော် ဖြတ်ပါတော့သည်။

"မျှော့လည်း တွယ်နေဦးမယ်၊ သတိထားဦး"

"မျှော့!"

ဘယ်လိုသတ္တဝါမှန်း မမြင်ဖူး၍ အတွယ်ခံချင်မိတာက တော့အမှန်ပါပဲ။ စာထဲပုံထဲမှာ မြင်ဖူးတာတော့ မျှော့ဆိုတာ မည်း မည်းလုံးလုံးလေးပါ။ ထိုရေအိုင်ကိုကျော်ပြီး မန်ကျည်းပင်ကို





ဖြတ်ကာ အဝါရောင်အလုံးပုံကြီးဘေးမှ ခပ်စုတ်စုတ်အိမ်တစ်လုံး သို့ ရောက်လာပါသည်။

"ဒါ ကျွန်တော့်တဲပဲဗျာ၊ စိတ်ကြိုက်နေ"

ဟု ခြေတံရှည်အိမ်ပေါ် တဘုန်းဘုန်းမြည်အောင် တက် သွားတော့ သူပါ ယောင်နနနှင့် ထိုလူ့နောက် တက်လိုက်သွား ပါသည်။ သို့သော် အခက်တွေ့ရသည်က ထိုလှေကားကို သူ လုံးဝမတက်တတ်ခြင်းပါပဲ။

ဝါးလုံးလေးနှင့်တန်းထားသော ထိုလှေကားမှာ မခိုင်ခံ့ ဘူးဟု ထင်ပါသည်။

"တက်လာလေဗျ"

ဟု ထိုလူက နောက်ထပ်တစ်ကြိမ် ပြန်ခေါ်လာသည် မှာတော့ သူက ယောင်နနနှင့်ပင် ဝါးလုံးထစ်တစ်ခုကို နင်းလိုက် ပါသည်။ သို့သော် လျှော့ကျိုကျိုနှင့်မို့ ပြုတ်ကျသွားမှာ စိုးပါသော် လည်း လက်ရန်းမရှိသော ထိုလှေကားကြောင့် လှေကားတက် တတ်ခါစ, လေးဖက်ထောက်ကလေးငယ်လိုပင် ကုန်းကွကုန်းကွ နှင့် တက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား...ဟား...ဟား..."

"ခင်ဗျား ဘာရယ်တာလဲ"

"မင်းက လှေကားမတက်တတ်ဘူးပဲ"

"ဒါ ရယ်စရာလား"

"ဖြည်းဖြည်းလော, ကြမ်းပေါက်ကျွံနေဦးမယ်"

ဟုဆိုတော့ အပေါက်ကြီးများကိုရှောင်ကာ ဖျာခင်းထားရှိသောနေရာသို့ သူက ကြိုးစားပြီး လာခဲ့ရပါသည်။ ဖျာပေါ်သို့ ရောက်မှ အသက်ကိုပုံမှန်ရှူကာ...

"ဒီလိုလှေကားမျိုးကို ပထမဆုံးမြင်ဖူးတာပဲ"

"မင်းက မြို့သားအစစ်ထင်တယ်"

"ဒီလိုကြမ်းခင်းကရော ဝါးနဲ့လုပ်ထားတာလား"

"အင်း, ဝါးကို အလယ်ကခွဲပြီး စိတ်ပြီး ပြန့်အောင် လုပ်၊ ပြီးရင် ခင်း...ငွေကုန်လည်း သက်သာတယ်၊ အချိန် လည်း မကုန်ဘူး"

"ဒီလောက်ကြီးတဲ့ဝါးမျိုး ရှိတယ်နော်"

"ပြန့်နေလို့ပါ၊ လုံးပတ်က အဲဒီလောက်မကြီးဘူး။ ခိုင်





ခံတယ်, ဝါးနက်ဝါးလေ"

"ကျွန်တော်ကတော့ ကျူဝါးဆိုတာပဲ ကြားဖူးတယ်"

"ကျူဝါးနဲ့သာ တဲဆောက်ရင် တစ်မနက်ခိုင်ရင် ထိုင် ရှိုးရမယ်"

ဟုဆိုကာ ရလာသောငါးဘတ်ကို စဉ်းတီတုံးပေါ်တင် ပြီး ခွပ်ခနဲခေါင်းဖြတ်လိုက်သဖြင့် သူ့မှာ လန့်သွားရပါသည်။ သွေးသံရဲရဲနှင့် ထိုငါးဘတ်ကို စဉ်းတီတုံးပေါ်မှာပင် တဒုန်းဒုန်း ပိုင်းခုတ်ကာ ရေချောင်ပုံးအစုတ်ထဲမှရေကို ခပ်ယူလိုက်ပြီး ဘွား ခနဲ ဖွာခနဲ လောင်းဆေးလိုက်ပါသည်။

"ခင်ဗျားတစ်ယောက်တည်း နေတာလား"

"လောလောဆယ်တော့ ဟုတ်တယ်"

"မိသားစုရှိလား"

"အဖေရယ်, အမေရယ်, ညီမရယ် ရှိတယ်"

"ဒါဆို ခင်ဗျားက လူပျိုကြီးပေါ့"

"ဂျမ်းပုံကတော့ ဝါ့ကိုကြိုက်ပါတယ်၊ ငါက ပြန်မကြိုက် လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဂျမ်းပုံ!"

"အင်း, နောက်သုံးရက်နေရင် မင်းတွေ့ရပါလိမ့်မယ်။ ငါတို့လယ်ကို သူတို့က ပုတ်ပြတ်ဆွဲထားတယ်လေ။ ကောက်စိုက်တော့ တော်တော်ဖြစ်တာ"

ဟုဆိုကာ တဲအောက်သို့ ဘုန်းခနဲခုန်ချလိုက်ပြီး လယ်ကန်သင်းမှ တစ်ခုခုကိုဆွဲယူကာ ပြေးတက်လာပြန်ပါသည်။ ပြီးနောက် ယူခဲ့သောအရာကို ရေဆေးပြီး ငါးဘတ်ထည့်ထားသော အိုးမည်းမည်းလေးထဲ ပစ်ထည့်လိုက်ပါ၏။

"ဘာကြီးလဲ"

ညှီတယ်လေ, အမွှေးအကြိုင်ထည့်တာ"

ဟုဆိုကာ ချင်း၊ ကြက်သွန်ဖြူနှင့် ငရုတ်သီးစိမ်းကို သစ်သားဆုံထဲ တခွပ်ခွပ်ထောင်းကာ ထိုအိုးထဲ ပစ်ထည့်လိုက်ကာ တဝုန်းဝုန်းတောက်လောင်နေသောမီးဖိုပေါ်သို့ အိုးကိုတင်လိုက်ပါသည်။

ခဏအကြာတွင် မွှေးပျံ့ပျံ့ရနံ့က ထွက်လာ၍ ထိုလူက ဖွန်းဖြင့် ဟိုမွှေဒီမွှေလုပ်ကာ အိုးမည်းမည်းကြီးအတိုင်းပင်





ကြမ်းခင်းပေါ်သို့ ချလိုက်ပါသည်။

"ထမင်းစားရအောင်ဗျို့. . . ဆာတယ်"

ဟုဆိုတော့ သူ့ဗိုက်ထဲက ထိုမွှေးပျံ့ပျံ့ငါးဘတ်ဟင်းကို တောင့်တနေမိပါသည်။ သို့သော်လည်း သွေးသံရဲရဲနှင့် ခုတ်ထစ်ပိုင်းဖြတ်ထားတာကိုမြင်၍ နှိုက်ရမှာတော့ မဝံ့မရဲပင်။

"ပြဿနာတက်တာက ပန်းကန်ပြားဗျ။ တစ်ယောက်တည်းနေတော့ တစ်ချပ်တည်းရှိတာ။ ဒါပေမဲ့ မပူပါနဲ့"

ဟုဆိုကာ ဒုတိယအကြိမ် ခုန်ဆင်းသွားပြန်ပါသည်။ ခဏအကြာတွင် ထိုလူ ပြန်ပေါ်လာတော့ အစိမ်းပျော့ပျော့ငှက်ပျောရွက်ပါ လက်ထဲ၌ ပါလာပါသည်။ ထိုလူက ငှက်ပျောရွက်ကို နှစ်ပိုင်း,ပိုင်းလိုက်ပြီး သူ့ရှေ့တွင် တစ်ပိုင်းကိုချပြီး မိမိရှေ့တွင်လည်း တစ်ပိုင်းချကာ အိုးမည်းမည်းထဲမှ ဖြူဖွေးသောထမင်းကို လက်ရေဆေးကာ ခူးလိုက်ပြီး သူ့ထံထည့်ပေးပါသည်။

သူ အံ့သြသွားရပါသည်။

မကြုံဖူးသည့်ထမင်းဝိုင်းမို့ စိတ်ဝင်စားဖို့ကောင်းတာတော့ အမှန်ပါပဲ။ ထမင်းကိုနှိုက်စားလိုက်ပါသည်။ ထိုသို့ လက်ချည်း



www.burmeseclassic.com

www.burmeseclassic.com



သက်သက်ဖြင့် ထမင်းကို ဖွန်းမပါဘဲ မစားခဲ့ဖူး၍ အဆင်မပြေ ဖြစ်နေသည်ကိုတော့ အထူးပြောစရာမလိုပါ။

ဆာနေ၍လားမသိ၊ ထိုလူချက်သော ငါးဘတ်ဟင်းက သူစားဖူးသမျှ အစားအစာထဲတွင် အကောင်းဆုံးဟု သတ်မှတ်မိပါသည်။

"စားလို့ရလား...မြို့သား"

"ရပါတယ်"

"ငါတို့ဆန်က ကောင်းတယ်၊ နှစ်ချို့မရှိဘူး။ အိုးထဲမှာ ဆန်ကုန်နေရင် ပုတ်ထဲကစပါးကိုကျုံးပြီး ဆန်စက်ပို့၊ လတ်ဆတ်တဲ့ထမင်းပဲ စားရတာ။ ငါငယ်ငယ်က မန္တလေးကို သွားလည်ပါတယ်, စားရတဲ့ထမင်းက မှာလန်ကျဲနေလို့ ပန်းကန်ပြားထဲတင် ထွက်ပြေးနေလို့ ဖမ်းမမိအောင်ပဲဗျို့"

ဟုဆိုတော့ သူရယ်လိုက်မိပါသည်။ အဲဒီလောက်ထ ရိုးတဲ့လူလည်း လောကမှာ ရှိသေးပါလားဆိုတာ သူမသိခဲ့တာ အမှန်ပါ။

သူကျင်လည်ခဲ့သောပတ်ဝန်းကျင်နှင့် တခြားစီ





မို့ သူ့အတွက် အသစ်ဖြစ်နေခဲ့တာကြောင့် သူ့ရင်ထဲ အထီးကျန်သလို မခံစားရတော့ပါ။

ထိုလူက သူ့ထံ ငါးခွက်လေးကို ကမ်းပေးပါ၏။ 'ဘာလဲ'ဟူသောမျက်လုံးမျိုးနှင့် ပြန်ကြည့်တော့...

"ကချင်အရက်လေ၊ ကောင်းတယ်...ဆေးဖြစ်ဝါးဖြစ်ပေါ့ကွာ"

ဟုဆိုသဖြင့် ထိုခွက်ကို လှမ်းယူပြီး၊ ထိုလူနည်းတူပင် မော့ချလိုက်ရာ စပ်ပူစပ်လောင်အရသာက ခါးစိမ့်စိမ့်ပင် လည်ချောင်းထဲ အဆင်မပြေစွာ စီးမျောသွားရပါသည်။

"ညတော့ မိုးရွာမယ်နဲ့တူတယ်ဗျို့။ တောင်ကြားထဲ ဝင်သွားတဲ့နေက နီကျင်ကျင်ရယ်"

"အမိုးရော လုံပါ့မလား"

"အမိုးမလုံလည်း ဖားထရိုက်မှာပေါ့ကွာ"

"ဗျာ!"

"ဖားမရလည်း တောကြောင်ဖမ်းပေါ့၊ ဟင်းစားရလည်းဦးသလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ထမင်းစားထားသောဖက်ရွက်များကို ကြမ်းပေါက်ကြားမှတစ်ဆင့် အောက်သို့ပစ်ချလိုက်လျှင် သူက မျက်လုံးကြီးပြူးကြည့်နေပါ၏။

"ဗိုက်ကျားက ဒီဖက်ရဲ့အရသာကို ကြိုက်မှကြိုက်ပဲ"

"ခွေးက မြက်စားတာမဟုတ်ဘူးလား"

"ဘယ်ကလာ, တွေ့ကရာလိုက်စားတာပဲ"

ဟုပြောပြောဆိုဆိုနှင့် တဲအောက်သို့ဆင်းသွားပြန်ကာ လုံးလုံးရှည်ရှည်ကြီးများကို ဆွဲယူနေ၍ သူပါ တဲအောက်သို့ ထိုလူနည်းတူ ဆင်းပြီး ထိုလူ့ပစ္စည်းများကို ကူသယ်လိုက်ပါသည်။

"ဘာတွေလဲ"

"မနက်ဖြန် ငါ့လယ်မှာ ပျိုးနှုတ်လေ။ ဟင်းစားရအောင်ပါ"

"ဒါက ဘာကြီးလဲ"

"ခရာလေ, ဒါကို ရေစီးပေါက်မှာထားပြီး မြေအောင်ဝှတ်နဲ့ဆိုက်ရင် မနက်ဆို ငါးတွေမိတော့တာပဲ"

"ငါးဖမ်းကိရိယာပေါ့"





"မြို့သားများ မင်းဆီက ထွက်လာရင် စကားအဆန်းတွေရချည်းပဲ။ ကဲ, ငါ့နောက်လိုက်မှာဆို ဖိနပ်စီး၊ သက်ကယ်ညှောင့်ထိုးတာကို မင်းခံနိုင်မှာမဟုတ်ဘူး"

"သက်ကယ်ညှောင့်ဆိုတာက ဘာမျိုးလဲ"

"မြက်ပင်ချွန်ချွန်လေးလို့သာ မှတ်တော့ကွာ။ မင်းကို ပြောနေရတာနဲ့ သောက်ထားတဲ့ကချင်တစ်ခွက်တောင် ဘယ်နံကြား ကပ်သွားပြီလဲမသိဘူး"

တစ်လုံးတစ်ခဲကြီးထွက်ကျလာသော ထိုစကားကို သူက ခွီးခနဲနေအောင် ရယ်လိုက်မိပါသည်။

"ဒါနဲ့ နေပါဦး, ခင်ဗျားနာမည်က"

"အောင်လှ"

"ကျွန်တော့်နာမည်ကတော့ ခေးပါ"

"မိန်းမနာမည်ကြီးပါလား"

"ယောကျ်ားနာမည်ပါဗျ။ ခင်ဗျားကလည်း"

ဟု မခံမရပ်နိုင်လေးပြောပေမယ့် ထိုအောင်လှဆိုသူက သူ့စကားကို ဆက်၍နားမထောင်တော့ပါဘဲ လယ်ကန်သင်းတွင်

www.burmeseclassic.com



အပေါက်ကြီးဖောက်ကာ လယ်တစ်ကွက်မှတစ်ကွက်သို့ စီးဆင်းနေသော ရေပေါက်တွင် လက်ထဲမှ ခရာဆိုတာကြီးကို ထောင်ထားကာ တုတ်တိုင်နှင့်မြဲအောင် မြေပြင်နှင့်ပူးတွဲပြီး ရိုက်ကပ်ထားလိုက်ပါသည်။

"ဒီမှာ ငါးရှိသလား"

"မရှိဘဲ ထောင်ရအောင် ငါက အရူးလားကွ"

"လယ်ကွက်ထဲမှာ ငါးရှိနေတာ အထူးအဆန်းပဲ"

"ဆန်းမနေနဲ့ ခေါ်ခင်အေးရဲ့လက်တာမိလို့ ငါးရှူဆို နှုတ်ခမ်းမွေးတောင် မထွက်နိုင်တော့ဘူး"

"ခေါ်ခင်အေးဆိုတာက တံငါသည်ပေါ့"

"တံငါမသည်လား၊ သည်လား... သူစွဲထားတဲ့မြောင်းမှာ ဗျိုင်းတောင် ကောက်စားစရာငါးမရှိတော့ ဗျိုင်းမနားခင်အေးလို့ကို ဘွဲ့ရထားတာဗျို့"

"ဟား...ဟား...ဟား...ခင်ဗျားတို့က တော်တော်ရယ်ရတာပဲ"

"သေခဲဦးမယ်၊ ဟိုးမှာ ဗျိုင်းမနားခင်အေးတို့သားအမိ





ငါးလင်းပက် ထောင်ဖို့လာနေကြပြီ"

"ငါးလင်းပက် ထောင်တယ်!"

"ဟိုဘက်မှာ တိုင်တစ်ခု...ဒီဘက်မှာ တိုင်တစ်ခု၊ အလယ်မှာက ပိုက်ကွန်လိုအပေါက်နဲ့ ရေလွှဲပေါက်မှာ ထောင်ထားရင် ငါးမိတဲ့ဟာကွာ။ မောတယ်, မင်းကိုပြောရတာကလဲ"

ဟုဆိုကာ ရှေ့ဆက်သွားနေ၍ သူပါ လိုက်လာမိပါ၏။

"ဟင်! ကြာပန်းပွင့်တွေပါလား"

"မင်းက ကြာပန်းတော့ သိသားပဲ"

"ကြာပန်းမသိရအောင် ကျွန်တော်က ငတုံးလားဗျ"

ဟုဆိုပေမယ့် ထိုလူက ရေလွှဲပေါက်ကျဉ်းလေးတွင် ထိုခရာဆိုတာကြီးကိုချကာ ငုတ်တိုင်စိုက်ပြန်ပါသည်။

"ဒီမှာရော ငါးရှိသလား"

"လယ်ကွက်ထဲကရော ဒီကြာအင်းက ရတာ။ ငါးကလည်း ဒီကပဲ လာတာ။ ကဲ, ဒါဆိုသဘောပေါက်ပြီလား"

ဟု သူ့ကို စိတ်မရှည်သလိုပြောလျှင် သူ သဘောကျသွားရပါသည်။ ဟန်ဆောင်မှုတွေများသော သူ့ပတ်ဝန်းကျင်ထက်



www.burmeseclassic.com

www.burmeseclassic.com



စာလျှင် ထိုလူရဲ့စိတ်က ပိုလှပြီး ရိုးရှင်းသည်ဟုထင်ပါသည်။

"ဗျို့!. . . ဒေါ်ခင်အေး"

"အူး. . ."

အူးခနဲပြန်ထူးသံကြီးကို သူ ရယ်ချင်မိပါသည်။ ကိုက်သုံးရာလောက်ရှိတဲ့အကွာအဝေးကြီးနှင့် စကားပြောနေကြသော ထိုလူနှင့် ဖျိုင်းမနားခင်အေးဆိုသည့်အဒေါ်ကြီးကိုလည်း စိတ်ဝင်စားမိပါသည်။

"နားဦးလေ၊ အင်းထဲက ငါးတွေ လန့်ပြေးကုန်တော့မယ်"

"မနားနိုင်ဘူးဟေ့၊ ဒီအချိန်လေး လုပ်စားရတာ။ မင်းလို တစ်ကိုယ်ရေ တစ်ကာယမဟုတ်ဘူး. . . သားနဲ့သမီးနဲ့"

"ဒါကတော့ ကိုယ့်ဖာသာကိုယ် လုပ်တာကိုးဗျ"

"ဒီစည်းစိမ်တွေကို မင်းမသိသေးလို့ပါ အောင်လှရာ"

ဟုဆိုကာ ပျောက်ကွယ်သွားသဖြင့် သူ့မှာ အံ့ဩရပါသည်။

"ဘယ်ရောက်သွားတာလဲ"





"သူရပ်နေတဲ့ အဲဒီအောက်မှာ အိုက်ကြီးရှိတယ်။ အဲဒီကို ဆင်းသွားတာ"

"အိုက်? "

"နားမလည်ပြန်ဘူးမဟုတ်လား။ ချောက်ကမ်းပါးကွာ၊ ရေရှိတဲ့ချောက်ကမ်းပါး. . . အဲဒီလိုပဲ မှတ်တော့။ မင်းဆီ ရှင်းရတာလည်း တကယ်ရှုပ်တယ်"

ဟုဆိုကာ စိတ်မရှည်သလိုပြောပြီး ရှေ့မှသွား၍ သူက အပြေးလေး လိုက်ရပြန်ပါသည်။ ထိုလူက နွားသုံးကောင်ကို တဲအောက်သို့ မောင်းသွင်းလိုက်ကာ တိုင်မှာချည်ထားသောကြိုးနှင့် ထိုနွားများကို တိုင်နှင့်တွဲ၍ ချည်နှောင်လိုက်ပါသည်။

"ဘာလို့ အဲ့လိုချည်ထားတာလဲ"

"ပျိုးခင်းစားမှာစိုးလို့ကွာ"

"ပျိုးခင်းဆိုတာ ဟိုကအစိမ်းရောင်ကိုပြောတာလား"

"အင်း"

ဟု တုံးတိတိဖြေကာ မီးခြစ်ကိုခြစ်ပြီး ထင်းတုံးကြီးကြီးဖြင့် လောင်စာနှင့်မီးညှိနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ဘာလုပ်တဲ့ဟာမို့ အဲဒီလောက်ဂရုစိုက်နေရတာလဲ"

"ဟိုဟာ ကြမ်းကြားညပ်တာနဲ့ ပျိုးခင်း၊ နွားစားခံရတာ ခံရခက်တာချင်း အတူတူပဲ"

ဟုဆိုတော့ သူက ရယ်ချင်မိပါသည်။

"သိမှာလည်းမဟုတ်ပါဘူး။ နေစမ်းပါဦး. . . ဟော့ကောင်မင်းက ဘာမို့ အဲလောက်ထိ ဗဟုသုတနည်းရတာလဲ"

"ကျွန်တော့်ကိုယ်ကျွန်တော်လည်း မသိပါဘူးဗျ"

"ရှုပ်ပြီ, ဒါနဲ့ မင်းကိုင်လာတဲ့စိမ်းစိမ်းအလုံးက ဘာလဲ"

"ပျိုးခင်းက ဘာလဲဆိုတာ ပြောပြရင် ပြောမယ်ဗျာ"

"စပါးပင်လောင်းကွာ. . . မင်းတို့စားနေတဲ့ ဆန်ဖြစ်လာမယ့် စပါးပင်လောင်းလျာတွေကွာ"

"ဩော်, အဲ့လိုလား"

"စပါးကို သမန်းကွက်ကောင်းကောင်းမှာ ပက်ကျဲမယ်၊ အဲဒီလိုဖြစ်လာရင် နုတ်ပြီး တစ်ည ပျိုးရေစိမ်မယ်၊ ပြီးရင် ကောက်စိုက်မယ်၊ မှည့်လာရင်' စပါးရိတ်မယ်၊ ရလာတဲ့စပါးကို စက်မှာ





ကြိတ်မှ မင်းတို့စားတဲ့ဆန်ရတာပဲ၊ ဟူး. . . မောတာကွာ၊ စကားတော်တော်ရှည်တဲ့ကောင်"

"ငါးကြင်းဆီနဲ့ ငါးကြင်းကြော်ဆိုတာလိုပေါ့"

"ဘာဆိုင်လို့လဲ"

"ဒါဆို ပျိုးပင်က တန်ဖိုးရှိတယ်ပေါ့"

"ပျိုးကောင်းမှ စပါးကောင်းမည်တဲ့၊ ဒါကြောင့် ပျိုးပင်ကို ကောက်ပင်ထက် မြေဩဇာများများ ကျွေးရတာပေါ့"

"ကျွန်တော်ယူခဲ့တဲ့အသီးက ပန်းသီး"

"ပန်းသီးက အနီရောင်ပါ"

"အစိမ်းလေ, စပါးလိုပေါ့၊ မမှည့်သေးဘူး"

"ငါ့ကိုရော ကျွေးကွာ"

"စားဗျာ"

ဟုဆိုတော့ ထိုလူမှာ တဲပေါ်သို့ ပြန်တက်သွားပြီး တစ်လုံးကိုထုတ်ကာ စားပါသည်။ ထိုလူ စားနေပုံက ချိုမြိန်စရာမို့ သွားရည်ကျပြီး သူပါ တစ်လုံးနိုက်စားလိုက်ရာ ချဉ်စူးစူးအရသာကြောင့် ဆက်မစားနိုင်ပါတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"မီးခိုးတွေ မွှန်လိုက်တာ"

"သည်းခံဗျာ. . . အဲ့လိုမှမဟုတ်ရင် ဖြုတ်,ချီသွားလိမ့်မယ်။ ကဲ, အိပ်မယ်ဗျာ၊ အာရုံတက်ကို လယ်ထွန်ရဦးမှာ"

"ဖားရိုက်မယ်ဆို"

"ခါတ်မီးအားမရှိဘဲ ဖြစ်မယ့်အလုပ်လား"

ဟုဆိုကာ အပုံလိုက်ကြီးဖြစ်နေသောအိပ်ရာကို ဆွဲဖြန့်လိုက်သည်တွင်. . .

"ဟာ! ခင်ဗျားခြေထောက်က ညစ်ပတ်နေတယ်၊ ရေမဆေးတော့ဘူးလားဗျ"

ဟုဆိုတော့မှ ထိုလူက တဲရှေ့လေသာဆောင်လိုလို ဟာလာပြင်တွင်ရပ်ကာ ရေပုံးအစုတ်ထဲမှရေကို တစ်ခွက်ခပ်ပြီး ဝတ်ကျေတန်းကျေ လောင်းဆေးပါသည်။

"ကိုအောင်လှ, ဒီတောထဲမှာ ကျားမရှိဘူးလား"

"မင်းကြောက်လို့လား။ အားနာစမ်းပါကွာ, နုပ်ချေးမစင်သေးတဲ့ကလေးနဲ့ ဒေါ်ခင်အေးက ခုချိန် 'အိုက်ထဲမှာ ငါးလင်းပက် ထောင်နေဦးမှာ"





"မိုးက ရွာနေပြီ၊ ထီးလည်းမပါဘူး"

"ပူမနေစမ်းပါနဲ့၊ ဒါတွေကို ကြိုက်နေတာ, မိုးရွာရင်ခင်အေး ပျော်မှာပဲ။ ငါးရတယ်လေ။ ကဲ, အိပ်ဗျာ၊ ဘာကျားမှမရှိဘူး. . .၊ မျက်စိလည် လမ်းမှားပြီး ရောက်လာတော့လည်း အကြိုက်ပေါ့။ ကျားသား မစားဖူးသေးတာနဲ့"

ဟုဆိုတော့ ထိုထူးဆန်းသောလူကို သူအံ့ဩမိပါသည်။ သူ့ရဲ့နေ့သစ်က ခုလို စိတ်ဝင်စားစရာအတိဖြစ်နေလိမ့်မယ်လို့ သူဘယ်တုန်းကမှ မတွေးခဲ့ဖူးတာအမှန်ပါ။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဟဲ. . . ဟဲ. . . ဒီကို. . . ဟဲ. . . အာ. . . ဒီဗိုက်ကျား ဟာလေ, ဟဲ. . . ဒီနွား မသွားသေးဘူးလား"

ဟူသောအသံကို ဝိုးတဝါးကြားရချိန်မှာတော့ သူ့ အိပ်ရာက လန့်နိုးလာခဲ့ပါသည်။

မွေ့ရာနှင့်အိပ်နေကျမို့ ကျောတစ်ပြင်လုံးမှာ နာကျင်ကိုက်ခဲနေရပါသော်လည်း အိပ်ရေးဝဝရှိနေသည်မို့ ကျေနပ်ရပါသည်။

ရှံ့အိုင်ထဲတွင် နွားနှစ်ကောင်၊ ကြိမ်တစ်လုံးနှင့် လှုပ်ရှား



www.burmeseclassic.com

www.burmeseclassic.com



နေသော ခမောက်စုတ်ဆောင်းထားသည့် ကိုအောင်လှကို မပွင့်ချင်ပွင့်ချင်မျက်လုံးကျဉ်းကျဉ်းလေးနှင့် ပြုံးပြုံးကြည့်ပြီး. . .

"ဟူး. . . ငါးနာရီ, စောသေးတာပဲ"

ဟုလည်းဆိုကာ မေးခနဲပြန်အိပ်ပျော်သွားရစဉ်. . .

"အဲ, ပလုတ်တုတ်. . . ကယ်ကြပါဦး၊ ဒါက ဘယ်သူကြီးလဲ"

ဟူသောအာပြဲသံကြီးကြောင့် သူ့မှာ ဆတ်ခနဲလန့်နိုးသွားပြီး ငုတ်တုပ်ထိုင်မိသွားပါသည်။

"နင်ဘယ်သူလဲ"

ဟု သူ့ကို စားမတတ်မျက်လုံးပြူးကြီးနှင့် ကြည့်နေသောပါးကွက်ကြားနှင့်လုံမပျိုကြောင့် သူ့မှာ တုပ်တုပ်မျှပင် မလှုပ်နိုင်လောက်အောင် ကြောင်နနဖြစ်နေရပါသည်။

"ဟဲ့, ဟဲ့. . . ပန်းကြာငုံ၊ အဲဒီမှာ ငါ့ခြည့်သည် ရှိနေတယ်ဟဲ့"

ဟု ခပ်လှမ်းလှမ်းမှ အစ်ကိုဖြစ်သူက လှမ်းအော်တော့မှ မိပန်းကြာငုံမှာ သက်ပြင်းဖျော့ဖျော့ရှိုက်ကာ. . .





"နင့်ကိုတစ်ခါမှမတွေ့ဖူးပါလား။ ဘာလဲ, နင်ကရော အစ်ကို့ရဲ့သောက်ဖော်သောက်ဖက်ပဲလား"

"ဗျာ!"

"ရုပ်လေးက သနားကမားနဲ့ ဟူး. . . ဒီအရက်ကြောင့်ပဲ လူငယ်တွေ ပျက်စီးနေရတာ"

ဟု ဆရာမကြီးလေသံနှင့်ပြောပြန်တော့ သူ့စိတ်ထဲ ထိုမိန်းကလေးကို အကောင်းမမြင်ချင်တော့ပါ။ ဒီလေသံတွေကို မုန်းလို့ ထွက်လာခဲ့ပါတယ်၊ ဒီစက်ကွင်းမှာတော့ ထပ်အညီမခံနိုင်ပါ။

"မင်းက ဘယ်သူလဲ"

"ကိုအောင်လှရဲ့ညီမ ပန်းကြာငုံဆိုတာ နာမည်ကြီးပဲ"

"ဪ, မင်းက ညီမဆိုသူကိုး"

"ဒါနဲ့ နင့်ကိုတစ်ခါမှမတွေ့ဖူးပါဘူး"

ဟုဆိုကာ တဲကိုအကဲခတ်လိုက်ပြီး. . .

"ဟိုဘွတ်ဖိနပ်က နင့်ဟာလား"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်, ဒါဆို ဟိုပန်းသီးစိမ်းကလည်း နင့်ဟာပေါ့"

"မှည့်ရင် နီသွားမှာပေါ့"

"အရှူး. . . အစိမ်းဆိုတာ သူ့ရဲ့မျိုးပဲ၊ နည်းနည်းအဝါရောင်သမ်းလာတယ်ဆိုတဲ့အဆင့်က အဆုံးသတ်ပဲ"

ဟုဆိုကာ ရုပ်အင်္ကျီကွက်ကျဲအစုတ်ကြီးကို တန်းမှလှမ်းဖြုတ်ကာ ဝတ်ဆင်လိုက်သည့်ထိုလုံမကို သူက မထင်မှတ်ဘဲ ငေးကြည့်နေမိဖြစ်ပါ၏။

"မင်းက တော်တော်သိတာပဲ"

"ဒီအရွယ်ကြီးနဲ့ ဒါကိုမသိရင် ရထားတဲ့ဘွဲ့လက်မှတ်က အားနာစရာကောင်းနေမှာပေါ့"

"ဩော်, မင်းက ဘွဲ့ရပြီးသားကိုး"

"မဟာသိပ္ပံဘွဲ့. . . ရုခအော်လော်ဂျီနဲ့ကျောင်းပြီးတာ"

"ဩော်, ဒါဆို သားသတ်သမားပေါ့"

"ဩော်, ရှင့်လည်း ကျောင်းနေရတာကိုး"

"နိုင်ငံခြားဘာသာလေ, အင်္ဂလိပ်"

"အစ်ကို့မှာလည်း ဒီလိုအဖော်မျိုးရှိတာပဲ။ ဒါနဲ့ နေပါဦး. . . ရှင်က ဘယ်ကလာတာလဲ၊ ပျိုးနွတ်ကလူ့လာတာလား"





"ပျိုးနွတ်? "

"ရှင့်ပုံကြည့်ရတာ နွတ်တတ်မယ့်ပုံလည်း မရပါဘူး။ မြူရော်ရော်နဲ့"

"ငါက ကူညီတတ်ပါတယ်"

"ဒီနေ့ ပွဲစားလေ, ငါ စောစောစီးစီးထမင်းချက်ရလိမ့်မယ်"

ဟု မိုးဖွဲ့ပွဲထဲတွင် မိုးကာလေးခြုံကာ ခမောက်စုတ်လေးဆောင်းပြီး နွားနှစ်ကောင်နှင့်လယ်ထွန်နေသော ကိုအောင်လှကို ကြည့်ပြီး ပြောပါသည်။

"ပွဲစားဆိုတော့ ပျော်ပွဲစားလား"

"နည်းနည်းတော့ ဟုတ်ပါတယ်"

"ငါလည်း ပျော်ပွဲစားမယ်"

"ရှင်က ပျိုးနွတ်တတ်လို့လား"

"ငါက ရန်ကုန်ကလာတာပါ၊ ဒါမျိုးကို ပထမဆုံးမြင်ဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ရန်ကုန်!"

"အင်း၊ မနေ့က ရထားတွဲချော်လို့ သစ်ပင်အောက်မှာ နားရင်း အိပ်ပျော်သွားတာ။ ရထားထွက်သွားတာ မသိလိုက်ဘူး"

"ဒါဆို ရှင်က"

"ကိုအောင်လှက ကူညီထားတာပါ၊ သူနဲ့လည်း ခုမှသိတာ"

"ဒါဆို ရှင်က ရန်ကုန်သားပေါ့"

"အင်း"

"မြို့မှာနေတာ ဒီလောက်ကောင်းရဲ့သားနဲ့ ဘာကြောင့်တောကိုလာရတာလဲ"

"ငါက မြို့ကိုစိတ်ပျက်တယ်"

"ငါတော့ မြို့မှာပဲ နေချင်တယ်၊ တောရနံ့ကိုမုန်းလွန်းလို့။ ဒီရှုပ်အကျီစုတ်ကိုလည်း စိတ်ပျက်တယ်၊ ဒီသနပ်ခါးကြမ်းကိုလည်း စိတ်ပျက်တယ်၊ ရွှံ့ထဲမှာ တစ်နေကုန် ဖင်ကုန်းပြီး စိုက်နေရတဲ့ ဒီကောက်ပင်တွေကိုလည်း စိတ်ပျက်တယ်"





"တစ်နေကုန်, ဟုတ်လား"

"မြို့သူတွေ ပင်ပန်းတယ်ဆိုတာ ငါတို့တောသူတွေ ရယ်တာပေါ့၊ တစ်နေ့ နှစ်ထောင်ရဖို့အရေး တစ်နေကုန် ရွှံ့ဗွက်ထဲ ရုန်းနေရတာ။ လှပတဲ့ခြေထောက်လေးတွေဆို ခြေသည်းကို မထွက်နိုင်တော့ဘူး"

"ဘာလို့လဲ"

"ရွှံ့စားလို့ပေါ့"

"ဪ, ဒီလိုလား။ ငါ ရထားပေါ်ကနေ အဲဒီလို ကုန်းနေသူတွေကို တွေ့ခဲ့တယ်။ အဲဒါကောက်စိုက်တာလား"

"ယောက်ျားလေးတွေ ကုန်းနေတာရော မတွေ့ဖူးလား"

"အင်း, တွေ့တယ်"

"အဲဒါ ပျိုးနုတ်တာလို့ခေါ်တယ်"

"ဪ, ဒီလိုလား"

"ရှင့်ကိုရှင်းပြနေတာနဲ့ ငါ့အချိန်တွေ တော်တော်ကုန်သွားပြီ"

"မင်းက ဘာလို့ ဘွဲ့ရပြီး ဒီလိုလုပ်ရသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်မရှိလို့ပေါ့၊ ပညာတတ် ပေါတယ်လေ။ အဲဒီ တွေ ထားပါ၊ မိဘအိမ်မှာ,စားတော့ မိရိုးဖလာကို ဝိုင်းကူရတာ ပေါ့"

ဟုဆိုပြီး သံချောင်ပုံးစုတ်ကိုဆွဲကာ တဲအောက်ကို ဆင်း သွားတော့. . .

"မင်းဘယ်သွားမှာလဲ"

"ထမင်းချက်ဖို့ ရေခပ်ရမယ်လေ"

"ငါဝိုင်းကူမယ်"

ဟုဆိုကာ သူက သိပ်မစိမ်းတော့သည့် ငါးခြမ်းကွဲကြမ်း ခင်းကို တဂျုံးဂျုံးနင်းလိုက်ပြီး သူမနည်းတူပင် အောက်သို့ဆင်း သွားပါသည်။

"ဪ, အစ်ကို ရေ,ထောင်ထားသလား မသိဘူး ဖော်ဦးမှပဲ"

"အင်း, မနက်က ထောင်တယ်"

"ဒါအရင်သွားဖော်မှဖြစ်မယ်၊ ငါးတွေ ပုပ်ကုန်လိမ့်မယ် အတော်ပဲ, ငါးအုန်း,စားရမယ်"





"ငါးအုန်း!. . . ဘယ်လိုဟာမျိုးလဲ"

"ချောင်းထဲမှာ မိနေတဲ့ငါးသေးသေးလေးတွေက အရိုးနု တယ်၊ ဆားနဲ့နယ်, ကင်ပွန်းရွက်နဲ့ ပင်စိမ်းနဲ့ ကြက်သွန်ဖြူနဲ့ သမအောင်မွှေပြီး ငှက်ပျောရွက်နဲ့ထုပ်ပြီး မီးဖိုသေးမှာ ကင်တာ"

"ကင်ပွန်းရွက်နဲ့ပင်စိမ်းက ဘယ်လိုအရွက်လဲ"

"အမယ်လေး. . . ရှင့်မလဲနော်၊ စကားပြောတတ်ခါစ ကလေးကျနေတာပဲ။ ကင်ပွန်းရွက်ဆိုတာ ချဉ်တဲ့အရွက်၊ ပင်စိမ်း ဆိုတာ မွှေးတဲ့အရွက်, ဟုတ်ပြီလား"

"ဪ, ဒီလိုကိုး"

"ကြာအင်းပေါက်က ချောကို အရင်သွားဖော်ရအောင်"

"မင်းနာမည်က ပန်းကြာငုံနော်"

"အင်း, အဲဒီကြာအင်းမှာ အမေ ရေခတ်ရင်း မွေးခဲ့လို့"

"ဆေးရုံမှာ မမွေးဘူးပေါ့"

"အံ့ပါ့ရှင်, အဲ့တုန်းက ဆေးရုံက ဒီမှာမရှိသေးဘူး။ လက်သည်နဲ့မွေးတာ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သိပ်စကားများတာပဲ"

"ငါလည်း ဘာဖြစ်သွားမှန်းမသိပါဘူး။ အရင်က ငါ အဲလိုစကားမပြောဘူး"

"ရှင်ပြောလို့သာ, စိတ်ထဲကတော့ ဒါကိုမယုံချင်ဘူး"

ဟုဆိုကာ ချွန်လုံးလုံးရောကိုဆွဲပြီး မြက်ခင်းမှာဆောင့်ချလိုက်လျှင် ငါးအသေလေးများနှင့် အခုချိန်ထိ အသက်ရှင်နေသေးသော ပုစွန်ဆိတ်, ငါးသေးသေးလေးများနှင့် အမှိုက်အချို့ ကျလာပါသည်။

သူက ထိုအရာကို မှင်တက်စွာ ကြည့်နေခဲ့ပေမယ့် သူမကတော့ ကျင်လည်စွာပင် ထိုငါးနှင့် ပုစွန်ဆိတ်ကလေးများကို ဖမ်းကာ ရေသယ်ဖို့ ယူလာသောပုံးစုတ်လေးထဲ ထည့်လိုက်ပါသည်။

"ဟော့, အစ်မ. . . ဖိုးသား. . . ဟော့!"

ဟူသောခေါ်သံကြောင့် သူမရော သူကပါ လှည့်ကြည့်လိုက်ရာ အသက်ငါးဆယ်မျှရှိမည့်အဒေါ်ကြီးတစ်ယောက်ကို ရေအိုင်လေးထဲ နစ်နေသည့်အဖြစ်ကို မြင်လိုက်ရပါသည်။





"အစ်မ. . . လုပ်ပါဦး"

ဟု အကူအညီတောင်းသဖြင့် သူမက ချက်ချင်းထရပ်ကာ အဒေါ်ကြီးနား ပြေးသွားပြီး ထိုအဒေါ်ကြီးကို လှမ်းဆွဲကာ ကုန်းပေါ်တင်ပေးပါ၏။

"ဒီနားမှာ ရွှံ့ကျွံတယ် ကြီးကြီးရဲ့"

"အေး. . . ငါလည်း သိပါတယ်၊ သတိလွတ်သွားတာ။ ရေစ်နဲ့ သင်ကောက်က ဒီနေရာမှာ ညွတ်နေတာကိုး"

"ဟာ! တောင်းထဲမှာ မှိုတွေပါလား"

"အင်း. . . ဟိုတောင်ပို့က ရလိုက်တာ။ စားချင်ရင် ယူထားလေ"

"တော်ပါပြီ"

"ချဉ်ပေါင်ဟင်းမှာ ထည့်လို့ရတာပဲ, ယူပါ့၊ ရောင်းဖို့လည်း မလောက်မယ့်အတူတူ, ယူလိုက်တော့။ ငါလည်း အိမ်မှာကြော်စားပစ်လိုက်တော့မယ်"

ဟုဆိုကာ တောင်းထဲမှ မှိုသုံးပွင့်ခပ်ကြီးကြီးကိုပေးကာ ပြန်သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်စကားတောင် ပြောမသွားဘူး"

ဟု သူက သူမနားကပ်ကာ အပြစ်တင်သလို ပြောလာလျှင်. . .

'ကျေးဇူးတင်စကားဆိုတာ ကြားကောင်းအောင် တန်ဆာဆင်ပြောကြတာပါ။ ရင်ထဲကမှ မပါတာ၊ တောသူတောင်သားဆိုတာ ကျေးဇူးတင်ပါတယ်လို့မပြောကြပေမယ့် အလုပ်နဲ့ သက်သေပြသွားတယ်"

ဟု ထိုအခေါ်ကြီးပေးတဲ့မှုကို ရည်ညွှန်းပြီးပြောလျှင် သူက တိတ်ဆိတ်၍နေလိုက်ပါသည်။

"နှုတ်ချိုတဲ့လူက များသောအားဖြင့် စိတ်ရင်း ဆိုးတတ်တယ်။ နှုတ်ကြမ်းတဲ့လူတွေက စိတ်ရင်းဖြူတတ်တယ်။ လောကမှာ ရှင်သတိထားရမှာက ပါးစပ်ချိုတဲ့လူပဲ"

ဟုဆိုကာ စောစောကငါးကိုသာ ဆက်ကောက်နေ၍,

"အစီမဆိုတာက မင်းရဲ့ဒုတိယနာမည်လား"

"ဖိုးသားဆိုတာကလည်း ရှင့်ရဲ့ဒုတိယနာမည်လား"

"ဒါတော့ ငါ့နာမည်မှ သူမသိတာကိုး"





"မြို့မှာတော့ နာမည်မသိရင် သမီး, သား,ဆိုပြီး နားထောင်ကောင်းအောင်ခေါ်တယ်၊ တောမှာတော့ အစီမ, ဖိုးသား"

"ဩော်, ဒီလိုလား"

"ဟိုး. . . အိုက်ထဲမှာရော ခရာထောင်ထားသေးလား"

"ဟွန့်အွန်း, မထောင်ဘူး"

"အဲဒီမှာက ငါးပိုပေါတာ၊ ချုံကောင်းတယ်လေ"

"မနေ့ညနေက ဒေါ်ခင်အေး, အဲ,ဟို. . . ဖျိုင်းမနားခင်အေးတို့သားအမိ နေရာယူသွားတယ်"

"ဩော်, ရှင်က ဖျိုင်းမနားခင်အေးဆိုတာ သိနေပြီပဲ"

"သူက နာမည်ကြီးလား"

"အင်း, ကြီးတယ်၊ သူဝင်သွားပြီဆိုမှတော့ မသွားတော့ပါဘူး။ ဖရစ်နဲ့သင်ကောက်လည်း အငုတ်ပဲ ကျန်မယ်"

"ဖရစ်နဲ့သင်ကောက်! ဒါက ဘာလဲ"

"ဟင်းချက်စရာပေါ့၊ တောဟင်း, ဒါပဲမှတ်ထားလိုက်"

"ငါလည်း စားဖူးချင်တာ"

"စားရမှာပါတော်၊ စားရလွန်းလို့ ငြီးငွေ့သွားစေရမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ဟင်းရည်က ဘာချက်ရမလဲ၊ ဪ်, သိပြီ၊ နို့ထွက်ပစ္စည်း ချက်ရမယ်"

"ဘာ! နို့ထွက်ပစ္စည်း"

ဟု သူက စကားကိုထပ်မံထောက်လိုက်ပေမယ့်လည်း သူမက ဘာမှဆက်မပြောတော့ပါဘဲ ရှေ့မှဦးတည်သွားသဖြင့် သူမနောက်သို့ သူက လိုက်နေမိပါသည်။ သူမက အပင်ငယ် တစ်ပင်အောက်တွင် ရပ်လိုက်ပြီး...

"ရှင် အပင်တက်တတ်သလား"

"ဘာလုပ်ဖို့လဲ"

"ဒီအညွှန့်လေးတွေကို လိုက်ကောက်"

ဟုပြောတော့ သူမညွှန်ပြရာသို့ ကြည့်လိုက်ရာ အရွက် ပိစိလေးတွေကို တွေ့ရပါသည်။

"လိုက်ကောက်! ဟုတ်လား။ ခူးခိုင်းတာမဟုတ်လား"

"အတူတူပဲ"

"တူမလား... ကောက်တာက မြေကြီးပေါ်က၊ ခူးတာ က အပင်က"





"လျှာမရှည်နဲ့၊ ဒီမှာက ဒီလိုပဲပြောကြတာ"

"ဟူး... မလွယ်ပါလား"

"ကဲ, တက်မှာလား မတက်ဘူးလား"

"ဒီအရွက်က ဘာကြီးမို့ ခက်ခက်ခဲခဲခူးရမှာလဲ။ ဈေး မှာသွားဝယ်"

"ပိုက်ဆံကုန်တယ်၊ ကဲ, ပြော၊ ဘယ်မှာလဲ ဈေး"

ဟုဆိုပြန်တော့ သူ့မှာ ဘာပြောရမှန်းမသိပါ။

"ဒီအရွက်နာမည်က နို့ထွက်ပစ္စည်းလား"

"ဘယ်ကလာ, သဖန်းရွက်ပါ"

"မင်းပဲ စောစောကပြောတော့ နို့ထွက်ပစ္စည်းဆို"

"အင်းလေ, ကလေးမွေးပြီးသားမိန်းမတွေရဲ့ လက်စွဲ တော်ပဲ"

"ဟာ!"

ပွင့်လင်းသောသူမရဲ့စကားကို သူက ရှက်မိပေမယ့် သူမ ကတော့ ပုံမှန်ပင်။ ရှက်ရှက်နှင့်ပင် အပင်ကို မတက်တတ်တက် တတ်နှင့် တက်လိုက်သည်မှာလည်း အဆင်တော့ပြေသွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ညှိုးထိုးပြသမှုအရွက်တွေကို ခူးနေရတာနှင့်ပင် သူ့ရင်ထဲ ပျော်ရွှင်နေပါပြီ။

သူ့ရင်ထဲ၌ ကြည်ကြည်နူးနူးပင် လွတ်လပ်နေမိတာပါ။ သူဘယ်တုန်းကမှ မတွေးခဲ့မိပါ။ သူ့မှာ ခုလိုလွတ်လပ်မှုမျိုး ရှိလာမည်ဟု။

ဒီနေရာမှာ သူပျော်ပါသည်။

ခုလိုစိတ်ရင်းလှတဲ့ ပတ်ဝန်းကျင်မှာ နေချင်ပါသည်။ ထို့ကြောင့်ပင် သူ့ခရီးကိုမေ့ကာ ထိုနေရာ၌ သူပျော်နေမိပါ၏။

ခုမှ လူတစ်ယောက်ဖြစ်ရခြင်းကို သူက ပထမဆုံးကျေးဇူးတင်မိပါတော့သည်။

✱ ✱ ✱



## အခန်း (၁၁)

"ဟော့! မြို့သား, ဒီကိုရောဟော့"

"ဒီမှာလည်း လိုနေပြီ"

ဟု ရိုးသားပွင့်လင်းကြပါသော တောသူလုံမပျိုတွေကို သူက စိုက်ပျိုးရန် ပျိုးပင်များ ပေးသဖြင့် လုံမပျိုတို့ရဲ့ပါးစပ်ဖျားတွင် သူက ရေပန်းစားနေရပါသည်။

မိုးက စိမ့်စိမ့်,စိမ့်စိမ့်နှင့် ကျဲကျဲကလေး ရွာနေပေမယ့်လည်း သူရှုံ့ရှာခဲ့သော ရွှံ့နွံထဲတွင် ပြေးလွှားနေခဲ့သည်မှာ ကျွဲတစ်ကောင်လို ပေတူးရွှံနေပါသော်လည်း သူ့ရင်ထဲမှာ လန်းဆန်း



www.burmeseclassic.com

www.burmeseclassic.com



နေပါဏ်။

ရုပ်ရည်ချောမောသောသူ့ကို လုံမတို့က စနောက်နေသေးရာ သူနှင့်ထိုလုံမတွေမှာ ခဏအတွင်းပင် ရင်းနှီး၍နေခဲ့ပါသည်။

တစ်နေကုန် ရွှံ့နွံတွေထဲ ပြေးလွှားမည်၊ ညဆို ပင်ပန်းလွန်း၍ ဘာမှမစဉ်းစားနိုင်ဘဲ ခေါင်းအုံးနှင့်ခေါင်း ထိသည်နှင့် အိပ်ပျော်မည်။ ထို့ကြောင့်ပင် ကိုအောင်လှရဲ့ခေါင်းအုံးက ညစ်ပေပေ, မပေပေ၊ အိပ်ရာက နံ့မနံ့ပင် ဝေဖန်ပိုင်းခြားမှုမပြုနိုင်ပါတော့ချေ။

သူ ပင်ပန်းပေမယ့် စိတ်ချမ်းသာသည့်အခြေအနေပါ။ မစားဖူးတာတွေလည်း စားရသည်။ မကြားဖူးတာတွေကိုလည်း ကြားရသည်။ ပန်းကြောင်ရဲ့ ဆီမပါတဲ့ဟင်းများကိုလည်း နှစ်သက်လှပါသည်။

ပြီးတော့ ပန်းကြောင် ယူလာတတ်သည့် ငှက်ပျောဖက်နှင့်ထုပ်ထားသော ကောက်ညှင်းထုပ်ဆိုတာလည်း သူ နှစ်သက်ရပါသည်။ အထဲတွင် စေးပျစ်ပျစ်ဆန်နှင့် ငှက်ပျောသီးချိုချိုတို့





ရောနယ်ထားသည်ကို သူ ဘယ်လိုက ဘယ်လို အရသာတွေ့မိမှန်းပင် မသိပါ။

တောသူလုံမတို့က သူတွေ့ဖူးသမျှထဲတွင် သိပ်တော်သည်ဟု ထင်ပါသည်။ တစ်နေကုန်ကုန်းကော ရွှံ့ထဲ၌ ပျိုးပင်များကို ခပ်သွက်သွက်စိုက်ပျိုးနေ၍ ထိုလုံမပျိုတွေကို သူကျေးဇူးတင်မိပါသည်။

သူစားနေတဲ့ထမင်းဟာ ဒီလုံမတို့ရဲ့ချွေးစက်တွေပေါ့။ ထမင်းကို သာမန်ကာရှုကာသာ စားခဲ့ပေမယ့် ခုလောက်ထိ တန်ဖိုးရှိမှန်း မသိခဲ့တာအမှန်ပါ။

ကိုအောင်လှလို လယ်ဦးစီးရဲ့ချွေး ဗိုက်ကျားနှင့် နပြာတို့လို နွားနှစ်ကောင်ရဲ့ချွေး။ လုံမတို့ အရပ်သားတို့လို ကောက်စိုက်သူ ပျိုးနုတ်သူတွေရဲ့ချွေးကို သူက သက်တောင့်သက်သာ ရွှန်းခက်ရင်းနှင့်စားနေမိခဲ့သူမို့ အားနာရပါသည်။

ထိုချွေးတွေအတွက် ထိုထမင်းကို တန်ဖိုးရှိရှိစားပြီးလျှင် ကျေးဇူးပြန်ဆပ်ရမယ်လေ။

သူ ဒါကို အစောကြီးကတည်းက ဘာလို့မသိခဲ့တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်အောက်တွင် မပူမပင် ခပ်ညှံ့ညှံ့နေခဲ့ရသည့်သူက ဘဝကို ကြိုးစားရုန်းကန်နေသော ထိုကောက်စိုက်သူမများကြားတွင် အားနာနေရပါသည်။ ပြီးတော့ ကြိုးစားပြီး အလုပ်လုပ်နေကြသော ထိုအမျိုးသမီးများကို အထင်ကြီး လေးစားမိပါသည်။

ပိုက်ဆံမရှိဘူးဆိုပြီးတော့ ပိုက်ဆံရှိသည့်ပုဂ္ဂိုလ်နားမှာ ဖိနပ်ပဲ တိုက်ပေးပါရစေ, ဆံပင်အဆွဲပဲ ခံပါရစေဆိုပြီး တောက်တဲ့လို ဂုဏ်သိက္ခာမဲ့ ကပ်မနေပါဘဲ၊ ပညာမတတ်ပေမယ့် မိမိ ခွန်အားရှိသမျှ ဘဝကိုရုန်းကန်နေသူတွေမို့ ထိုလူတွေကို အထင်မကြီးဘဲ ဘယ်သူတွေကို အထင်ကြီးရမှာတဲ့လဲ။

သူ့ရင်ဘဲတွင် ထိုအမျိုးသမီး ကောက်စိုက်သူမများကို လေးစားထိုက်သော အမျိုးသမီးများအဖြစ် မှတ်တမ်းတင်နေမိပါသည်။ ထိုသို့ ရင်ထဲတွင် အထင်ကြီးလေးစားမိလို့လားမသိ၊ ချွေးသံတွေနှင့် မျက်နှာပါ ရွှံ့ပေနေသော ပါးကွက်ကြားနှင့် ထိုအမျိုးသမီးတွေက သူ့မျက်လုံးထဲ၌ လှနေရပါသည်။

လုံချည်ကို ဒူးအောက် ခပ်တိုတိုဝတ်ထားတဲ့ ထိုအမျိုးသမီးများက နေ့လယ်ဆယ့်နှစ်နာရီထိုးသည်နှင့် တစ်ပြိုက်နက်





ကိုင်ထားသောပျိုးပင်များကို ပစ်ချကာ ညာသံပေးပြီး ထမင်းစားရန် တက်လာကြပါသည်။

ရွှံ့ပေနေသော သူမတို့ရဲ့လက်ကို ကြာအင်းမှရေတွင်ဆပ်ပြာမပါဘဲ ဆေးပြီး သူမတို့အိမ်မှပါလာသော ငှက်ပျောရွက်နှင့်ထုပ်ထားသည့်ထမင်းကို ဖွင့်စားကြပါတော့သည်။ လယ်ရှင်ကိုအောင်လှက ခရာမိငါးကလေးများကို ကြော်ချက်ပြီး လင်ဗန်းကြီးနှင့်ချကာ ထိုကောက်စိုက်သူမများ၏အလယ်တွင် ချပေးပါသည်။

ပန်းကြောင့်ကလည်း သူနှုးပေးသည့် သဖန်းရွက်ကို ငါးပိနှင့် ဟင်းချိုချက်ကာ အိုးလိုက် ခွန်းကြီးတပ်ပြီး ချပေးလျှင် နို့အွက်ပစ္စည်းမို့ ကောက်စိုက်သူမများမှ ညာသံပေးကြပါသော်လည်း တစ်စက်မှမကျန်လောက်အောင်ပင် ရောင်းကောင်းလှပါသည်။

ပျိုးနှုတ်သူများထဲတွင် ကာလသားတွေလည်း ပါနေသေးရာ ကောက်စိုက်သူမများနှင့် ရင်းနှီးစွာ စနောက်ကြသည်မှာ သူ့ရင်ကို ကြည်နူးစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး. . . မြို့ရန့်နဲ့တော့များ ကွာပါ။

ဟန်ဆောင်မှုလုံးဝမရှိဘဲ ဖွင်းဖွင်းရှင်းရှင်း တစ်ယောက် နှင့်တစ်ယောက် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ရှိကြပါသည်။ ဒီ က ပေါင်းစည်းလုပ်ကိုင်ခြင်းရဲ့ အကျိုးကျေးဇူးလား။

"မြို့သား ဘာလို့ တစ်ယောက်တည်းနေရတာလဲ။ လာ ဝိုင်းလေ"

ဟု ကချင်အရက်လေးတမြမြနှင့် တောကြောင်သား မြည်းနေသော ကာလသားများက သူ့ကိုခေါ်လျှင် ကိုအောင် က. . .

"သူ မသောက်နိုင်ဘူး။ အရှိုင်းလေ"

ဟုပြောပါသည်။ သည်တွင် လုံမတစ်သင်းက. . .

"ဒါဆို တို့က မြို့သားကိုပဲ ယူတော့မယ်"

"ဟုတ်ပဲ့, မြို့သား. . . ငါ့ကိုမကြိုက်ဘူးလား"

ဟု အနောက်သန်သော ကောက်စိုက်သူမများ ဆောင် ဒေါ်ကြည်အေးကပြောလျှင် သူ့မှာ ရှက်လည်းရှက် ရယ်လည်းရယ်ချင်ပါသည်။





ရင်ထဲကမပါဘဲ သူ့ကိုနောက်ပြောင်ချင်ရုံသက်သက် ပြောသည်ကို သူသိပါ၏။

"ကဲ,ကဲ, အာလူးပေးမနေကြနဲ့ဟေ့။ လယ်ထဲပြန်ဆင်း ရအောင်"

ဟု လယ်ရှင်ကိုအောင်လှကဆိုတော့ လုံမတို့မှာ ညာသံ ပေးပြီး ပျော်ပျော်ရွှင်ရွှင်ကြီးပင် ရွှံ့နွံတောထဲ ပြန်ဆင်းသွားကြ ပါ၏။

"ရှင် ပင်ပန်းနေပြီထင်တယ်"

ဟု ကောက်ညှင်းငှက်ပျောပေါင်း စားနေသောသူ့ကို ပန်းကြာငုံကမေးလျှင် သူက ပါးကွက်ကြားနှင့်ပန်းကြာငုံကိုကြည့် ကာ. . .

"ပျော်ပါတယ်"

"ရောက်လာတုန်းခါက ရှင့်ခြေထောက်တွေက လှလှ လေး။ သုံးရက်ပဲ ရှိသေးတယ်. . . ရှင့်ခြေထောက်တွေက"

"ငါရုက်တယ် ပန်းကြာငုံ"

"ဟမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးတွေက အဲဒီလိုလုပ်ကိုင်နေပြီး ငါက ထိုင်စားနေရမှာ ရှက်တယ်"

"ရှင်က ညည့်သည်ပဲ"

"ဒီလိုလုပ်ရတာ ငါပျော်ပါတယ်၊ မင်းတို့က ငါ့ကို နေစရာ,စားစရာ ပေးတယ်"

"ဒါလေးများရှင်၊ ရှင်တို့မြို့လိုမဟုတ်ဘူးတော့၊ ဒီတောမှာက တစ်ယောက်စာနှစ်ယောက်စာလောက်တော့ ဘယ်အိမ်တက်စားစား"

"ငါ ကောက်စိုက်သူမတွေကို မျိုးလက် ချပေးလိုက်ဦးမယ်"

"အင်း, ငါလည်း နွားကျွေးဖို့ ကောက်ရိုးသွားဆွဲလိုက်ဦးမယ်"

"အဲဒီကောက်ရိုးက ဒီလောက်အပုံကြီးကြီးပဲ၊ ဘယ်ကရတာလဲ၊ နေပူတုန်းက မြက်ပင်တွေကိုရိတ်ပြီး အခြောက်ခံထားတာလား"

"မြို့သားရယ်, ရှင့်ဆီကကြားရရင် အဆန်းတွေချည်းပဲ၊ ဘယ်ကလာ. . . ဒါက စပါးပင်က ရတာ"

"စပါးပင်က"

"အင်း, စပါးအပင်ဖြစ်လာရင် အစေ့ကို လူစားတယ်၊ ဒီအကိုင်းတွေကို နွားကျွေးတယ်"

"ဩော်, ငါက အကိုင်းကို မာမာကြီးမှတ်နေတာ၊ အဲ့လိုပျော့ပျော့လေးပဲ"

ဟုဆိုကာ ထွက်သွားသော ထိုမြို့သားကို သူမ ကြည့်နေမိပါ၏။ ဖြူဖတ်ဖြူရော်နှင့်ဒီလူက အလုပ်တွေကို မလုပ်တတ်လုပ်တတ်နှင့် လုပ်နေတော့လည်း ကြည့်လို့တော့ကောင်းသားပင်။

ညနေ လေးနာရီ၊ ကောက်စိုက်ရှိန်သိမ်းတော့ ကောက်စိုက်သူမများကို ငွေနှစ်ထောင်စီ လုပ်ခရှင်းပေးပြီး အစ်ကိုနှင့် မြို့သားစားရန် ချက်ပြုတ်ပေးပြီး ရွာထဲပြန်မည့်အချိန်တွင် တဲအပြင်တွင် ငုတ်တုပ်ထိုင်နေသောမြို့သားကိုကြည့်ကာ. . .

"မြို့သား, ရှင် ရွာထဲမလိုက်ချင်ဘူးလား"

"ဟွန့်အွန်း. . . ဒီမှာနေလို့ကောင်းတယ်"







www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလျှင် သူမမှာ စဉ်းစားစရာ တစ်သီကြီးဖြစ်သွားရပါသည်။ ဒီမြို့သားက ဒီတောထဲမှာ လူမရှိသူမရှိနေတာက သာမန်တော့ မဖြစ်နိုင်ပါ။

ဘာလဲ...

✱✱✱



## အခန်း (၁၂)

လေးရက်မြောက်တွင် လယ်တစ်စားလုံး (တစ်ခုလုံး) ပြီး၍ အောင်ပွဲခံရမည့်အချိန်သို့ ကျရောက်လာခဲ့ပါသည်။

ရွှံ့အလိမ်းလိမ်း ထူထဲနေခဲ့သော လယ်ကွင်းပြင်ကြီးမှာလည်း ခုတော့ ကောက်ပင်များနှင့် စိမ်းလန်းစိုပြည်နေခဲ့ပါသည်။ သူ့ရင်ထဲ ကြည်နူးသွားရပါ၏။ ထိုကြည်နူးမှုက မည်သို့သော အရာနှင့်မှ မတူနိုင်ပါ။

ကြည့်ပါဦး၊ ဒီအထဲမှာ သူ့လုပ်အားတွေလည်း ပါတယ်တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com



ကောက်စိုက်သူမများ၏ ကြိုးစားအားထုတ်မှုကြောင့် နေ့လယ်နှစ်နာရီမှာပဲ အကုန်လုံးစိုက်ပြီးသွားလေရာ လယ်ရှင် ကိုအောင်လှမှာ တစ်ရက်မပြည့်၍ ရပိုင်ခွင့်နှစ်ထောင်ကို မပေးချင်ဘဲ ဖြစ်နေရပါ၏။

"ကျွန်မတို့အတွက်က တစ်နေ့စာပဲ၊ ကိုအောင်လှ လျှော့လည်းမကျနဲ့"

"အေးဟယ်၊ ဒီလိုမှန်းသိရင် ဖိမ်ခွဲပြီး ဖင်ထိုင်ချ စိုက်ပါတယ်"

ဟု တစ်ယောက်တစ်ပေါက် တီးတိုးပြောလာကြပါ၏။

"နှစ်ထောင်တော့ လုပ်ပါဟယ်၊ သူများလယ်မှာ စိုက်တုန်းကဆိုရင် နှစ်ထောင့်ငါးရာ ရတယ်၊ မင်းလယ်က နောက်ကျလို့သာ နှစ်ထောင်ဖြစ်နေတာ"

"အေးဟယ်. . . အောင်လှရယ်၊ နှစ်ထောင်တော့ ပေးပါ။ ဒီနေ့ ဆန်ဝယ်ရမှာ"

"ဒီတစ်ရာသီလုံးစိုက်မှ တစ်သိန်းပြည့်အောင် မစုနိုင်သေးဘူး"





"ဟဲ့! ငါ့ကလေး မနက်ဖြန် ကျောင်းရုံပုံငွေထည့်ရမှာဟယ်။ လုပ်ပါ"

ဟုတောင်းဆိုနေကြတော့ ကိုအောင်လှရဲ့မျက်နှာမှာ ရှုံ့မဲ့၍ နေခဲ့ပါသည်။ ကိုအောင်လှက လက်ထဲမှ တစ်ထောင်တန်အုပ်ကိုကြည့်ပြီး တွန့်ဆုတ်နေ၍ သူက တဲပေါ်ကို အမြန်ဆုံးပြေးတက်သွားကာ သူ့ရဲ့ကျောပိုးအိတ်ထဲမှ တစ်သိန်းတန်အုပ်တစ်အုပ်ကိုယူကာ ပြေးဆင်းလာပြီး သဒ္ဓါထက်သန်စွာပင် ကိုအောင်လှ ပေးသည့်နှစ်ထောင်အပြင် သူပါ နှစ်ထောင်စီ လိုက်ဝေလိုက်ပါသည်။

ကောက်စိုက်သူမများနှင့် ကိုအောင်လှတို့မောင်နှမက သူ့ကိုပြုံးပြုံး၍ ကြည့်နေကြပါ၏။ သူက အားလုံးဝေပြီးတော့မှ ထိုအကြည့်များကို မနေတတ်မထိုင်တတ်ဖြစ်ကာ. . .

"အဲဒီ့ထက်တောင် ပေးသင့်သေးတယ်၊ တစ်နေကုန်ပင်ပန်းတယ်လေ"

"မြို့သား. . ."

"ယူပါ. . . ဒါတွေ ကျွန်တော် ခိုးထားတာမဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အလကားပေးတာ။ အဟဲ, ခင်ဗျားတို့အိမ်မှာ ထမင်းလိုက်စားရင်လည်း ကျွေးရမယ်နော်''

ဟု သူက ခပ်နောက်နောက်ပြောသည်မှာတော့ အားလုံးရဲ့မျက်လုံးများမှာ ပြန်လည်၍ ပုံမှန်ဖြစ်လာပြီး. . .

''ဘုန်းကြီးလို့ အသက်ရှည်ပါစေတော်''

''အမယ်လေး. . . ပိုက်ဆံမပေးလည်း စားလို့ရပါတယ်နော်''

''ဟုတ်ပါ့, တို့တတွေစားတဲ့ဟင်းနဲ့တော့ အချိန်မရွေးပါနော်''

ဟုဆိုတော့ သူပျော်သွားပါ၏။ ကောက်စိုက်သူမတွေပြန်သွားတော့ ပန်းကြာငုံက. . .

''ရှင် ပိုက်ဆံကို အဲဒီလိုမလုပ်နဲ့နော်၊ ရှင်က ခရီးသွားသွားရလာရဦးမှာ''

ဟုဆိုတော့ သူ့ရင်ထဲ ဝမ်းနည်းမိတာအမှန်ပါ။ ချက်ချင်း ငိုင်ကျသွားသောမြို့သားကို သူမက အကဲခတ်ရင်း. . .

''ရှင်ပျော်သလောက်တော့ နေလို့ရတယ်''





ဟု ပြန်ပြောလိုက်ပြန်ပါသည်။ ဒီတော့မှ ထိုမြို့သားကပြုံးကာ. . .

''နွားသွားဆွဲရတော့မှာလား''

''နွားကို ရှင်မကြောက်တော့ဘူးလား''

''မကြောက်တော့ဘူး''

''စောပါသေးတယ်၊ ကဲ, ငါ ရေသွားချိုးဦးမယ်။ ရှင်တော့ နားဦး။ အစ်ကို, ငါ ရေသွားချိုးတယ်နော်''

ဟု ပန်းကြာငုံက တစ်ဆက်တည်းဆိုလိုက်ပြီး ထွက်သွားသဖြင့် သူက ဆေးပေါ့လိပ်ခဲနေသော ကိုအောင်လှနားသို့ကပ်လာကာ. . .

''ပန်းကြာငုံက မဟာသိပ္ပံဘွဲ့ရပြီးသားဆို''

''မသိပါဘူးကွာ. . . သူ့အသက်တစ်လျှောက်ကတော့ ကျောင်းချည်းတက်နေတာပဲ။ နွေရာသီစိုက်တဲ့ ဖရဲသီးအမြတ်၊ မိုးရာသီစိုက်တဲ့စပါးဟာ သူ့ကျောင်းစရိတ်ပဲ သွားတာပဲ''

''သူက ဘာလို့ တခြားအလုပ်မလုပ်သလဲ''

''ကျောင်းဆရာမရဲ့လခက ဘယ်လောက်ရမလဲ၊ တို့



www.burmeseclassic.com

www.burmeseclassic.com



တောမှာ မိန်းမဆို ကျောင်းဆရာမ, ယောကျ်ားဆို လေကြွား, ဒါပဲ. . . တစ်နေ့ ဖရဲခင်းစိုက်, မြေပဲဆွတ် (မြေပဲချွေ), ဘာကမှ မိုးတွင်းအိမ်သုံးဆို လုံလောက်သေး။ ဖရဲခင်းကို အထင်မသေးနဲ့ နှစ်လသုံးလတည်းနဲ့ သုံးလေးသိန်း,ကျန်တာ။ ကဲ, ကျောင်းဆရာ အလုပ်က ဘယ်လုပ်တော့မှာလဲ''

''အဲဒါလည်း ဟုတ်တာပဲ၊ ဒါပေမဲ့ ကိုအောင်လှရဲ့မိဘ တွေက ဘာမှမပြောဘူးလား''

''ဘာပြောဦးမလဲကွာ၊ ယောကျ်ားလေးဆိုရင် ရေတတ် ဖတ်တတ်ရုံဆို လုံလောက်ပြီ။ အဓိက,က ထွန်တုံးနဲ့ ပေါက်ပြား (ပေါက်တူး)ကိုင်တတ်ဖို့ပဲ အရေးကြီးတာ။ အဲ, မိန်းကလေးက တော့ ယောကျ်ားနောက်လိုက်ရင် ဂုဏ်ရှိအောင် ပညာလေးက တော့ တတ်မှပေါ့''

''ကိုအောင်လှ ကြည့်ရတာ ဒီဆေးပေါ့လိပ်ကို တော် တော်ကြိုက်တယ်ထင်တယ်''

''မကြိုက်ဘဲ ရှိပါ့မလားကွာ၊ ဒါက ငါ့ရဲ့အဖော်ပဲ။ ဒါ နဲ့ မင်းက မြစ်ကြီးနားမသွားတော့ဘူးလား''





ဟုဆိုတော့ သူ့မှာ ငိုင်ကျသွားရပါသည်။

''ငါ မင်းကိုမောင်းထုတ်တာ မဟုတ်ဘူးနော်။ မင်းနေ ချင်လို့ကတော့ ကြိုက်သလောက်သာ,နေ''

''ကျွန်တော် မပြန်ချင်သေးဘူး''

''မပြန်ချင်သေးရင် မပြန်နဲ့ပေါ့ကွာ။ မိုးကောင်းတုန်း ညကျရင် ဖားရိုက်ထွက်ကြတာပေါ့''

''ကိုအောင်လှ မပင်ပန်းဘူးလား''

''ပင်ပန်းတာ ဘာမှန်းတောင်မသိပါဘူးကွာ''

''ကိုအောင်လှနဲ့ မကြည်အေးလည်း ကျွန်တော် မသိ လိုက်ရပါလားဗျ''

ဟုဆိုတော့ ကိုအောင်လှက သူ့ကို မျက်လုံးပြူးကြီးနှင့် ကြည့်ကာ. . .

''ဟျူး. . . တိုးတိုး, ဒီကိစ္စနဲ့ပဲ ငါနဲ့ ပန်းကြာငုံ စကားများ ရတယ်''

''ဘာလို့လဲ''

''ငါက ကြည်အေးတို့အုပ်စုကို ပုတ်ပြတ်ငှားမယ်ပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘောက်က ပိုကိုက်တယ်ဆိုပြီး ဖွတ်လုပ်တယ်လေ။ ဒီကောင်မလေး တမင်လုပ်တာ၊ ငါ, ကြည်အေးကိုကြိုက်နေမှန်း သိလို့''

''မကြည်အေးနဲ့ သဘောမတူလို့နေမှာပေါ့''

''ဘယ်ကလာ,' ဟိုက အပျိုကြီး။ ခွဲကြိုးကို နှစ်ကျပ်သားခွဲထားတာ။ အိမ်လည်း ရှိတယ်, တီဗီရော, ဆိုင်ကယ်ရော, ခြေသလုံးကြီးတာက လွဲလို့ပေါ့ကွာ။ ခြေသလုံးကြီးလည်း ဘာထိခိုက်လဲ၊ လေဖြတ်မှာတောင် မစိုးရိမ်ရဘူး''

ဟုဆိုတော့ သူရယ်မိပါသည်။

''ဘာရယ်တာလဲ''

''ခင်ဗျားတို့ဆီက ကြားရတဲ့စကားတွေက ကျွန်တော် ဘယ်တုန်းကမှ မကြားဖူးတာတွေမို့ပါ''

''မင်းကိုက တုံးလွန်းတာပါကွာ။ ကောက်ရိုးလည်းမသိ၊ ကြာအင်းလည်းမသိ၊ ဘာမသိညာမသိ''

''မသိလက်စနဲ့ ဆက်မေးပါဦးမယ်၊ အဲဒီဘောက်နဲ့ ပုတ်ပြတ်က ဘာပြောတာလဲ''





''ဘောက်ဆိုတာ လူအများကြီးနဲ့ တစ်နေ့ဘယ်လောက်ဆိုတာ သတ်မှတ်ပြီးသား။ ဒီအကွက် ပြီးပြီးမပြီးပြီး ညနေလေးနာရီဆို သိမ်းပြီ''

''ပုတ်ပြတ်ကရော''

''တစ်ကောကို ဘယ်လောက်ဆိုတာနဲ့သတ်မှတ်တယ်။ အချိန်အကန့်အသတ်မရှိဘူး။ သူတို့တတ်နိုင်ရင် ညတောင် လရောင်အားကိုးနဲ့ စိုက်လို့ရတယ်။ ငါးကောဆို ငါးကောစာ ပေးထားပြီးသား''

''ဪ, ဒီလိုလား''

''အင်း, ဟုတ်တယ်''

''ဒါဆို ဘယ်ဟာက ပိုတွက်ချေကိုက်သလဲ''

''အတူတူလောက်ပါပဲကွာ၊ အိမ်သားစိုက်က ပိုတွက်ချေကိုက်တာပေါ့''

''အိမ်သားစိုက်ဆိုတာရော ရှိသေးလား''

''ရှိတာပေါ့ကွ၊ တော်တဲ့လူတွေကိုပဲ ရွေးခေါ်တော့ သုပ်ငန်းတွင်တယ်၊ ဈေးတော့ နည်းနည်းပိုတာပေါ့ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ခုစိုက်သွားတဲ့ ကောက်စိုက်သူမတွေလည်း တော်ပါတယ်"

"ဘယ်ကလာ, ဆောက်ဆိုတာ ရေသာခိုချင်သူက ခင်များများ. . . ဝတ်ကျေးတန်းကျေ သုံးပင်ငန်းလေးနဲ့ သက်တောင့်သက်သာပြေးနေကြတာ"

"သုံးပင်ငန်း? "

"ခြေတစ်ကားကုန်းရင် သုံးပင်ပဲ စိုက်တာကို ပြောတာပေါ့"

"သြော်"

"အိမ်ပါးစိုက်နဲ့ ပုတ်ပြတ်သမားက တော်တယ်၊ ခုနစ်ပင်,ရှစ်ပင်ငန်းနဲ့ အကျယ်ကြီးကားပြီး ခပ်သွက်သွက်လိုက်တယ်ဗျို့"

"သြော်, ဒီလိုလား"

ဟုပြောနေသောသူ့ရဲ့စကားသံကို ဖုံးအောင်နားထောင်မသွားတော့ဘဲ ကိုအောင်လှက ပေါက်တူးကြီးထမ်းပြီး လယ်ကွက်ထဲ ဆင်းသွားသဖြင့် သူက ကိုအောင်လှနောက်သို့လိုက်





လာပြီး. . .

"ဘာလုပ်မလို့လဲ"

"ရေဖောက်ချမလို့ကွာ"

"ဘယ်လိုဖောက်မှာလဲ"

"ကဖင်း (လယ်ကန်သင်း) ကို ပေါက်ပြားနဲ့ခုတ်ချမှာကွာ"

"ဘာလို့ခုတ်ချမှာလဲ"

"အဲ့လိုမှမလုပ်ရင် ညနိုးရွာရင် စောစောကစိုက်ထားတဲ့ ကောက်ပင်တွေ လှန်ကုန်မှာပေါ့ကွာ"

"လှန်တယ်"

"ကျွတ်ထွက်ကုန်မှာကို ပြောတာပေါ့။ ဟူး. . . မောတာကွာ"

ဟုဆိုပြီး ရပ်ကာ၊ မြေကြီးဘုကို ပေါက်တူးနဲ့ရှယ်လိုက်တော့. . .

"ဟော့. . . ပုစွန်လုံး (ဂဏန်း)ကျင်းကြီးပါလား"

"ဗျာ! ပုစွန်လုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီထဲမှာ ပုစွန်လုံးရှိတယ်ဟေ့။ ညနေဟင်းစားရအောင် နှိုက်မှပဲ၊ ကဲ, မြို့သား အစွမ်းပြကွာ"

"ကျွန်တော် မလုပ်တတ်ဘူးလေ"

ဟုဆိုတော့ ကိုအောင်လှ လယ်ကန်သင်းပေါ်တွင် ငုတ်တုပ်ထိုင်ချကာ ရွှံ့စိုလေး တက်နေသောနေရာကို လက်နှင့်ထိုးလိုက်ရာ အခေါင်းပေါက်လေး ထွက်ပေါ်လာပါသည်။

ပြီးနောက် ထိုအပေါက်ကျဉ်းကျဉ်းလေးထဲသို့ လက်မောင်းကြီး လျှိုသွင်းကာ တဗွတ်ဗွတ်နှင့်နှိုက်တော့. . .

"ဟော. . . ရပြီ"

ဆိုပြီး လ..ဟ်ထဲတွင် ငါးရံ့ကောင်းတစ်ကောင် ပါလာ၍ သူ့မှာ မျက်လုံးကြီးပြူးပြီး ကြည့်နေဖြစ်ပါသည်။

"ငါးရံ့က ဒီလိုထဲမှာ နေတာကိုး။ ကျွန်တော်က ကန်ထဲမှာ သီးသန့်မွေးမှ ရသလားလို့"

"ကဲ, နှိုက်တတ်ပြီလား"

"အင်း"

"ဟိုးမှာ တစ်စုန့် (တစ်ကျင်း) သွားနှိုက်တော့။ အဲ





ကျင်းပဲ နှိုက်နော်၊ ငါမနှိုက်ခိုင်းတာကို လျှောက်မနှိုက်နဲ့၊ မြွေကျင်းဖြစ်နေမယ်"

"မြွေကျင်း!"

"မလန့်ပါနဲ့၊ ပုစွန်လုံးကျင်းလို အစို့တက်နေရင် မြွေမနေပါဘူး။ မြွေက ပုစွန်လုံးတော့ ကြောက်တယ်လေ"

ဟုဆိုကာ ပေါက်တူးထမ်းပြီး ထွက်သွားသဖြင့် သူ့မှာ ဘုရားတ,တတပင် ထိုအစို့ကိုမယ်ပြီး ထိုကျင်းထဲသို့ လက်မောင်းထိုးကာ နှိုက်ပါလေတော့သည်။

"အား. . . ကယ်ကြပါဦး. . . အား. . ."

သူ့လက်ညှိုးထိပ်မှာ မရှုနိုင်မကယ်နိုင်ပင် နာကျင်သွားရကာ ထိုကျင်းထဲမှ လက်ကိုဆွဲနှုတ်ပြီး ခြေဦးတည့်ရာကိုပြေးတော့၊ လက်ညှိုးထိပ်ကို အားပြုကာ ညှပ်ထားသော ဂဏန်းကောင်မှာလည်း သူပြေးလေရာ ပါနေခဲ့ပါသည်။

"ကယ်ကြပါဦး. . . သေတော့မယ်. . . အား"

ဟု အသံကျယ်ကြီးနှင့်အော်တော့. . .

"ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ ရေးကြီးသုတ်ပြာပြေးလာသော ထိုမောင်နှမကြောင့်လည်း သူ့အနားမှာ သက်သာသွားခြင်းမရှိပါချေ။

"အား. . ."

ဂဏန်းတစ်ကောင်ကြောင့် ဒုက္ခဖြစ်နေသောသူ့ကို ပန်းကြာငုံက ကူညီနေပေမယ့်လည်း ကိုအောင်လုကတော့ တဝါးဝါး ထိုင်ရယ်နေခဲ့ပါသည်။

★★★



## အခန်း (၁၃)

လက်ညှိုးထိပ်တွင် ချည်ထားသောအဝတ်စုပ်လေးကို ငေးကြည့်ပြီး ငိုင်နေမိပါသည်။

"အစ်ကိုကလည်း သူ့ကိုလျှောက်မလုပ်နိုင်းပါနဲ့။ သူက ဘာမှသိတာမဟုတ်ဘူး"

"ငါလည်း ဘာမှမဖြစ်ဘူးထင်လို့ပါကွာ"

"သူ့လက်,ရောင်နေပြီ၊ မဖြစ်ပါဘူး. . . ရှင် ဒီညနေ ရွာကိုပြန်လိုက်ခဲ့၊ ဆေးခန်းမှာ ဆေးသွားထိုး။ ကဲ, ပြောနေကြာပါတယ်။ လာ, ပြန်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သူမက သူ့ရဲ့ကျောမိုးအိတ်ကိုလွယ်ပြီး သူ့ရဲ့ဘွတ်ဖိနပ်ကိုပါ ခြင်းစုတ်လေးထဲထည့်ကာ ကိုင်လိုက်တော့ သူက အားနာသွားပြီး. . .

"ရပါတယ်"

"ဘာ! ရ,ရမှာလဲ၊ နှုတ်ခမ်းက ဖြူလို့၊ ခံနိုင်ရည်ရှိပုံ မပေါ်ဘူး။ ရှင့်လိုမြို့သား လေစိမ်းတိုက်တာ ဒီလောက်ခံနိုင်တာ ကိုတောင် လွန်နေပြီ"

"လေစိမ်းမဟုတ်ဘူး။ လတ်ဆတ်တဲ့လေ"

"လတ်ဆတ်မနေနဲ့၊ အနားရှိန်နဲ့ အအေးပတ်ပြီး စောစောစီးစီး ဝက်သားဟင်း စားနေရဦးမယ်"

"ဝက်သားဟင်း!"

"သေမယ်လို့ပြောတာဟေ့၊ ဒီမှာက အသုဘဆိုရင် ဝက်တစ်ကောင်သတ်ပြီး အကုန်ကျွေးတာ"

"ဝက်က အဖော်လိုက်သေပေးတာပေါ့"

"ဒါကြောင့် မင်းပါးစပ်က ဆန်းဆန်းပြားပြားကြားရတယ်လို့ ကြာငံ့က ပြောတာ"





"ကဲ၊ မိချောင်းသား။ ပြန်မယ်. . .မကြာခင် မိုးချုပ်တော့မယ်"

"ဘယ်နမိုင် ဝေးသလဲ"

"နှစ်မိုင်"

"ဝေးတာပဲနော်"

"ဆိုင်ကယ်နဲ့ပြန်မှာ၊ မပူပါနဲ့"

"ဆိုင်ကယ်!"

"မစီးဖူးဘူးလား"

"ငယ်ငယ်ကတော့ စီးဖူးပါတယ်"

"ရှင်က ချမ်းသာပုံရတယ်"

"ဘာလို့လဲ"

"တရုတ်ပြည်နဲ့လမ်းပေါက်လို့ ခုမှ ဆိုင်ကယ်ပေါလာတာ။ အခုအသက်အရွယ်နဲ့ဆို ငယ်ငယ်ကစီးမှတော့ ဂျပန်ဆိုင်ကယ်ပဲဖြစ်မှာပေါ့။ ဒါကြောင့်ပြောတာ, မချမ်းသာဘဲ စီးနိုင်ပါ့မလား"

"ငါ့အဖေါ်နဲ့ဦးလေးတွေပဲ ချမ်းသာတာပါ။ ငါကတော့



www.burmeseclassic.com

www.burmeseclassic.com



မချမ်းသာပါဘူး"

"ပြောတာပဲ"

ဟုဆိုကာ ဒူးဆစ်မှုရှိသောရေကို သူမက လုံးချည်ပင့်ကာ ကူးခတ်သွားတော့ သူပါ လိုက်ကူးလိုက်ပါသည်။ ထိုရေကိုကူးပြီး ခဏအကြာတွင်. . .

"ငါ့ခြေသလုံးမှာ အကောင်ကိုက်ထားတယ်ထင်တယ်၊ နာလိုက်တာ"

ဟုဆိုကာ ငုံ့ကြည့်လိုက်တော့ ရွှံ့လုံးကြီးကိုတွေ့ရ၍ ဆွဲချလိုက်ရာ ထိုအလုံးကြီးက မကွာနိုင်ဘဲဖြစ်နေရပါသည်။

"ဘာကြီးလဲ"

သူလန့်သွားမိပါသည်။ ထို့ကြောင့်ပင် လယ်ကန်သင်းပေါ်တွင် ဒုတ်တုပ်ထိုင်ကျသွားတော့၏။

"ဘာဖြစ်တာလဲ"

"ဘာကြီးလဲမသိဘူး"

ဟု မျက်လုံးကြီးပြူးကာ ထိတ်ထိတ်လန့်လန့်ဖြစ်နေသောသူ့ကို ပန်းကြာငုံက စိုးရိမ်တကြီးကြည့်လာပါသည်။





"ဟင်! မျှော့ပဲ"

"မျှော့!. . ."

ဟု သူကလန့်သွားပေမယ့် ပန်းကြာငုံကတော့ သူ့ခြေသလုံးမှ မည်းမည်းအလုံးကြီးကို ထိုးခနဲနေအောင် တံတွေးထွေးချပြီး အရွက်တစ်ရွက်ခူးကာ တွန်းချလိုက်ပါသည်။ ထိုအခါမှ မျှော့မှာ သူ့ခြေထောက်မှ ကျသွားရပါသည်။

သွေးစို့စို့ထွက်နေသေးသော ထိုနေရာကို သူကကြည့်ကာ. . .

"ညစ်ပတ်လိုက်တာ၊ ဒါ ငါ ပထမဆုံး တံတွေးထွေးခံရတာပဲ"

"အဲ့လိုမလုပ်ရင် ရှင့်ခြေသလုံးကသွေးတွေ ခန်းသွားတဲ့အထိ စုတ်ယူသွားလိမ့်မယ်"

"သောင်းကျန်းလှချည်လား. . . သွေးစုပ်ဖုတ်ကောင်အသေးစားပေါ့"

"နောက်ဆို ဒီလိုအကောင်တွေကို ဝေးဝေးရှောင်၊ ခုနာနေသေးတယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကထာန်းကိုက်တာလောက်တော့ မနာဘူး"

ဟုဆိုတော့ သူမက ဟက်ခနဲပြုံးပါသည်။ သူ့ ထိုအပြုံးကို နှစ်သက်ပါသည်။ မာယာတွေ၊ဟန်ဆောင်မှုတွေမရှိတဲ့ အပြုံးစစ်စစ်မို့ပါ။

ရွှံ့တွေရှိသောလမ်းကျဉ်းလေးကိုရောက်တော့ သူမက အိတ်ထဲကတစ်ခုခုကို နှိုက်လိုက်ပါသည်။

"ကြိုးချစ်ပုရေ၊ ဆိုင်ကယ် ယူသွားပြီဗျို့"

ဟု အသံပေးကာ တဲအိမ်လေးအောက်မှ ဆိုင်ကယ်ပုလေးကို ထုတ်လိုက်တော့. . .

"ဩော်၊ ဒါက မင်းတို့တဲကိုရောက်နေတယ်ဆိုတဲ့ မြို့သားလား"

"အင်း၊ ဟုတ်တယ်၊ ရွာထဲ ဘာမှာဦးမလဲ"

"မနက်ဖြန် လာဦးမှာပေါ့၊ အေး၊ ဒါဆို ဆားသုံးရာမိုးလောက် ဝယ်ခဲ့ပါကွယ်။ ပြန်လာတော့မှ ပိုက်ဆံပေးမယ်"

"ရပါတယ်"

"ဒါနဲ့ မင်းတို့လယ် ဒီနှစ်ပြီးပြီဆို"





"အင်း၊ ပြီးပြီ"

"မြို့သား၊ ငါ့တဲလည်း လာလည်လို့ရတယ်နော်"

ဟုဆိုတော့ သူက ပြုံးပြလိုက်ပါသည်။ ထိုအချိန်မှာ ပန်းကြာငုံကလည်း ဆိုင်ကယ်စက်ကို နှိုးနေခဲ့ပါသည်။

"ကိုင်း! (ကဲ) ဘာလုပ်နေတာလဲ၊ တက်လေ၊ သွားကြမယ်"

ဟုဆိုတော့ သူက သူမရဲ့နောက်တွင် ထိုင်လိုက်ပါ၏။

"ငါ ပြုတ်ကျမလားပဲ"

ဟု မရဲတရဲဆိုတော့ သူမက ဆိုင်ကယ်အရှိန်ကိုလျှော့လိုက်ကာ. . .

"ငါ့ပခုံးကို နည်းနည်းတော့ ကိုင်ထားလိုက်၊ အများကြီးမကိုင်နဲ့နော်"

"သိပါတယ်၊ ကပ်စေးနှဲတာ"

ဟုဆိုပေမယ့် သူ့နှုတ်ခမ်းက ပြုံးနေခဲ့ပါသည်။ ဘာပဲဖြစ်ဖြစ် ဒီတောသူမနဲ့စကားပြောရတာကိုတော့ ပျော်ပါသည်။

★ ★ ★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"မြို့သားဟာ အိပ်လိုက်တာ, နှစ်နှစ်ခြိုက်ခြိုက်ပဲ"

ဟု ဥပုသ်ကျောင်းသွားရန် ဆင်းလာသောအမေကဆို လျှင် သူမက ကန်တော့ပန်း ပြင်ပေးရင်း. . .

"အစ်ကိုရဲ့အိပ်ရာထက် ကောင်းတာကိုး"

"ရှပ်ရည်လေးက သနားကမားနဲ့၊ ခက်ဖါရဲ့။ ရောက် လာတဲ့ညှေ့သည်ကို ကောင်းကောင်းကျွေးမွေးနော်။ သူ့ခမြာ အောင်လှကို ကူထားရတာနဲ့ မောနေလောက်ပြီ"

ဟုဆိုကာ ကန်တော့ပန်းကို ခြင်းလေးထဲထည့်ပြီး ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ အဖေဖြစ်သူပါ အိမ်ပေါ်မှဆင်းလာပါသည်။

သူမက အသင့်ပြင်ထားသောပန်းကို ယူလိုက်ပြီး. . .

"ထမင်းက ဘုန်းကြီးကျောင်းကိုပဲ ပို့ရမှာလား။ မပို့နဲ့တော့. . .အိမ်ပဲပြန်လာမယ်၊ ညနေလည်းရှိတာကို။ မင်းအမေအတွက်ပဲ လုပ်လိုက်"

ဟုဆိုကာ ထွက်သွားပြန်တော့ သူမက မီးဖိုချောင်ထဲဝင်ကာ မီးမွှေးပြီး ထမင်းတစ်အိုး တည်ထားလိုက်ပါသည်။ အိုးဆူကာ ချလိုက်တော့မှ ထိုမြို့သားက ဆံပင်ပွယောင်းယောင်းနှင့် သူမရှေ့ ရောက်လာပါသည်။

"နိုးပြီလား"

"အဖေနဲ့အမေရော"

ဟု သူမမေးသလိုပင် သူကမေးလျှင် သူမစိတ်ထဲ ခုလုခုလုဖြစ်သွားရကာ. . .

"ဦးလေးနဲ့အဒေါ်လို့ ပြောလည်းရတယ်။ ကြီးကြီးနဲ့ဘကြီးလို့ပြောလည်း ရတယ်"

ဟုဆိုတော့ သူ ပြုံးမိပါသည်။





ဒီကလေးမ သူ့စကားကို အစိမ်းကြယ်ကောက်နေတယ်ထင်ပါရဲ့။

"ဘာမဟုတ်တာတွေ တွေးနေသလဲ၊ ငါက မိုးရိုးသားသား. . ."

"မျက်နှာမသစ်သေးဘဲ ထမင်းအိုးနား ကပ်မလာနဲ့။ သွား. . .မျက်နှာအရင် သွားသစ်ချေ"

ဟု မျက်နှာရဲရဲနှင့်ဆိုတော့ ထိုလုံမ ရှက်နေတာပဲဟု သဘောပေါက်ကာ သူက ရေတွင်းဘေးရှိ ရေကန်တွင် ရေတစ်ခွက်ခပ်ကာ မျက်နှာကို ရေဖြင့်ဆေးချပါသည်။

"သွားတိုက်တံ မရှိဘူးလား"

"မရှိဘူး"

"ငါ့ကို သွားတိုက်တံ ဝယ်မပေးချင်ဘူးလား"

"ဈေးသွားရင် ဝယ်ခဲ့ပေးမယ်"

"ဈေးက ဘယ်တော့သွားမှာလဲ"

"အခုပဲ ရှင်မနိုးသေးလို့ စောင့်နေတာ"

"ငါရော လိုက်လို့မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ခြေထောက်နဲ့ရှင်ပဲ"

ဟုဆိုတော့ သူမနှင့်သူက ဈေးအတူသွားဖြစ်သွားပါ၏
သူမလက်ထဲမှဈေးခြင်းတောင်းကို ကူဆွဲပေးချင်ပေမယ့် မှင်ဖွှ
လင်းလင်းပြောတတ်တဲ့ သူမရဲ့စကားကိုလန့်၍ ထိုစိတ်ကို ဖျေ
ဖျောက်လိုက်ပါသည်။ တော်ကြာ အပိုအလုပ်တွေဟု ပျစ်ပျစ်နှ
နှစ်ဆိုလျှင် သူရှက်လို့ပါ။

"အေးချမ်းနေတာပဲနော်၊ မြေလမ်းဆိုတော့ ရွှံ့ပေတယ်"

"ရှင် နေလယ်ဆို ဆေးခန်းသွားပါ"

"ဘာကိစ္စသွားရမှာလဲ"

"ရှင့်ဟို ဆေးခန်းသွားဖို့ ခေါ်လာတာလေ"

"အခုဘာမှမဖြစ်တော့ဘူး"

"ရှင် ဘာလို့ ဒီတောမှာ လာပျော်နေရတာလဲ၊ ငါတော့
အံ့ဩတယ်၊ ငါဆို စိတ်ကူးတိုင်း မြို့မှာနေပြီး ဒေါက်ဖိနပ်မြ
ချွန်ကို စီးချင်ခဲ့တာ။ ဒါပြောတာပေါ့, ရွာထဲကနွား ရွာနားကမြင်
မစားဘူးလို့"

"မင်းတို့ရဲ့ဘဝကို ငါကြိုက်တယ်. . . လူ့အခွင့်အရေ





အပြည့်ရှိတယ်။ ပင်ပန်းပေမယ့် စိတ်ချမ်းသာတယ်။ အပြိုင်အဆိုင်
မရှိဘူး။ မာန်မာနမရှိဘူး။ အားလုံးမိသားစုလိုပဲ. . . ချွေးထွေးမှု
ကြောင့် ပင်ပန်းတာတောင် မေ့တယ်"

"ရှင် ပင်ပန်းနေတာလား"

"မှန်တာပြောရရင် တစ်နာရီပြည့်အောင်တောင် ငါလမ်း
မလျှောက်ဖူးဘူး။ တောင့်တလိုက်ရင် အရာရာတိုင်း အဆင်ပြေ
တာမို့ ငါ့မှာ အခက်အခဲဆိုတာ မရှိခဲ့ဘူး။ ထမင်းပွဲမှာထိုင်ရင်
စားစရာတွေ ရောက်လာတယ်၊ ငွေလိုချင်ရင် ဘဏ်စာရင်းက
ရတယ်၊ ဒါပေမဲ့ ငါက ငါ့စိတ်နဲ့အသက်မရှင်ခဲ့ရဘူး"

ဟုပြောနေသောမြို့သားကို သူမ စိတ်ဝင်တစားကြည့်
မိပါသည်။ သက်ပြင်းရှိုက်နေသောမြို့သားက. . .

"ငါ့အဖေက မွေးချင်းထဲမှာ အကြီးဆုံးပဲ၊ ငါ့ကိုမွေးတဲ့
နေ့မှာ အမေဆုံးတယ်၊ အဲဒီစိတ်နဲ့ အဖေက ငါ နှစ်နှစ်သားမှာ
ဆုံးတယ်။ ဦးလေးနှစ်ယောက် အဒေါ်နှစ်ယောက်ရဲ့လက်ထဲမှာ
ငါ ကြီးပြင်းခဲ့ရတယ်။ ငါ့ကြောင့် အမျိုးကြီးလူမျိုးကြီးတွေ ဖြစ်
ကုန်ရတယ်။ ငါက ဒီအသက်ဒီအရွယ်ရောက်နေပြီ၊ ဘာအလုပ်



www.burmeseclassic.com

www.burmeseclassic.com



အကိုင်မှ ရေရေရာရာမရှိသေးဘူး။ ငါ့ကိုအရမ်းချစ်လို့ဆိုတဲ့ ခေါင်းစဉ်ကြီးအောက်မှာ လူတစ်ယောက်ရဲ့အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရတယ်။ ငါကလည်း ညံ့တဲ့ယောကျ်ားတစ်ယောက်ဖြစ်နေလို့ နေမှာပေါ့"

"ရှင့်ကိုယ်ရှင် အဲဒီလိုသိတယ်ဆိုကတည်းက ရှင်မညံ့ဘူး, ခေး"

"မင်း ငါ့နာမည်ခေါ်တာ ဒါ ပထမဆုံးပဲ"

"ငါ့ကို အရိုင်းအစိုင်းလို့ ထင်သလား"

ဟုပြန်ရန်တွေ့တော့ သူက ပြုံးပါသည်။

"မင်း ငှန့်လုပ်တာက စိတ်ဆိုးစရာမကောင်းဘူး။ ငါ လည်း ဒီကိုရောက်မှပဲ ငါနေရတဲ့နေရာရဲ့ အားသာချက်ကို သိ တော့တယ်။ ငါ့ကိုအထင်ကြီးပေးတဲ့အတွက် ကျေးဇူးပဲ ပန်းကြ ငုံ။ မင်းအထင်ကြီးသလို ငါဖြစ်အောင်နေပါ့မယ်"

"ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိရှိနေပါ။ ဒါဆို ဘယ်အရာ ကိုမှ မကြောက်တော့ဘူး။ ဒါနဲ့ ရှင့်အဒေါ်တွေက သိပ်တော်တာ ပဲနော်။ ရှင့်ကို ရွှေမရှားငွေမရှား ထားနိုင်တယ်"





"အင်း, တော်တယ်၊ တော်တဲ့လူရဲ့လက်အောက်ငယ်သားက ညံ့တယ်"

'ရှင် မညံ့ပါဘူး။ ကိုယ့်ကိုယ်ကို မသိတာပါ။ ငါလည်း တော်တဲ့မိန်းကလေးတစ်ယောက် အရမ်းဖြစ်ချင်တယ်"

"မင်းရဲ့အိပ်မက်က ဘာလဲ"

"တက္ကသိုလ်က ဆရာမ ဖြစ်ချင်တယ်"

"ဘာလို့မလုပ်တာလဲ"

"အခြေအနေအရပ်ရပ်ကြောင့်ပေါ့၊ ရှင်ပဲကြည့်လေ, ငါ့အိမ်အခြေအနေနဲ့ ဒီဘွဲ့နှစ်လုံး ရအောင်ယူခဲ့တာပဲ လွန်နေပြီ"

"ငါ့အိမ်မှာနေပြီး ကြိုးစားရင်ရော"

"ဟမ်း"

"ငါ့အဒေါ်တစ်ယောက်က စိန်ထည်တွေ ရောင်းတယ်"

"ဩော်"

"တစ်ယောက်က အင်္ဂလိပ်စာသင်တန်းတွေ ဖွင့်ထားတယ်၊ သင်တန်းနည်းပြပေါ့။ ဦးလေးနှစ်ယောက်က ကျောင်းဆရာတွေ၊ အန်ကယ်လေးက ပါမောက္ခ, ဦးငယ်က မြန်မာစာ



www.burmeseclassic.com

ကထိက"

"ရှင့်အမျိုးတွေက သိပ်ကောင်းတာပဲ။ ဒါနဲ့များ ရှင်က အိမ်ကထွက်ပြေးရတယ်လို့"

"မင်းကိုထွက်ပြေးတယ်လို့ ငါ တစ်ခါမှမပြောပါဘူး"

"မသိပါဘူး... ငါက ရှင့်ကို အိမ်ပြေးထင်နေတာ"

ဟုဆိုတော့ သူက ရယ်ပါသည်။

လမ်းလျှောက်ရင်း စကားကောင်းလာကြတဲ့သူမတို့နှစ်ယောက်က ဈေးသို့ရောက်လာကြပါသည်။ ဈေးဆိုလို့ ဆိုင်းဘုတ်ကြီး ရေးထိုးထားသည့်အခန်းတွေနဲ့တော့ မဟုတ်ပါ။ လေဟာပြင်ဈေးဖြစ်ပါသည်။

"ကဲ၊ ငါတို့ ခေါက်ဆွဲစားကြရအောင်၊ ရှင့်ကို ခေါက်ဆွဲ မကျွေးရသေးဘူး"

ဟုဆိုကာ မတ်တပ်ခုံလေးမှာ ဝင်ထိုင်လိုက်ပါသည်။

"ဒေါ်စိန်ရေ... ကျွန်မတို့ကို ခေါက်ဆွဲနှစ်ပွဲ ပေးပါ"

"ဩော်၊ ကြာဒုံ၊ မင်းတို့လယ် ပြီးပြီဆို"

"အင်း၊ မနေ့ကပဲ"





"ကြည်အေးတို့ကို အောင်လှက ပုတ်ပြတ်ငှားပြီးကာမှ မင်းက သန်းခင်တို့ဘောက်ကို ငှားတယ်ဆို"

"မြန်မြန်ပြီးချင်လို့ ဒေါ်စိန်ရေ... နေ့ရှေ့ညရှေ့နဲ့ထွန်ထားပြီးသား၊ သမန်းတွေက သေကုန်ပြီ"

"အေးပေါ့၊ မြန်မြန်ပြီးတော့လည်း စိတ်အေးရတာပေါ့"

ဟုဆိုကာ ဆီများနှင့် ဟင်းရည်လိုလိုဟာမျိုး ချလာ၍ သူမက တူနှစ်ချောင်းကိုကိုင်ပြီး စားစဉ်မှာ သူကပါ သူမနည်းတူ စားလိုက်ပါသည်။

"သမန်းက ဘာကိုပြောတာလဲ... ထွန်တာလည်း ပါတယ်"

"ထွန်တယ်ဆိုတာက ကိုအောင်လှ မနက်ကျ နွားနှစ်ကောင်နဲ့လုပ်နေတာကိုပြောတာ။ သမန်းဆိုတာက လူနာမည်မဟုတ်ဘူး၊ ကောက်စိုက်ရင် သွက်သွက်နဲ့မြန်မြန်ပြီးအောင် ပျော့တဲ့ရွှံ့ဖြစ်ဖို့ လိုတယ်မဟုတ်လား"

"အင်း"

"စိုက်ပျိုးလို့ကောင်းတဲ့ ရွှံ့ပျော့ပျော့လို့ နားလည်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်"

"ဪ, ဒီလိုလား"

"ကဲ, စား . . . ခေါက်ဆွဲတွေ ပွကုန်လိမ့်မယ်"

ဟုဆိုတော့ သူက ခံတွင်းတွေ့လှသည့် ထိုခေါက်ဆွဲ ဆိုတာကိုစားပြီး . . .

"ဟိုတယ်က လက်ရာတွေနဲ့ တူတယ်"

ဟုပင် ချီးမွမ်းပါသေး၏။

"ဒေါ်စိန်, ဒီခေါက်ဆွဲထဲက ပဲရွက်က ဘယ်ကရသလဲ"

"ခင်ဝင်းဆီကလေ"

"ခင်ဝင်း!. . . ဘယ်ခင်ဝင်းလဲ"

"လှစီခင်ဝင်းလေ"

"သူက ငါးရောင်းတာပဲ"

"မသိပါဘူးဟယ်၊ ပဲရွက်လေးတစ်ထုပ်ကို ခေါက်ဆွဲ တစ်ပွဲနဲ့ လဲစားလို့"

"ဪ"

"ဟဲ့, တောဝက်သားချဉ် ရှိတယ်ဟဲ့။ ဒါ မင်းအစ်ကို





အကြိုက်ပဲ"

"ဘယ်သူ့ဆီမှာလဲ"

"လှစီခင်ဝင်းဆီမှာပဲ"

"ဝယ်သွားဦးမှပဲ"

"သန်းရွှေဆီမှာလည်း ဆတ်သားစို ရှိတယ်"

"ဟင်! ဟုတ်လား။ အဲဒါ အဖေ့အကြိုက်ပဲ"

"သွားဝယ်ချည်, ကုန်ပြီလားတောင် မသိဘူး"

"ဘယ်သန်းရွှေလဲ၊ ဆပ်ပြာမှုန့်သန်းရွှေလား"

"ဘယ်ကလာ, လှမရှိသန်းရွှေ"

"အင်း, အင်း, အင်း. . ."

ဟုဆိုကာ ပိုက်ဆံအိတ်ထဲမှ ငါးရာတန်တစ်ရွက်ထုတ် ပေးတော့ ဒေါ်စိန်က တစ်ရာ ပြန်အမ်းလိုက်ပါသည်။ သူ မျက်လုံးပြူးသွားရပါသည်။ ဒီလောက်လက်ရာကောင်းတာကို တစ်ပွဲ နှစ်ရာပဲလား. . .

"ဈေးပေါတယ်နော်"

"ပေါမှာပေါ့, အသားမှမပါတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဪ, အသားခေါက်ဆွဲ ရှိသေးတာလား"

"ဒို့ထက်စားကောင်းတယ်၊ တစ်ရက်တော့ ရှင့်ကို မြို့ထဲမှာ လိုက်ကျွေးမယ်"

"နာမည်က မိုက်တယ်နော်၊ တောသူလို့သာ ဆိုတယ်၊ လူစီခင်ဝင်းတဲ့"

"ဘယ်ကလာ, အဲဒါ သူ့ရဲ့ဂုဏ်ပုဒ်"

"ဂုဏ်ပုဒ်? "

"အရင်က ဒီဈေးမှာ ငါးက သူတစ်ယောက်တည်းပဲ ရောင်းတာ။ ဒါကြောင့် မနက်မိုးလင်းရင် လူတွေကို သူ့ဆိုင်ရှေ့မှာ စီလို့။ ဒါကြောင့် လူစီခင်ဝင်း"

"လူမရှိသန်းရွှေကတော့ရော"

"သူက မန်ကျည်းသီးတို့ ဆန်မှုန့်တို့ ရောင်းတယ်လေ၊ အဲတော့ ရောင်းမကောင်းဘူး။ အဲဒါကြောင့် လူမရှိသန်းရွှေလို့ ခေါ်တာ"

"ဆပ်ပြာမှုန့်သန်းရွှေလည်း ရှိတယ်နော်"

"နာမည်တူတွေ ပေါလွန်းလို့ အဲ့လိုခေါ်တာ၊ ဥပမာ,





ကြောင်သုံးယောက်ရှိရင် ငါ့ကိုက အောင်လှကြောင်၊ ဥပမာ, နောက်ကြောင်တစ်ယောက်က ကျောင်းဆရာမဆို ကျောင်းဆရာကြောင်၊ နောက်တစ်ယောက်က ငါးရောင်းရင် ငါးကြောင်၊ အဲလိုတပ်ခေါ်တော့တာ"

"ဒါဆို ဘာမှမလုပ်ရင်"

"အရပ်ပုရင် ဂျပုကြောင်၊ ရှည်ရင် ကြောင်ရှည်ပေါ့"

"ဟား. . . ဟား. . . အဲ့လိုလား"

ဟုဆိုကာ သူ သဘောအကျကြီးကျနေရပါသည်။

"အဲ, မြို့သားပါလား။ ဈေးလာသလားဟေ့"

ဟုဆိုတော့ သူက ထိုအမျိုးသမီးကို ပြုံးပြပါသည်။ ထိုအမျိုးသမီးက ကောက်စိုက်သူမ မဟုတ်ပါလား။

"ရောက်တုန်း ငါတို့အိမ်မှာ ထမင်းစားဦးကွယ်"

"စားရမှာပေါ့ဗျာ"

"ဒါဆို ညနေလာဟေ့၊ ကြောင်, လိုက်ပို့ဦးနော်"

ဟုဆိုတော့ သူမက မတုန်မလှုပ်နှင့် နေလိုက်ပါသည်။ ထိုအမျိုးသမီးထွက်သွားတော့မှ သူက အားနာသမှုလေးနှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ သူများကို ပြန်မပြောတာလဲ၊ အားနာစရာကြီး ဖြစ်ကုန်ပြီ"

"မပြောချင်လို့ တမင်မပြောတာ၊ မိန်းမတွေက သုံးလင်ပြောင်းရင် အပျက်မတဲ့။ သူက အပျက်မလေ။ ရှင်က ဘာသိလို့လဲ. . . အဲဒါ ရှင့်ကိုပါ ကြံချင်နေတာ, သိလား"

"ဗျာ! "

"ဗျာ,မနေနဲ့ မသိဘူးလား. . . ဒီလောက် ညှုနေတဲ့ မျက်လုံးက အသိသာကြီးကို၊ ရှင်မို့ ညံ့လွန်းပါတယ်"

ဟု မချိုတင်ကပဲ အားမလိုအားမရဆိုကာ ရှေ့မှကော့ကော့ကော့နှင့် သွားနေသဖြင့် ခြင်းထဲမှ မုန့်ညင်းတို့ ခရမ်းချဉ်သီးတို့မှာ တစ်ခုပြီးတစ်ခု ပြုတ်ကျနေရပါသည်။

သူက သူမ ပြုတ်ကျကျန်ခဲ့သောပစ္စည်းများကို လိုက်ကောက်နေခဲ့သည်မှာ တစ်ပွေ့တစ်ပိုက်ကြီးပင်ဖြစ်၍နေပါသည်။ သို့သော် သူမကတော့ ထိုအရာကို သိပုံမပေါ်ပါ။

အိမ်ရောက်တော့မှ သူမရဲ့ခြင်းကို ငုံ့ကြည့်မိတော့. . .

"ဟဲ့! ပလုတ်တုတ်. . . ငါ့ဟာတွေ ဘယ်ရောက်ကုန်





ပြီလဲ"

ဟု ထိတ်ထိတ်လန့်လန့်ဆိုတော့မှ သူက လက်ထဲမှ အပွေ့ကြီးကို သူမရှေ့သို့ ပုံချလိုက်ပါသည်။ ဒီတော့မှ သူ့ကို သူမက အားနာပါးနာနှင့်ကြည့်ပြီး. . .

"ဘယ်တုန်းကတည်းက ကျနေတာလဲ"

"တစ်လမ်းလုံးပဲ"

"အဲဒါကို ဘာလို့မပြောတာလဲ"

"ရမလားဗျ၊ ခင်ဗျားပဲ ရှေ့က ပဲများပြီး သွားနေပြီးတော့များ"

"မရှည်ပါနဲ့၊ ကိုယ့်ဖာသာ ကြိုက်သလိုနေမယ်။ ရှင် မကြည့်ချင်ရင် မျက်စိမှိတ်ထား"

"ရမလားဗျ၊ ခလုတ်တိုက် လဲမှာပေါ့"

"နားညည်းတယ်၊ သွား. . . အိမ်ပေါ်တက်တော့၊ ဒီမှာ ဟင်းချက်ရဦးမယ်"

"အမျိုးမျိုးပဲ"

ဟု ပါးစပ်မှ ပွစိပွစိပြောကာ မီးဖိုထဲမှထွက်လာတော့,



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ပြန်လာပြီလား"

ဟု ဦးလေးခေါ်ရမလား, ဘကြီးခေါ်ရမလား၊ အဖေ ခေါ်ရမလား မသိတဲ့လူကို နှုတ်ဆက်ပါသည်။

"ဟင်,အဖေ တရားပြီးသွားပြီလား. . . မြန်လိုက်တာ။ ကျွန်မတော့ ဘာမှမချက်ရသေးဘူး"

"ဖြည်းဖြည်းလုပ်ပါ၊ ဒီနေ့ ငါ ဥပုသ်မစောင့်တော့ဘူး။ ငါးပါးပဲ ခံလာတယ်။ အမေ့အတွက်ပဲ ပို့လိုက်တော့"

"ဟုတ်ကဲ့"

ဟုဆိုကာ ဆက်လုပ်နေသဖြင့် သူက ထိုလူကြီးနှင့် အတူ အိမ်ပေါ်သို့ တက်လာခဲ့ပါသည်။ အိမ်ပေါ်ရောက်တော့ ဥပဓိရုပ်ကောင်းတဲ့ ပန်းကြာငုံရဲ့အဖေက ဘုန်းကြီးကျောင်းသွားတဲ့ အင်္ကျီအကောင်းကို ပခုံးတွင် ပြနေသော အိမ်နေရင်းဝတ်စုံနှင့် လဲလှယ်ဝတ်ကာ အိမ်ရှေ့ကပြင်တွင် တင်ပလ္လင်ခွေထိုင်ပြီး ဝါးများကို ထက်ခြမ်း,ခြမ်းထားသည့် ဝါးခြမ်းကွဲများကို ထပ်မံ၍ အစိတ်စိတ်အမွှာမွှာထပ်စိတ်နေလိုက်ပါသည်။

"အဲဒါ ဘာလုပ်မလို့လဲ"





ဟု သူက မမြင်ဖူးသည်ကို ထပ်မံ၍ စပ်စုပြန်လျှင် ထိုလူကြီးက ကိုအောင်လှလို, ပန်းကြာငုံလို စိတ်မရှည်ဟန်မပြဘဲ,

"ဆောင်းကော် ယက်မလို့လေ၊ နွားချေးကျုံး, အမှိုက်ကျုံး, ပိုရင်လည်း ရောင်းလို့ရတာပေါ့ကွာ"

"စောစောက ဦးလေး ဥပုသ်စောင့်မလို့မဟုတ်လား"

ဟု သူက မဝံ့မရဲပြောလျှင်. . .

"ရဲရဲပြောပါကွာ. . . ယောက်ျားပဲ၊ လုပ်ရဲရဲ ခံရဲရဲပေါ့။ နှစ်ခါမသေရပါဘူး မောင်"

ဟော၊ ခေါ်ပြန်ပြီ မောင်လို့ဟု ရင်ထဲမှပြောမိပြန်လျှင်,

"မင်းပုံကိုကြည့်ရတာ မိန်းမနဲ့တူတယ်။ ယောက်ျားဆိုတာ အဲမှလောက်ယဉ်ကျေးနေလို့ မလိုပါဘူး မောင်။ အဲ့လောက်ယဉ်ကျေးနေရင်လည်း မဝံ့မရဲနဲ့ ကြာလာတော့ ပင်ကိုရှိတဲ့သတ္တိပါ ပျောက်ရော"

ဟု အားပါးတရဆိုလာပါလျှင် သူ့ရင်ထဲ ခံစားရတာ အမှန်ပါ။

"သမီးပျို့ရှိတဲ့အိမ်မှာ မင်းလိုသူစိမ်းက လာတယ်။ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



က ဥပုသ်ကျောင်းမှာ သွားနေတယ်၊ ကိုင်း! (ကဲ) ပတ်ဝန်းကျင်က ဘယ်လိုပြောကြမလဲ. . . မင်းက ခပ်အေးအေးဆိုလည်း မကောင်းဘူးမောင်။ ငါ့သမီးသိက္ခာက ရှိသေးတယ်"

"တောင်းပန်ပါတယ်, ကျွန်တော် ဒါကိုမတွေးမိဘူး"

"မင်းမတွေးတာ ငါတွေးပြီမဟုတ်လား။ ဘာအပိုမှပြောစရာမလိုဘူးလေ။ နေစမ်းပါဦး. . . မင်းက ဘယ်လိုလုပ် အောင်လှဆီ ရောက်နေတာလဲ"

"ရထားပျက်လို့. . . သတိရတော့ ရထားက မရှိတော့ဘူး"

"အောင်လှက ညစ်က ညစ်ပတ်နဲ့၊ မနံဘူးလားဟေ့။ ဟား. . . ဟား. . . အားနာဖို့မလိုဘူးဟေ့။ ငါတို့အိမ်မှာကတော့ အားရပါးရစား. . . ပွင့်ပွင့်လင်းလင်းပြော"

"ဦးလေးတို့စကားပြောကြတာ အားပါးတရကြီးနော်"

"ငါတို့က တောသားဆိုတော့ ဒီလိုပဲ ပြောတယ်။ တစ်လုံးတစ်ခဲပဲ မောင်"

"ဦးလေးက ခင်ဖို့ကောင်းတယ်၊ ခဏလေးနဲ့ ကျွန်တော်





သဘောကျလာပြီ။ ကြာင့်နဲ့တော့ မတူဘူးနော်"

"အားညယ်!. . . ဘယ်တူမလဲ၊ သူက စာတတ်တယ်လေ။ မြို့ထဲက နွားတွေလည်း သူ့ကိုကျောင်းထားရတာနဲ့ ကုန်ရော။ ဘွဲ့ရပြီးလည်း ဘာဖြစ်သလဲ, လယ်ထဲ ထမင်းဖို့ ကောက်ကိုက်. . . ဘာမှမထူးဘူး"

"အဲ့လိုလည်း ဘယ်ဟုတ်ပါ့မလဲဗျာ"

"ညတစ်နပ်, နေ့တစ်နပ်, မနက်တစ်နပ်, ထမင်းကိုပုံမှန်စားနေရရင်ပဲ ဘာလိုသေးလဲ။ အောင်လှက တီဗီရချင်တယ်တဲ့။ ဘယ်ကလာ, ပိုက်ဆံက ကုန်သေး၊ သူများတွေ လာကြည့်လို့ အိမ်မှာခြေရာရှုပ်တာပဲ အဖတ်တင်တယ်။ ကြာင့်ကျတော့လည်း ဖတ်လိုက်ရတဲ့စာအုပ်၊ ဖယောင်းတိုင်မီးကုန်လို့ သတိပေးနေရတယ်။ ဒီညတော့ သက်သာမယ့်လမ်း တွေ့ထားတယ်၊ မြို့ထဲမှာ ဖျော်ဖြေရေးရှိတယ်တဲ့။ အဲ့ဒီကိုသွား. . ."

"ဗျာ!"

"အောင်လှကိုခေါ်ပြီး ကြာင့်နဲ့ သုံးယောက်သွားကြ"

"ကိုအောင်လှက သိမလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမသိ ရှိမလဲ၊ ဒီကောင် ဝါးလုံးကျည်တောက်ကို ဆောင့်ရင်တောင် ပွဲဆိုပြီး လက်ခုပ်တီးချင်နေတဲ့ကောင်။ ဟိုတစ်ခါ ဖျော်ဖြေပွဲမှာ စင်ပေါ်မှာ မင်းသမီးက, က၊ စင်အောက်မှာ သူက, ကနဲ့၊ အပြိုင်အဆိုင်ကကြတာ၊ ခြေထောက် ကြွက်တွင်း ထဲဝင်လို့ ဆေးကုလိုက်ရတာ တစ်လကျော် ကြာသွားတယ်"

ဟူသော ထိုလူကြီးရဲ့စကားကို သူ ဟန်မဆောင်နိုင် အောင်ပင် ရယ်မိပါသည်။

"အောင်လှဆိုတဲ့ကောင်က နာမည်ကြီးဖိုးချစ်တို့များ လာကရင် နေ့ညပြန်တော့မယ့်ကောင်မဟုတ်ဘူး။ ဘာမဟုတ် တဲ့ ပါရှိပါရဲ့ပွဲလေးတောင် လွတ်ချင်တာမဟုတ်ဘူး။ ဟိုဘက် ရွာက ဘုန်းကြီးကျောင်းဆောက်ဖို့ ရန်ပုံငွေ ခံတာလေ။ လူငယ် တွေ ဆိုကြတီးကြလိမ့်မယ်၊ သွားအားပေးကြ"

ဟု တုံးတိတိပြောပြီး ဝါးခြမ်းများကိုသာ ထပ်ခွဲနေ၍ သူက စိတ်ဝင်တစားကြည့်နေမိပါသည်။ ထိုစဉ်. . .

"အဖေ, ထမင်းစားလို့ရပြီ"

ဟု ပန်းကြာငုံရဲ့ခေါ်သံကြားတော့ မားကိုပစ်ချကာ. . .





"မင်းရော မစားသေးဘူးလား ဖိုးသား"

"မဆာသေးဘူး ဦးလေး"

"အေး, ငါတော့ စားတော့မယ်ဟေ့"

ဟုဆိုကာ ဆင်းသွားသဖြင့် သူက ထိုလူကြီးရဲ့ဝါးခြမ်း များကို ကိုင်ကြည့်နေပါသည်။ ထိုစဉ် ပန်းကြာငုံက အိမ်ပေါ် က်လာကာ. . .

"ရှင် မစားသေးဘူးလား"

ဟုဆိုလာပေမယ့် သူက မဖြေပါဘဲ. . .

"တော်တယ်နော်၊ ပေတံတွေ ခဲတံတွေ မသုံးဘဲ ညီ အောင် ခွဲနိုင်တယ်"

"အဖေက ဒါကို ငယ်ငယ်ကတည်းက လုပ်လာတာ။ သိမှတ်ခွဲတောင်, ရတယ်"

"ဦးလေးစကားပြောတာက ရယ်ရတယ်နော်။ အားပါး ကြီးနဲ့ ပွင့်ပွင့်လင်းလင်းကြီး။ ပြီးတော့ ဦးလေးရဲ့စကားအချို့ နားမလည်ဘူး"

"အဖေက ဗမာစကားပဲ ပြောတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အားညယ်. . . ပါချိပါချက်. . . တစ်လုံးတစ်ခဲ, ပြီး တော့ မောင်လို့လည်း ခေါ်သေးတယ်"

ဟု သူက စဉ်းစားရင်းပြောတော့ သူမက အသံထွ ထွက်အောင်ပင် တခစ်ခစ်နှင့်ရယ်ပါသည်။

"ဘာရယ်တာလဲ"

"ရယ်မှတော့ ရယ်ချင်လို့ပေါ့၊ ရှင်ဟာ တကယ့်မြို့သား စစ်စစ်ပဲ"

"ဟမ်း"

"အဲဒါ ရှင့်ကိုခင်လို့ အားပါးတရနဲ့ပြောတဲ့စကားပဲ။ ဒါ ကို ရှင်မသိဘဲ ထူးဆန်းတယ်။ လူရဲ့မျက်နှာကို အကဲခတ်ပါ ဦးတော့လား"

"ဟုတ်ကဲ့ပါ အစ်မရယ်, မှတ်သားထားပါ့မယ်။ တုံ ကဲ့ပါ။ ကဲ, ရပြီလား အစ်မ"

ဟု ငေါ့ငေါ့တူးတူးပြောလျှင် သူမကလည်း အားရ မခံပင်. . .

"မိုက်ဆာလျှင် ကိုယ့်ဖာသာ ရှူးစား။ မဆာရင်လည်း





နေ၊ ကြားတယ်နော်. . . ဖိုးသား"

ဟုဆိုကာ ချာခနဲလှည့်ပြီး ဆင်းလာခဲ့ပါ၏။

ထိုဆင်းသွားသော ပန်းကြာငုံကိုကြည့်ပြီး သူ့ လက်သီး နှင့် ပန်းကြာငုံ၏နောက်စေ့တည့်တည့် ရွယ်နေမိပါသည်။

သူ့ဘဝတွင် ထိုအပြုအမူမျိုးမရှိခဲ့ဖူးတာကြောင့် သူက သူမကို ရင်ထဲက ရင်းနှီးနေတယ်ဆိုတာ ထိုအပြုအမူကိုကြည့် ခြင်းအားဖြင့် တစ်ထစ်ချပြောနိုင်ပေလိမ့်မည်။

★★★



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ကိုအောင်လှက ဝတ်ကောင်းစားလှနှင့် ပြင်ဆင်နေလေတော့ သူက ကိုအောင်လှကို မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေပါသည်။ ပုဆိုးအသစ်ကြီးနှင့် ကိုအောင်လှက. . .

"ဟော့, မြို့သား။ ငါ ဘာအင်္ကျီဝတ်ရင် ကောင်းမလဲ"

"ဖျော်ဖြေရေးပွဲလေး သွားတာပဲ၊ အဲဒီလောက်ပြင်ဖို့ လိုအပ်သလား"

"အား!. . .ဘယ့်နှယ် မလိုအပ်ဘဲရှိမလဲ၊ အပျိုတွေက ခုမှထွက်ကြမှာ။ ငါလည်း ခုမှ လူပျိုလှည့်ရမှာ။ အပျိုတွေ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့မျက်လုံးထဲ သေချာနေမှကွ"

ဟုဆိုကာ ပုလင်းညိုညိုထဲမှ အုန်းဆီကိုငှဲ့ကာ ဆံပင်တိုတိုကိုလူးပြီး ဘီးဖြင့်ဖြီးဖြန်းပါသည်။

"မင်းရော အင်္ကျီအသစ်မဝတ်ဘူးလား။ အသစ်ရော ပါရောပါရဲ့လား"

"ဘာလို့ အသစ်ချည်း ဝတ်နေရတာလဲ"

"ဒီလိုပွဲမျိုးရောက်မှ အသစ်ဝတ်ရတာ၊ ငါတို့မှာ ဘယ်အချိန် အသစ်ဝတ်ရမှာလဲ။ ကဲ,ကဲ, မရှိရင် ငါ့သေတ္တာထဲက တစ်ထည်ဝတ်လိုက်။ အဲဒါ ဖါဝင်ကာမှ အမေဝယ်ထားပေးတာ"

ဟု အပေါ်စားတံဆိပ်နှင့် ရှပ်အင်္ကျီကွက်ကျဲကို ရည်ညွှန်းပြီးပြောလျှင် သူက...

"ကျွန်တော်ဝတ်လိုက်ရင် ပေါင်းသွားမှာပေါ့"

"နောက်ပွဲရောက်တော့လည်း အမေ့ကို ပြန်အပ္ပကာပ်တာပေါ့ကွာ။ ဝတ်စမ်းပါ"

ဟု ရက်ရက်ရောရောပေးနေ၍ သူတစ်ပါးဓါ်စေတနာကို အသိအမှတ်ပြုသောအနေဖြင့် ထိုအင်္ကျီကို သူဝတ်လိုက်ပါ





သည်။

"မိုက်တယ်ကွာ၊ မြို့သား, ဒီအင်္ကျီက ငါဝတ်ရင်တောင် အဲ့လောက်မိုက်မှာ မဟုတ်ဘူး။ မင်း,ယူလိုက်တော့"

"ဟာ...မဟုတ်တာ"

"ဟုတ်ပါတယ်ကွာ၊ ကဲ...လာ, သွားမယ်"

ဟုဆိုတော့ သူရော ကိုအောင်လှပါ ပြိုင်တူဆင်းလာကြရာ ပန်းကြာငုံကို လှေကားရင်း၌ တွေ့ရပါသည်။

သူ အံ့သြသွားရပါသည်။ ပန်းကြာငုံက အဲဒီလောက်ထိ လှသလား။ ရှပ်ခိုးအောင် လိမ်းခြယ်ထားတဲ့ ပါးကွက်ကြားတွေ မရှိတော့မှ ပန်းကြာငုံရဲ့အလှကို သူ ပီပီပြင်ပြင်တွေ့မြင်လိုက်ရပါသည်။

ခရမ်းဖျော့ရောင် ဝမ်းဆက်လေးနှင့် သစ်သစ်လွင်လွင်လှနေသော ပန်းကြာငုံကို သူ အမှတ်တမဲ့ငေးကြည့်နေမြစ်ပါ၏။ အခြယ်အသကင်းမဲ့ခဲ့တဲ့ ထိုရိုးရှင်းသောမျက်နှာလေးမှာ ကြည်စင်ဝင်းမွတ်ပြီး ယဉ်ယဉ်လေး လှနေပါ၏။ ထိုအလှက ပွလောင်မှုမရှိ၍ သူ့ရင်ထဲ အေးမြနေရတာအမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါ သူသိတဲ့ပန်းကြောင့်တဲ့လား. . .

"အမေရေ. . . သွားပြီဟေ့"

"အောင်လှ"

"အော့. . ."

"ညှို့နက်အောင် မနေနဲ့နော်၊ သောက်စားမူးရူးမနေနဲ့ဦး. . . မြို့သားကို အားနာ။ ဒါပဲပြောချင်တယ်၊ ဒီတစ်ခါသာ ကြွက်တွင်းနင်းလာလို့ကတော့ အကျိုးအတိုင်းပဲ ထားမယ်"

"ဟာ, အမေကလည်း"

"မပူပါနဲ့ အမေ၊ ကျွန်မ ပါတာပဲ"

"အမိရယ်, မင်းပြောလိုက်ရင် သူ့အစ်ကိုကိုပဲ နိုင်တော့မလိုလိုနဲ့"

"ဒါပဲနော်, မနက်ဖြန်မနက်မှ ဆက်ပြော။ သွားပြီ"

ဟုသာအော်ပြီး ထွက်လာခဲ့တော့. . .

"အမိရယ်, ဟုတ်လား။ ဒါက မင်းရဲ့တတိယနာမည်လား"

"ဖိုးသား. . . ရှင့်ပါးစပ်ကို ပိတ်ထားပါ"





ဟု သူမကလည်း သူ့နည်းတူပင် ကျိတ်မာန်လိုက်ပြန်ပါသည်။

"ဟေ့, ဝတ်ကောင်းစားလှတွေနဲ့ ဘယ်လဲ"

ဟု သူတို့သုံးယောက် လျှောက်လာကြစဉ် လမ်းထိပ်၌ မိန်းမဝဝကြီးတစ်ယောက်က မေးသဖြင့်. . .

"ဖျော်ဖြေပွဲသွားမလို့"

ဟုဖြေကာ ဆက်လျှောက်လာပြန်ရာ ထပ်တွေ့သော ယောက်ျားခပ်ဝဝကြီးက. . .

"ဒီမောင်နှမတွေ ဘယ်လဲဟေ့"

"ဖျော်ဖြေပွဲ"

ဟုဆိုပြီး ထပ်လျှောက်လာရာ. . .

"လယ်ပြီးသွားတော့လည်း ကိုအောင်လှတို့တော့ မင်းသားပဲဟေ့"

"ငါက မဝတ်လို့ပါကွာ၊ ဝတ်ရင်တော့ ဒီလိုချောတယ်"

"ညော်သည်ရော ပါလာတာကို။ ဘယ်လဲ"

ဟု ပျိုးနှုတ်ချိန်က သိခဲ့သော ထိုလူက မေးလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဖျော်ဖြေပွဲပါဗျာ၊ မသွားဘူးလား"

"သွားနှင့်ဗျာ၊ ထမင်းစားပြီးမှ လာခဲ့မယ်"

ဟုဆိုကာ စကားဖြတ်လိုက်ကြပြီး ဆက်လျှောက်လာခဲ့ကြရာ. . .

"ထမင်းစားပြီးပြီလား"

ဟုထပ်မံမေးလာသောမိန်းမကြီးကြောင့် သူ့မှာ ဒီလူတွေကို နားမလည်ဖြစ်ရပါသည်။ ဘာကြောင့် သူများအကြောင်းကို စပ်စုရတာလဲ။

"ရေပါသောက်ပြီးပြီညယ်"

"အကျီအသစ်တွေနဲ့ ဖျော်ဖြေပွဲလား"

"ပွဲမဟုတ်လို့ ဘယ်ဟုတ်ရမလဲကွာ"

"အတော်ပဲ. . . ရှေ့မှာ အေးသန်းတို့အုပ်စု သွားတယ်။ ယောက်ျားသားမပါဘူး။ စောင့်ရှောက်လိုက်ပါဦး",

"ဟုတ်ကဲ့ပါဗျာ. . . ဟုတ်ကဲ့ပါ"

ဟု တစ်ယောက်နှင့်တောင် စကားမဖြတ်ရသေးပါဘဲ,

"ဟာ. . . အောင်လှ၊ ပွဲလားဟေ့"





"အေး. . . ပွဲ"

"လာ, အတူသွားမယ်၊ ကြားလမ်းထဲ နှစ်ပက်လောက်ဆွဲရအောင်. . . ဒါမှ ကလို့ကောင်းမှာ။ မြူးဆေးပေါ့ကွာ"

ဟုဆိုတော့ အစ်ကိုလုပ်သူက ညီမဖြစ်သူကိုကြည့်ပြီး,

"နှစ်ပက်တည်းပါကွာ၊ မမူးပါဘူး။ အမေ့ကိုမတိုင်နဲ့နော်။ ကဲ, မြို့သား. . . မင်းကတော့ မသောက်တတ်ဘူးဆိုတော့ ကြာငုံနဲ့ပဲ နေခဲ့ဟေ့"

ဟုဆိုကာ တစ်ချိုးတည်း ထိုလူအုပ်နဲ့ထွက်သွားတော့ သူနှင့်ပန်းကြာငုံပဲ ကျန်ရစ်ခဲ့ရပါသည်။

"နှစ်ပက်,ဟုတ်လား"

"တစ်ပက်ဆိုရင်တောင် လူမှန်းမသိ သူမှန်းမသိဖြစ်မှတော့ နှစ်ပက်ဆိုရင် မြေကြီးပေါ် ခေါင်းထောင်ပြီး ဖောက်ထိုးကြီး အိမ်ပြန်မလာရင် ကံကောင်းပဲ"

"ကိုအောင်လှက ပျော်တတ်တာပါ"

"ပျော်တတ်တာ အရေးမကြီးဘူး။ အဖေ့ရဲ့တုတ်ချက်ကနေ ဒီအသက်ဒီအရွယ်ထိ မလွတ်မြောက်နိုင်သေးတာ အရေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတယ်”

“ကိုအောင်လှက အရိုက်ခံရတာလား”

ဟုဆိုကာ သူက ရယ်လိုက်မိပါသည်။

အသက်သုံးဆယ်နီးပါးအရွယ်က ခုချိန်ထိ မိဘရိုက်တာ ခံရသေးတာမို့ သူ့မှာ အံ့ဩရပါသည်။ ထိုဖြစ်စဉ်မျိုး သူ မကြားဖူးခဲ့ပါ။

“ရယ်မနေနဲ့ သွားမယ်။ မကြာခင် ပွဲက စတော့မယ်”

ဟုဆိုတော့ သူက သူမကို တစ်ချက်မျှစောင့်ကြည့်ပြီး၊

“ဒီရွာကလူတွေ တော်တော်စပ်စုတယ်နော်”

“ဘာလို့လဲ”

“ဘယ်သွားမှာလဲ၊ ထမင်းစားပြီးပြီလားနဲ့။ တစ်ရွာလုံး မသိသူ မရှိတော့ဘူးလား”

“နယ်မြို့ရှင့်! တစ်ယောက်နဲ့တစ်ယောက် ရှိုင်းပင်းကူညီပြီး ရင်းရင်းနှီးနှီးရှိတယ်။ အဲဒါ စပ်စုတာမဟုတ်ဘူး. . . နှုတ်ဆက်တာ”

“နှုတ်ဆက်တာကြီးကလည်း ထူးဆန်းတယ်”





“နိုင်ငံခြားမှာလို ဟိုင်း! ဟယ်လို! လို့ နှုတ်ဆက်နေရမှာလား”

“ဒါနဲ့ မင်းတို့မြို့မှာ ဒီလိုပွဲမျိုး မကြာခဏဖြစ်လား”

“မဖြစ်ပါဘူး. . . တစ်ခါတစ်ရံမှပါ။ ရှင်မသိသေးလို့ သိပ်ရယ်ရတာ”

“ဘာကြောင့်လဲ”

“အဆိုတော်တွေမှ မဟုတ်ဘဲ၊ ထင်းခုတ်, လယ်ထွန်တဲ့လူတွေ ဆိုကြတာပဲ. . . အဆင်တပြေတော့ ဘယ်ရှိပါ့မလဲ။ ကမောက်ကမနဲ့ ရယ်ရတယ်”

“ဘယ်လိုမျိုးလဲ”

“လက်ပံပွင့်တွေ လေတိုက် ကြွေလိုက်တဲ့အခါ ဆိုတဲ့ သီချင်းကို သိတယ်မဟုတ်လား”

“အင်း. . . သိတယ်”

“သီချင်းတိုက်တော့ သူက သီချင်းအစကို မေ့တယ်လေ။ ဘယ်လိုပဲမှတ်မှတ်, မရဘူး။ ဒါနဲ့ ပွဲနေ့လည်းရောက်ရော အကျႌအိတ်ကပ်ထဲမှာ လက်ပံပွင့်တစ်ပွင့် ကောက်ထည့်ပြီး ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုသလဲ၊ သိလား”

“ဘာလဲ”

“အင်ထရိုတီးလုံး ပြီးပြီဆိုတာနဲ့ အိတ်ထဲက လက်ပံပွင့်ကိုထုတ်ပြီး ‘ဟော့ဒီအပွင့်တွေ လေတိုက် ကြွေလိုက်တဲ့အခါ’ လို့ဆိုတယ်”

ဟုဆိုကာ ပုံစံပင် နမူနာလုပ်ပြ၍ သူ့မှာ ခိုးခိုးခစ်ခစ် ရယ်ရပြန်ပါသည်။ ထိုခဏအတွင်းမှာပင် သူမကို ပို၍ရင်းနှီးလာသလို ခံစားရပါ၏။

သူ့ဘက်လှည့်ကာ စကားပြောနေတတ်သောသူမကို သူက အမှတ်တမဲ့ငေး၊ငေးနေတတ်ပါ၏။ တိတိကျကျပြောရပါလျှင် သူ့ဘဝမှာ ဘယ်မိန်းကလေးကိုမှ ခုလိုမကြည့်ခဲ့ဖူးတာ အမှန်ပါ။

ပန်းကြာဝင့်ရဲ့စိတ်ထဲမှာတော့ ဘယ်လိုနေမယ်မှန်းမသိပေမယ့် သူ့ရင်ထဲမှာတော့ ပန်းကြာဝင့်ကြောင့် နွေးနွေးကြီးခံစားနေရပါသည်။

ပန်းကြာဝင့်ကို တစ်ချက်တစ်ချက် ခိုးကြည့်နေရတာနှင့်





ပင် သံစဉ်မညီညာဘဲ ကမောက်ကမဖြစ်နေသော မကြုံဖူးသည့် ဒီရှိုးပွဲကိုပင် အာရုံမစိုက်နိုင်ခဲ့ပါ။

စင်ပေါ်ကိုကြည့်ပြီး တစ်ချက်တစ်ချက်မှာ ပြုံးနေတတ်တဲ့ပန်းကြာဝင့်က သိပ်လှသည်ဟု သူ့ရင်ထဲမှာ မှတ်ယူနေမိပါ၏။ အပြစ်ကင်းသော ပန်းကြာဝင့်ရဲ့ ရိုးရိုးရှင်းရှင်းအလှတရားက သူ့နှလုံးသားကို နွေးထွေးစေရတာအမှန်ပါ။

ပန်းကြာဝင့်ကို ကြည့်ရတာ စိတ်ချမ်းသာပါသည်။ ရယ်နေသော၊ ပြုံးနေသောပန်းကြာဝင့်ကို သူသဘောကျပါသည်။ ပန်းကြာဝင့်ကို ရယ်ပြုံးစေချင်ပါသည်။ ထို့ကြောင့်ပင် ပန်းကြာဝင့်ရဲ့ မပြည့်ဝခဲ့သောဘဝကို ဖြည့်ဆည်းပေးချင်ပါသည်။

ပန်းကြာဝင့်ရဲ့ရှေ့တွင် သူက သူရဲကောင်းဖြစ်ချင်ပါသည်။

သူ ပန်းကြာဝင့်ကို ချစ်မိပြီလား. . .

ဟုတ်ရဲ့လား. . . သူက မိန်းမတစ်ယောက်ကိုချစ်တတ်ရဲ့လား. . . သူ့နှလုံးသားကို အလန့်တကြားမေးမိပါသော်လည်း အဖြေက ထွက်မလာခဲ့ပါ။

✱ ✱ ✱

www.burmeseclassic.com



## အခန်း (၁၆)

"ဒါ ကိုအောင်လှတို့အိမ်ပါလားခင်ဗျာ"

ဟူသော တည်ငြိမ်ရင့်ကျက်သည့်အသံတစ်ခု ထွက်ပေါ်

အချိန်မှာတော့ သူက အိပ်ရာထက်မှ ဆတ်ခနဲနိုးထခဲ့ပါသည်။

ဒီအသံက သူနှင့် သိပ်ကိုရင်းနှီးနေခဲ့လို့ပါ။

"ဒီကောင် အောင်လှ, ဘာလုပ်ထားပြန်ပြီလဲ"

ဟု ပန်းကြာင့်ရဲ့အဖေက ဒေါပွနေခဲ့ပေမယ့်. . .

"မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က ကိစ္စရှိလို့လာတာပါ"

ဟုဆိုတော့မှ ပန်းကြာင့်ရဲ့အဖေမှာ အသက်ရှူချောင်



www.burmeseclassic.com

www.burmeseclassic.com



သွားရပါသည်။

"ဒါက စခန်းမှူး ကိုမောင်နိုင်ပါ၊ ဒါက ဥက္ကဋ္ဌ ကိုတ

ဦး..."

"ဥက္ကဋ္ဌကြီးကို သိပါတယ်ဗျာ။ ကြွပါ, အိမ်ပေါ်တက်ပါ"

ဟုဖိတ်ခေါ်သံကို ကြားရသဖြင့် သူက အိမ်ထရံပေါ

မှတစ်ဆင့် ချောင်းကြည့်လိုက်ရာ အန်ကယ်လေးကို ထင်ထ

ရှားရှားကြီး မြင်လိုက်ရ၍ စိတ်ရှုပ်ထွေးမှုများစွာ ဖြစ်သွားရပါ

"ဘာကိစ္စများ ရှိလို့ပါလဲ"

"ဒီလိုပါဗျာ... ဒီကပုဂ္ဂိုလ်က မြစ်ကြီးနားတက္ကသိုလ

က ပါမောက္ခဦး... ပါ။ ဦးသီဟရဲ့တူက ရန်ကုန်ကနေ မြစ်ကြ

နားကိုလာရင်း လမ်းမှာပျောက်နေလို့ လိုက်ရှာနေတာ ခုဆို ရ

ရက်မြောက်ပါပြီ"

"အေး"

"အဲဒါ ကိုအောင်လှဆီမှာ လူတစ်ယောက် ရောက်

တယ်ဆိုတာရယ်, ပြီးတော့ ဒီဓာတ်ပုံထဲကလူ လုံးဝသေ

တယ်လို့ သတင်းပေးသူ ရှိတာကြောင့်ပါ"





ဟုဆိုတော့ သူက အိပ်ခန်းထဲမှထွက်ကာ...

"အန်ကယ်လေး"

ဟု တစ်ခွန်းတည်းသာ ခေါ်လိုက်ပါသည်။ သည်တော့

ထိုင်နေကြသူတွေအားလုံးမှာ သူ့ကိုလှည့်ကြည့်လာကြပါသည်။

"ခေး... ဟား... ငါ့တူ"

"ကျွန်တော် မပျောက်ပါဘူး။ မပြန်ချင်သေးလို့ မပြန်

သေးတာပါ"

"ဖုန်းကလည်း ပိတ်လို့၊ သတင်းလည်းမရနဲ့၊ မင်းကို

ညှိမ်နေပြီထင်တာ"

"ကျွန်တော် ဘာမှမဖြစ်ပါဘူး"

"ပြန်ရအောင်ကွာ... မင်းစိတ်နဲ့ မေမာနဲ့ မာလာလည်း

ရုပ်ပျက်ပြီး စိတ်ထောင်းကိုယ်ကျေ ဖြစ်နေကြပြီ"

ဟုဆိုပြန်တော့ သူ့ရင်ထဲမှာ မကောင်းဖြစ်သွားရပြန်ပါ

သည်။ ဘာပဲဖြစ်ဖြစ် အမေလိုနေလာခဲ့သည့်အဒေါ်တွေ မဟုတ်

လား။

ထို့ကြောင့်ပင် ဘာတစ်ခွန်းမှ စောဒကမတက်တော့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကျောပိုးအိတ်လေးကိုသာပိုးပြီး ကိုအောင်လှပင် မသိတော့ဘဲ အိမ်မှထွက်လာခဲ့ပါသည်။ အန်ကယ်လေးတည်းသော တည်းခိုခန်းကိုရောက်တော့. . .

"လူဆိုတာ ကျေးဇူးသိရမှာပေါ့"

ဟု စကားကို အဆက်အစပ်မရှိ ပြောလိုက်ပါသည်။

"ဘာကိုပြောတာလဲ ခေး"

"ကျွန်တော်က လူမိုက်တစ်ယောက်ဖြစ်နေပြီလို့ ခံစားရလို့ပါ"

"ဟမ်း"

"ကိုအောင်လှက သိပ်ရိုးသားသူပါ။ ဦးလေးနဲ့အဒေါ်တို့ကလည်း သဘောကောင်းတယ်၊ ပန်းကြာငုံကလည်း သဘောကောင်းတယ်။ ကျွန်တော် သူတို့ကို အရမ်းခင်တယ်"

"အဲ့တော့"

"ကျွန်တော် တစ်ခုခုလုပ်ပေးပြီးမှ ပြန်မယ်လို့ စိတ်ကူးထားတယ်"

"ကောင်းသားပဲ၊ မင်းကို ရက်အတော်ကြာ ကြည့်ထား





ကြတယ်"

"အန်ကယ်လေး, ကျွန်တော့်ကို ကူညီပါ"

ဟုသာပြောလိုက်တော့ အဲဒီလိုမပြောခင်ကပင် အပြည့်အဝ ကူညီချင်နေသော ဦးသိဟမှာ တစ်ဦးတည်းသောတူ၏ တောင်းဆိုချက်ကို ရက်ရက်ရောရော ဖြည့်ဆည်းပေးမှာ မလွဲပင်။

✱✱✱



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

အိမ်ပေါ် အပုံလိုက် ရောက်လာသောပစ္စည်းများကိုကြည့်ပြီး အိမ်သားလေးယောက်မှာ မေ့မျောလုမတတ် တုန်လှုပ်နေရပါသည်။

တီဗီ၊ အောက်စက်၊ မီးစက်နှင့် အသစ်ကျပ်ချွတ်အဝတ်အထည်တွေပါပဲ။

"ဒါ. . . ဒါတွေက"

"လက်ခံပါ အဒေါ်၊ ဘဝတစ်ခုကို မြင်တတ်တဲ့အသိပေးတဲ့ကျေးဇူးနဲ့စာရင် ဒါက ဘာမှမပြောပလောက်ပါဘူး။ ကို



www.burmeseclassic.com

www.burmeseclassic.com



အောင်လှ. . . ခင်များအတွက်လည်း အသစ်တွေပါတယ်"

"မင်းက အဲဒီလောက်ပိုက်ဆံပေါတဲ့လူလား။ အားပါး ပါး. . . မသိလိုက်ဘူးကွာ၊ သိများသိလို့ကတော့ ကောင်းကောင်း ကို ကျွေးနိုင်းပါတယ်"

"အစ်ကို့. . ."

ပွင့်လင်းသော အစ်ကိုဖြစ်သူရဲ့စကားကို ပန်းကြာငုံက မနှစ်သက်ဟန်နှင့် ဟန့်တားလိုက်ပါသည်။

"ဦးလေးက မျက်စိမှုန်တော့ မျက်မှန်ဝယ်ပေးခဲ့တယ်၊ အဖေါက ဖိနပ်သိဝ်မကောင်းတော့လို့ ဖိနပ်ဝယ်လာခဲ့တယ်"

ဟု တစ်ပါးလူအပေါ် လေးနက်သော သူ့ဆန္ဒကို ဖော် ပြပါလျှင် ပန်းကြာငုံရဲ့မိခင်မှာ မျက်ရည်လေး လည်ကာ. . .

"ကိုယ်မွေးခဲ့တဲ့သားတောင် အမေ့ဖိနပ်က ဘယ်လိုရှိ မှန်းမသိဘူး"

"အမေကလည်းဗျာ. . . ကျွန်တော်က လယ်ထဲမှာပဲ အချိန်ကုန်နေရတာကိုး"

ဟု ကိုအောင်လှကပြောတော့. . .





"ဘာလို့အများကြီးဝယ်လာရတာလဲကွာ။ မျက်စိတွေ က များတော့ ယူရမှာ အားနာစရာကြီးဖြစ်တယ်ပေါ့။ ငွေတော် တော်ကုန်မှာပဲ"

ဟု ဦးလေးကပါ ပြောလာ၍ သူကပြုံးကာ တစ်ခုခု ပြောမယ်ကြံခိုက်. . .

"ဆရာ့ကိုတော့ အားနာပါတယ်၊ ဒါပေမဲ့ ဒီပစ္စည်းက"

"သမီးနာမည်က ပန်းကြာငုံနော်"

ဟု အနီကယ်လေးက စကား ဖြတ်ပြောလိုက်သဖြင့် သူမမှာ ပြောလက်စ,စကားပင် မေ့သွားလေရော့သလားမသိ။ သူသိပါသည်။ သူ့ပစ္စည်းတွေကို သူမက ဂုဏ်သိက္ခာရှိရှိငြင်းမည် ကိုပေါ့။

"ဟုတ်. . . ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်မ, ဆရာ့ကိုသိပါ တယ်။ ဆရာ့ကို အိမ်မှာ ထမင်းဖိတ်ကျွေးချင်ပါသေးတယ်။ ဒါ ပေမဲ ပြဿနာက. . ."

"ဆရာ ပန်းကြာငုံနဲ့ စကားပြောလို့ရမလား"

"ရှင်!"



www.burmeseclassic.com

www.burmeseclassic.com



"မိဘတွေနဲ့ရော အတူပြောကြတာပေါ့"

ဟု အန်ကယ်လေးက ဩဝါဒဆန်သည့်အသံနှင့်ပြော လာတော့ ရှိုးသားသူတို့မှာ ငြိမ်သက်သွားရပါသည်။ အန်ကယ် လေးကို ပထမဆုံး ကျေးဇူးတင်မိသွားပါ၏။

"ပန်းကြောင့်က မဟာတန်း ပြီးထားပြီနော်"

"ဟုတ်ကဲ့ ဆရာ"

"အသက်က နှစ်ဆယ့်ခွန်ဆိုတဲ့အရွယ်က သိပ်ငယ်ပါ သေးတယ်။ မျက်လုံးက ထက်ထက်မြက်မြက်နဲ့. . . ကြိုးစားရင် ဒေါက်တာဘွဲ့တောင် ဆက်ရနိုင်သေးတယ်"

"ရှင်!"

"ပညာတွေက သိပ်နှမြောဖို့ကောင်းပါတယ်။ မင်းကြိုး စားမယ်ဆိုရင်တော့ ဆရာ အများကြီးကူညီနိုင်တယ်"

"ဆရာ!. . ."

သူမမှာ အံ့ဩလွန်း၍ ဘာမှမပြောနိုင်တော့ပါ။

တက္ကသိုလ်မှာ နာမည်ကြီးသော ထိုဆရာက သူမကို အဲဒီလိုလာပြောပြီဆိုမှတော့ သူမရဲ့မျှော်လင့်ချက်တွေ၊ စိတ်ကူး





အိပ်မက်တွေကို ဆက်လက်မျှော်လင့်လို့ ရပြီဆိုတဲ့သဘောပေါ့။ ဒါပေမဲ့ ဒါ သူမရဲ့အရည်အချင်းကို အသိအမှတ်ပြု၍မှ မဟုတ် တာဘဲလေ။

သို့သော် တက္ကသိုလ်မှာ ဆရာလုပ်ချင်တဲ့အနာဂတ်က သူမရဲ့ဂမ္ဘာပါ။ ထို့ကြောင့်ပင်. . .

"ကျေးဇူးတင်ပါတယ် ဆရာ"

"ခေးကိုပြောပါ. . . သူ့ကြောင့်သာမဟုတ်ရင် ဆရာနဲ့ ပန်းကြောင့် ဆုံရမှာမဟုတ်ဘူး"

"ဟာ. . . ရပါတယ်၊ ဘယ်သွားရမှန်းမသိတဲ့ကျွန်တော် သူတို့ကြောင့် သိလာတာတွေ အများကြီးပါ"

ဟုအပြန်အလှန်ဆိုတော့. . .

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မ သမီးကို ဒီလို တောမှာမနေစေချင်တာ အမှန်ပဲ။ သို့လည်း မနေ ချင်ဘူး။ သူက စာတော်တော်ပါတယ် ဆရာရယ်။ စောင့်ရှောက် ပေးပါ"

"စိတ်ချပါ အစ်မ၊ ဒီအိမ်ရဲ့ကျေးဇူးက ကျွန်တော့်မှာ အများ



www.burmeseclassic.com

www.burmeseclassic.com



စုအပေါ် ရှိပါတယ်။ ပန်းကြာငုံကို သေချာပေါက် စောင့်ရှောက်မှာပါ''

ဟု နိုင်မာစွာပြောတော့ သူမက မျက်ရည်ဝဲလုမတတ် ဝမ်းသာသွားရပါသည်။

ထို့ကြောင့်ပင် သူမက ကြိုးစားအားထုတ်ရန်အတွက် ဆရာ၊ ဒေးတို့နှင့်အတူ မွေးရပ်မြေကို စွန့်ခွာလာရပါသည်။

သူမရင်ထဲ ဝမ်းနည်းအားငယ်မိပါသည်။ မိဘရဲ့အရိပ်မှာသာ မကြောင့်မကြနေခဲ့ရ၍ အခုလို တစ်ကိုယ်ရေ စွန့်စားရမြန်တော့မယ်ဆိုတော့လည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုအားနည်းသူမို့ ကတုန်ကယင်တော့ ဖြစ်မိသားပင်။

သို့သော် ဒါက သူမမျှော်လင့်ချက်၏ တစ်ခုတည်းသော အခွင့်အရေးမို့ ခက်ခက်ခဲခဲဆုံးဖြတ်ချက်ချကာ လိုက်လာမိခြင်းဖြစ်ပါတော့သည်။

✱ ✱ ✱



အခန်း (၁၈)

''မာလာရယ်, စားစားသောက်သောက်နေမှပေါ့။ ဒေးကိုလည်း ပြန်ရှာတွေ့သွားပြီပဲ''

ဟု ဦးနေလကပြောတော့ မျက်တွင်းလေး ညှိုကာ ဝေးမှိုင်နေသော ညီမဖြစ်သူက. . .

''ကျွန်မကြောင့် ဒေး အိမ်ကထွက်ပြေးသွားတယ် ထင်နေတာ''

''မဟုတ်ပါဘူးဟာ, ဒါတွေက အထင်လွဲမှားမှုဆိုတာ သိသွားပြီပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးရယ်! . . ကျွန်မ ခံစားရတယ်။ သားတစ်ယောက်လို ချစ်လာရတဲ့ခေးက ဘာလို့ ကျွန်မတို့ကို မကြင်နာရတာလဲ"

"မင်းတို့က ချုပ်ချယ် ကန့်သတ်လွန်းတာကိုး"

"သူ့အတွက်ပါ အစ်ကိုလေးရယ်၊ မဖြစ်သင့်တာ မဖြစ်ရအောင်၊ ဘဝနောင်ရေး စိတ်အေးရအောင် စီစဉ်တာပါ"

"ဒါတော့လည်း ဒါပေါ့။ တစ်ခါတစ်ရံမှာ စေတနာတွေက ဝေဒနာဖြစ်သွားတတ်တယ်"

"ခေမာရော"

"လေယာဉ်ကွင်း သွားတယ်၊ ခေးကို သွားကြိုတယ်"

"ဒီနေ့ရောက်လာကြမှာလား"

"ညက ဖုန်းဝင်တယ်၊ မင်းက အိပ်ပျော်နေလို့ မပြောတော့တာ။ ခေမာက အစောကြီးထသွားတယ်"

ဟုဆိုတော့ ငါးရက်မျှ အိပ်ရာထဲ ဘုန်းဘုန်းကျ လဲနေသော ဒေါ်မာလာမှာ ချက်ချင်းဆိုသလို ငုတ်တုပ်ထထိုင်လိုက်ပြီးလျှင် . . .





"ခေးအကြိုက် တစ်ခုခုလုပ်ထားဦးမှပဲ။ ဆာလာရော့မယ်"

ဟုဆိုကာ တက်တက်ကြွကြွပင် ချက်ပြုတ်နေရှာ၍ ဦးနေလမှာ ညီမဖြစ်သူကိုကြည့်ပြီး သက်ပြင်းချမိပါသည်။ ထိုစဉ်မှာပင် အိမ်ရှေ့၌ ကားရပ်သံကြား၍ ကြိုမတွေးထားပါဘဲ ပြိုင်တူပြေးထွက်မိပြန်ပါ၏။

တူအပေါ် သည်းသောသူထဲတွင် သူလည်း မသိမသာပါ,ပါ၏။

"ခေး . . ."

"ဦးငယ်"

"စိတ်ပူလိုက်ရတာကွာ၊ မင်း ဘယ်တွေသွားနေသလဲ"

"ကျွန်တော်က ကလေးမှမဟုတ်တာ"

"ယုံပါပြီကွာ၊ တစ်ပတ်လောက် အပြင်မှာ တစ်ယောက်တည်း နေခဲ့တာပဲ"

ဟု နှုတ်ဆက်နေရုံရှိသေး . . .

"ခေး . . ."



www.burmeseclassic.com

www.burmeseclassic.com



ဟု လှပသောအမျိုးသမီးတစ်ယောက်က ထွက်လာပြန်၍...

"ဒေါ်လေး"

"ဘယ်တွေသွားနေတာလဲ သားရယ်၊ ဒေါ်လေးရင်တွေကွဲတော့မယ်"

"ဒေါ်လေး ပိန်သွားတယ်"

"အဲ, ကြည့်စမ်း! အသားတွေ မည်းလာလိုက်တာ"

ဟုဆိုကာ သူ့ပါးလေးကိုကိုင်ကာ သူ့လက်ကိုဆွဲတော့ ကြမ်းရှရှအထိကြောင့် ထင်ပါသည်၊ သူ့လက်ဖဝါးကို သေချာကြည့်ကာ...

"ဟင်! ဒဏ်ရာတွေ၊ ဘာ...ဘာဖြစ်ခဲ့တာလဲ။ လက်သည်းတွေလည်း မည်းလို့၊ ဘာဖြစ်လာတာလဲ"

'ကျွန်တော်က ယောကျ်ားလေးပါဗျာ၊ အလှအပကို လောက်ဂရုမစိုက်ဘူး"

"ကြည့်စမ်း! ရက်တိုတိုလေးနဲ့ မည်းသွားလိုက်တာ"

ဟု ခေးကို မျောက်ပွဲကြည့်သလို ကြည့်နေကြတော့





သူမက ကားထဲမှာပဲ ထိုင်နေရမလို ထွက်ပဲသွားရတော့မလိုနှင့် မစဉ်းစားနိုင်အောင် ဖြစ်သွားရပါသည်။

သို့သော် နောက်ဆုံးတွင် ကားပေါ်မှ ခိုးကြောင်ခိုးဝှက်လေး ဆင်းလာခဲ့ပါ၏။

"ဟင်! သူက..."

ဟု ထိုအမျိုးသမီးက သူမကိုလက်ညှိုးကာ ဆိုတော့မှ...

"ဪ, မိတ်ဆက်ပေးရဦးမယ်၊ သူက ပန်းကြောင့်တဲ့၊ ကျွန်တော့်ရဲ့ကယ်တင်ရှင်လေ"

ဟုဆိုလေတော့ သူမကို သံသယများတဲ့မျက်ဝန်းမျိုးနှင့် ကြည့်လာခြင်းကို ခံရပါသည်။ မျက်နှာငယ်နှင့်လိုက်လာခဲ့ရသည့် သူမက ထိုအကြည့်တွေကြောင့် ပိုအနေကျုံ့သွားရပါသည်။

မြို့ဆိုသောဂုဏ်ရှိန်က တစ်မျိုး၊ ပညာတတ်အသိုင်းအဝိုင်းဆိုတဲ့အသိက တစ်မျိုး၊ ခမ်းနားလှပတဲ့အိမ်အပြင်အဆင်က တစ်မျိုး၊ ခန့်ငြားသေသပ်တဲ့ လူနေထိုင်မှုစနစ်က တစ်မျိုးနှင့် သူမကိုရှိန်စေခဲ့သည်မှာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့သားဟာ ဒီလောက်ထိ ချမ်းသာပြည့်စုံသူဖြစ်လိမ့်မယ်လို့ သူမမတွေးမိခဲ့ဖူးတာအမှန်ပါ။ သူမ နားလည်သွားသော… ပေါက်သွားရပါ၏။

နေထိုင်ကျင်လည်ခဲ့သည့် ပတ်ဝန်းကျင်ချင်း မတူသည့်… မို့ သူမတို့တောက ဖြစ်ရပ်တွေကိုမသိဘဲ မြို့သားက ထူးဆ… ဆန်းဆန်းဖြစ်နေခဲ့ရသည်ပေါ့။ သူမလည်း မြို့သားနည်းတူ… ခုတော့ ကိုယ်မသိတဲ့ ပတ်ဝန်းကျင်တွင် မျက်စိသူငယ်၊ နား… ငယ်နှင့်ဖြစ်နေရပါ၏။

သူမ လိုက်လာခဲ့မိတာ မှားသွားပြီလား၊ နောင်တချ… ပြန်လှည့်မယ်ဆိုရင်ကောင်း သူမ မပြန်တတ်တော့တာ အမှန်… သူမမှာ စိတ်ဆင်းရဲနေရတာတော့ အမှန်ပါပဲ။

လှပတဲ့ ထိုအမျိုးသမီးတွေက သူမအပေါ်ကြည့်နေ… တဲ့ ထိုအကြည့်တွေက ဘာအဓိပ္ပာယ်လဲ။ ဘယ်လိုသဘော… နဲ့ ကြည့်နေကြတာလဲ။

"ပန်းကြာငုံက ငါ့တပည့်လေ"

ဟုဆိုလိုက်သော ဆရာဦးသီဟရဲ့အသံဝါက ချော…





…နေသောသူမကို တံခါးဖွင့်ပေးလိုက်သလိုပင် နေသာထိုင်သာရှိ… သွားရပါသည်။

"ပန်းကြာငုံက ဒီအိမ်မှာ ကာလတစ်ခုထိ နေလိမ့်မယ်၊ …ကျွန်တော့်ဧည့်သည်ကို တာဝန်ကျေပေးကြပါ"

ဟု သူကတောင်းဆိုတော့ သိပ်ကိုထူးခြားနေသောခေး… …ကို သူမတို့ သံသယပိုကြီးသွားပါတယ်ဆိုတာ အထွေအထူးပြော… …စရာမလိုတော့ပါ။

"ကဲ၊ ပန်းကြာငုံက ခရီးပန်းလာပြီ… အနားယူပါဦး။ …က ပန်းကြာငုံကို အခန်းထိုထိ ပို့ပေးလိုက်။ မင်းတို့သုံးယောက် …ငါနဲ့စကားခဏပြောရအောင်"

ဟု စနစ်တကျစီစဉ်နေသောဆရာကို သူမက နှုတ်ဆက် …ထိုကြည့်ကာ ဦးဆောင်နေသောခေးနောက်သို့ သူမက အထုပ် …လေးဆွဲကာ လိုက်လာခဲ့မိပါသည်။

ခေးက သူမကို ဆတ်ခနဲနောက်ပြန်လှည့်ကြည့်ကာ ပြုံး… …လိုက်ပြီး သူမရဲ့လက်ထဲမှအထုပ်ကို ဆွဲယူလိုက်ပါသည်။

"ရတယ်… လုံချည်တွေ ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"လုံချည်ကလည်း ဝိတ်စပါပဲ၊ အခေါ်အဝေါ်ပဲ ကွဲသွားတာ"

"ဘုန်းနိမ့်ကုန်မှာပေါ့၊ ပေးပါ"

"ဘုန်းနိမ့်ရအောင် ငါက သိပ်မြင့်မြတ်နေတဲ့ယောကျ်ားမို့လား"

"ငါ နှောင်တရနေသလို ခံစားရတယ်"

"ငါ့ကိုနင်းပြီး မင်းရဲ့အိပ်မက်တွေကို အကောင်အထည်ဖော်ပါ ပန်းကြာငုံ"

"ဟမ်"

"နားလိုက်ဦး, မနက်ဖြန်တော့ ငါတို့ ရွှေ့ပြောင်းထွက်ကြတာပေါ့"

"ငါ့အတွက် ဘာမှမလိုပါဘူး"

"ငါ့ရဲ့ခံစားချက်ကလည်း ထူးဆန်းတယ်။ သိလား, ပန်းကြာငုံ၊ ခါတိုင်းဆိုရင် မနိုင်းရင် ငါက ဘာမှမလုပ်ဘူး။ ဒါပေမဲ့ မင်းက မနိုင်းပေမယ့် ငါက လုပ်ပေးချင်တယ်"

"ဟမ်. . . ဘာကိုလဲ"





"ငါ့ကိုယ်ငါတောင် နားမလည်ဘူး။ ကဲ, ဘာကိုမှ မစဉ်းစားပါနဲ့၊ အနားယူလိုက်ပါ။ နေ့သစ်အတွက် လန်းဆန်းပြီး အားတွေရှိလာလိမ့်မယ်။ မင်းတွေးထားပါ. . . ဒေါက်ဖိနပ်ကိုစီးပြီး ဘယ်လိုဝတ်စုံနဲ့ အင်တာဗျူးဖြေမလဲဆိုတာကိုပေါ့။ မကြာခင် မင်းက သရာမဖြစ်တော့မှာလေ။ သဖန်းရွက်ခူးခဲ့တဲ့ ပန်းကြာငုံ မဟုတ်တော့ဘူး. . . ပါမောက္ခ ပန်းကြာငုံ"

ဟုဆိုကာ သူမကို အခန်းတွင်း တွန်းထည့်ပြီး ထွက်သွားသဖြင့် သူမက သူ့ရဲ့ကျောပြင်ကို ငေးကြည့်နေမိပါသည်။ ရှာမှာတုန်းကတော့ သူမရင်ထဲမှာ ဘယ်လိုမှမရှိခဲ့တဲ့ခေးကို ခုတော့ သူမ အားကိုးမိတာ အမှန်ပါပဲ။

သူမအတွက်တော့ ခေးက သူ့ရဲ့ကောင်းကြီးဖြစ်နေရပါသည်။ သူမနှင့်သိကျွမ်းခင်မင်သူက ဒီမြို့ပေါ်မှာ ခေးတစ်ယောက်တည်းမို့ ခေးက သူမအဖို့တော့ ကမ္ဘာကြီးပါပဲ။

ခေးက သူမကို အခန်းထဲမှာ အနားယူဖို့ ပြောသွားပါသော်လည်း ဒီလို သူမနေသင့်ရဲ့လား. . .

မိန်းကလေးဖြစ်ပြီး အိမ်မှုကိစ္စလေးမှ ဝိုင်းမကူရင် အိမ်



www.burmeseclassic.com

www.burmeseclassic.com



ရှင်က ကျေနပ်ပါဦးမလား. . .သူမ ဘာလုပ်ရမလဲ။

ထိုသို့ကောင်းတဲ့အိမ်ကြီးမှာ သူမ ဘာလုပ်တတ်မလဲ၊ လျှပ်စစ်နဲ့ပတ်သက်တာဆို၍ မီးခလုတ်တစ်ခုသာ ရင်းနှီးခဲ့သည့် သူမက ဘာလုပ်တတ်မှာမို့လဲ။

✱ ✱ ✱



## အခန်း (၁၉)

တောသူမို့ အရဏ်တက်ချိန်ကတည်းက နိုးနေပေမယ့် ဘာလုပ်၍ လုပ်ရမှန်းတော့မသိပါ။

ဖြူဖွေးသန့်ပြန့်နေသော ဤသို့သောအခန်းထဲတွင် နေ ဖူးချင်ခဲ့ပါသည်။ သို့သော် ခုလိုနေရပြန်တော့လည်း သူမ မပျော် နိုင်တော့ပါ။

ကြုပ်မိုးတွေ တက်နေသော ဝါးလုံးတန်းမျက်နှာကြက် ကိုပဲ လွမ်းနေမိပါသည်။ ဖြူဖွေးသန့်စင်သော မျက်နှာကြက်ထက် ညစ်ပေ မည်းတူးနေသော ဝါးလုံးတန်းမျက်နှာကြက်က သူမ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားကို ပို၍နွေးထွေးစေပါသည်။

ဒီအချိန်ဆိုရင် အစ်ကိုနဲ့ အဖေက ဘာလုပ်နေကြပြီလဲ။ အမေကရော မီးဖိုထဲမှာ ချက်ပြုတ်နေမှာလား။

သူမကိုရော သတိမရကြရဲ့လား. . .

သူမကတော့ သတိရနေရပါ၏။

သူမရဲ့အိပ်မက်တွေကို ရှုံးသွပ်ခဲ့မိလို့သာ ဖွတ်မိုတ်ပြီး သူစိမ်းတွေနောက်ကို အရဲစွန့်လိုက်လာခဲ့မိတာ မှားများသွားပြီလား. . .

ဖေဖေဝါဖြစ်နေတဲ့ သူမရဲ့လမ်းခရီးအတွက် မဝံ့မရဲဖြစ်ရတာ မှန်ပေမယ့် သူမ တွေဝေမနေချင်တော့ပါ။ ထို့ကြောင့်ပင် ရေမိုးချိုးပြီး အင်္ကျီသန့်သန့်ကို ဝတ်ဆင်ကာ ဆင်းလာခဲ့တော့ အိမ်တစ်ခုလုံးမှာ ခြောက်သွေ့နေရပါသည်။

သန့်ရှင်းနေသော ဧည့်ခန်းတစ်ခုလုံးမှာ သန့်ရှင်းရေးလုပ်စရာမလိုလောက်အောင် ပြောင်လက်နေရပါသည်။ သူမက နိုးကြောင်နိုးဝှက်ပင် မဝံ့မရဲနှင့် မီးဖိုချောင်ကို ရှာဖွေမိပြန်တော့လည်း စိတ်ပျက်အားငယ်မှုကသာ ဆီးကြိုနေခဲ့ပါသည်။





မှန်ပါ၏။ မီးဖိုချောင်ဟု မထင်မှတ်ရလောက်အောင်ပင် သန့်ရှင်းနေသော ထမင်းချက်ခန်းမို့ပါ။

"အင်း, အိပ်ခန်းမလောက်ရင် ဒီကြမ်းပြင်မှာတောင် လူတစ်ယောက် အိပ်လို့ရပါလား"

ဟုပင် တီးတိုးပြောမိပါ၏။

ရွာမှာဆို မနက်မိုးလင်းတာနဲ့ အလုပ်များရသလောက် ဒီမြို့မှာတော့ အလုပ်ဆိုတာကို မှန်ဘီလူးနှင့်ပြေးကြည့်ရမည်သုံ ရလောက်အောင်ပင် သူမအဖို့ အလုပ်က ရှားပါးနေရပါသည်။

အလုပ်မလုပ်ချင်သောသူမက ခုဆို အလုပ်မရှိ၍ ပျင်းနေရပါသည်။ သူမ ဘာလုပ်ရမလဲ. . . ကိုယ်နဲ့သင့်တော်တဲ့နေရာမဟုတ်၍ သူမက လူပိုတစ်ယောက်လို ခံစားနေရပါသည်။

ထို့ကြောင့်ပင် ပျင်းပျင်းရှိတာနှင့် ခြံထဲဆင်းလာမိပါ၏။

"နိုးပြီလား"

"ဟင်! ဆရာ"

မှန်ပါသည်။ ညီအစ်ကိုနှစ်ယောက်ကို ကျန်းမာရေးဝတ်စုံနှင့်အတူ တွေ့မြင်လိုက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အစောကြီးနိုးနေတာပါလား"

"ဟုတ်ကဲ့, ဆရာတို့လည်း အစောကြီးနိုးတယ်"

"ခေးလိုပဲ ရင်းရင်းနှီးနှီးဆက်ဆံပါ၊ ဒါမှမဟုတ်ရင် ပန်းကြောင့် အနေရခက်နေလိမ့်မယ်"

"ဟုတ်ကဲ့"

"မိတ်ဆက်ပေးဖို့ မေ့နေတယ်၊ သူက ဆရာညီ, နေလ တဲ့၊ မြန်မာစာဌာနမှာ ကထိက"

"ဟုတ်ကဲ့, ခေးပြောဖူးပါတယ်"

"ခေးက ပန်းကြောင့်ကို တော်တော်ခင်ပုံရတယ်"

"ရှင်!"

"ခေးက ခုချိန်ထိ ဆရာတို့အပေါ် ဘာမှမကောင်းဆို ခဲ့ဖူးဘူး။ သူ့ရဲ့ပထမဆုံးကောင်းဆိုမှုပါ၊ ကြိုးစားပါ ပန်းကြောင့်၊ မင်းကို ဆရာတို့ အစွမ်းကုန်ကူညီမှာပါ"

ဟုဆိုတော့ သူမရင်ထဲ တစ်မျိုးကြီးခံစားရပါ၏။

"ပန်းကြောင့်ရဲ့မှတ်တမ်း လိုအပ်တယ်"

"ဟုတ်ကဲ့ ဆရာ"





"ရှေ့လထဲမှာ ဆင့်ခေါ်လိမ့်မယ်၊ ဆရာ လျှောက်လွှာ တင်ထားမယ်။ ဒီကြားထဲ ပန်းကြောင့်က လေ့လာထားပေါ့။ လေ့ လာစရာတွေ များမှာပါ"

"ဟုတ်ကဲ့ ဆရာ"

"ကဲ,ကဲ, အေးအေးဆေးဆေးနေဦး။ ဟုတ်လား"

ဟုဆိုကာ ထိုဆရာနှစ်ယောက်မှာ အိမ်ထဲဝင်သွားတော့ သူမရင်ထဲ အတွေးတွေ တစ်ပုံကြီးဖြစ်ကျန်ခဲ့ရပါသည်။ သူမ စိတ်ရှုပ်ထွေးရပါ၏။

တွေးလေ, ခက်ခဲလေမို့ ဘာမှမတွေးချင်တော့၍ အိမ် ထဲပြန်ဝင်လာရာ ခေးနှင့် တန်းတိုးပါ၏။

"ဘယ်ကပြန်လာတာလဲ"

"ငါ ဘယ်ကိုမှမသွားတတ်သေးပါဘူး"

"သွားတတ်အောင် ငါလေ့ကျင့်ပေးမယ်လေ။ နောက် တစ်နာရီ ဒီမှာပြန်ဆုံတာပေါ့"

ဟုဆိုသောခေးကို သူမက ဖြတ်ကျော်ခဲ့ပြီး. . .

"ကျေးဇူးပဲ ခေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ၊ မင်းပါးစပ်က အဲ့ဒီလိုကြားရတော့ တစ်မျိုးပဲ။ ဘာကိုပြောတာလဲ"

"ငါက ရှင့်ကိုကျေးဇူးတင်တယ်၊ ဒါကိုပဲမှတ်ထားလိုက်ပါ"

ဟုသာပြောပြီး အပေါ်ထပ်သို့ တက်လာခဲ့ပါသည်။ ခေးကပေးတဲ့ အချိန်တစ်နာရီဆိုတာ သူမအတွက် သိပ်များလွန်းပါသည်။ မိတ်ကပ်အမျိုးမျိုးကို စနစ်တကျ တစ်ထပ်ပြီးတစ်ထပ် မလိမ်းခြယ်တတ်သူမို့ သနပ်ခါးကြမ်းကိုသာ မှုန်မှုန်လေးလိမ်းပြီး ဆံပင်ကို ခပ်မြင့်မြင့်စည်းကာ ဝတ်နေကျ ပါတိတ်ဝမ်းဆက်ထဲမှ မီးခိုရောင်ဖျော့ဖျော့ကို ရွေးချယ်လိုက်ပါသည်။

ပွဲအချိန်မှဝတ်တဲ့ဝတ်စုံမို့ ခေါက်ရိုးကျိုးနေခဲ့ပါသည်။ ပြင်ဆင်ပြီးတော့ အချိန်က ပိုနေသေးတာကြောင့် ပြင်ပကို ငေးကြည့်နေဖြစ်ပါသည်။

သူမ သိပ်နေချင်ခဲ့သော ဒီလိုမြို့ကြီးကလည်း တကယ်တမ်းကျတော့ သူမကို အထီးကျန်ခြင်းတွေသာ ပေးသည့်နေရာကြီးပဲ။





သက်ပြင်းကိုရှိုက်ရင်း ကျောင်းတက်တုန်းက လွယ်ခဲ့သော ဟောင်းနွမ်းနေပြီဖြစ်တဲ့ စလင်းဘက်အိတ်လေးကိုလွယ်ကာ ထွက်လာခဲ့တော့ ဒေါ်မာလာဆိုသူနှင့် တိုးပါသည်။

အနည်းငယ်မျက်နှာတည်သောဒေါ်မာလာကို သူမက ဘယ်လိုနှုတ်ဆက်ရမှန်းမသိပါ။ အဲဒီလို သူဌေးမမျိုးက ဘယ်လိုနှုတ်ဆက်နည်းမျိုးကိုမှ နှစ်သက်တတ်သလဲ။

သို့သော် အသက်ရှူချောင်သွားရတာကတော့ ထိုအမျိုးသမီးက သူမကိုတစ်ချက်မျှသာ အကဲခတ်သလိုကြည့်ပြီး အခန်းထဲ ပြန်ဝင်သွားပါသည်။

တော်တော်လှတဲ့အမျိုးသမီးပဲဟု သူမရင်ထဲ သတိမှတ်မိသွားပါ၏။ အိပ်ရာထစမို့ ဘာမှမလိမ်းခြယ်ရသေးဘဲနှင့်တောင် အသက်အရွယ်နှင့်မလိုက်အောင် ပျိုမြစ်လှပနေပါသေးသည်။ ငယ်ငယ်တုန်းကဆိုရင် ဘယ်လောက်တောင်များ လှမြဲလိမ့်မလဲဟု တွေးကာ လှေကားအတိုင်းဆင်းလာခဲ့ပါသည်။

"မြန်လှချည်လား. . . ငါက ကြာဦးမယ်ထင်တာ"

"တောသူပဲ၊ ဘာမှထွေထွေထူးထူးမခြယ်တတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သွားရအောင်လေ"

ဟုဆိုကာ နှစ်ယောက်သား အိမ်ထဲမှထွက်လာကြတော့ ဈေးခြင်းကြီးဆွဲကာ ပြန်လာသောအန်တီလေးနှင့် ဆုံမိပြန်ပါ၏။

"ဘယ်သွားကြမလို့လဲ"

"နေရာစုံပဲ"

ဟု သူက ပေါ့ပေါ့ပါးပါးသာ ပြောလိုက်ပေမယ့် သူမမှာတော့ ဝန်လေးလှပါသည်။

အန်တီလေးကလည်း သူမကိုသာ စူးစမ်းသလိုကြည့်ပြီး အိမ်ထဲပြန်ဝင်သွား၍ သူမရင်ထဲ လေးလေးပင်ပင်ကြီးဖြစ်သွားရပါသည်။

သူမကို ထိုအမျိုးသမီးနှစ်ယောက်က မကြည်ဖြူဘူးလားဆိုတဲ့ သံသယကြီးက ရင်ထဲမှာ ကြီးထွားလာရပါ၏။ သို့သော် စီးပွားရေးလုပ်သည့် ဒီလိုခပ်ထက်ထက်နှင့် ချောမောလှပသည့် အမျိုးသမီးတစ်ယောက်ရဲ့မာနကို သူမရင်ထဲက သိနေပါ၏။

ထို့ကြောင့်ပင် ဒါ သူမတို့ရဲ့ပင်ကိုစရိုက်လိပ်ပဲနေမှာဟု ဖြစ်သလိုနားလည်ပေးလိုက်ရပါသည်။





ဒေးက သိပ်ကိုကောင်းတဲ့လူပါ။ ရွာမှာတုန်းကတော့ သိပ်စပ်စုတတ်တဲ့ ပေါတောတောလူ့ဟု ရင်ထဲမှတ်ယူခဲ့ပါသော်လည်း နေရာမှန်မှာရှိနေသောဒေးက တည်ငြိမ်ပြီး ကြင်နာတတ်သူမှန်း တဖြည်းဖြည်းချင်း သိလာရပါသည်။

ဒေးရဲ့ဂရုစိုက်မှုအောက်တွင် မိသားစုနဲ့အဝေးမပြေ့ရွာနေရင်း ဤမြို့ကြီးတွင် ဆယ်ညမြောက်၍ လာခဲ့ပါသည်။

ဆယ့်တစ်ရက်မြောက်နေ့မှာတော့ သူမနှင့်ဒေးက ထုံးစံအတိုင်း အပြင်ထွက်ကြပါသည်။ ထုံးစံအတိုင်းဆိုပေမယ့် ဒါရော မှ ငါးကြိမ်မြောက်ပါ။

ဒေးက သူမကို သာယာလှပတဲ့ဘောသောက်ဆိုင်ကောင်းကောင်းသို့ ခေါ်လာကာ အရသာရှိတဲ့အစားအစာများကို ကျွေးပါသည်။

"ဦးလေးရယ်၊ အဒေါ်ရယ်၊ ကိုအောင်လှရယ်ကိုလည်း ဒါမျိုးတွေ ကျွေးချင်တာ။ စီးပွားရေးအခြေနိုင်မှ သူတို့တွေကိုပါ အလည်ခေါ်ရဦးမယ်"

ဟု သူမမိသားစုကို သတိရစွာပြောတော့ သူမမှာ မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်စို့ရပါ၏။

"မင်း အိမ်ကိုလွမ်းနေမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ မင်းဖြစ်ချင်တဲ့အနာဂတ်လေ။ ပြီးတော့ ငါလည်း မင်းကို အဲဒီလို သက်တောင့်သက်သာဖြစ်စေချင်ပါတယ်"

'ရှင့်ရဲ့စေတနာကို ငါ တန်ဖိုးထားပါတယ်၊ ငါ ကြိုးစား မှာပါ။ ရှင် ပီတိဖြစ်ရမှာပါ"

"ငါလည်း ကြိုးစားနေပါတယ်၊ မင်းတို့အထင်ကြီးနေတာနဲ့ ထိုက်တန်တဲ့လူဖြစ်အောင်ပေါ့"

"ရှင် ခါတိုင်းနေ့တွေလည်း အပြင်သွားတယ်နော်"

"အင်း, ပေဖေက ငါ့ကို အမွေနည်းနည်းချန်ခဲ့တယ်လေ။ ဆိုင်တစ်ဆိုင်ဖွင့်ဖို့ လုံးပမ်းနေတာပါ"

"ရှင်က သိပ်တော်တာပဲ"

"ဒီစကားပြောတာ မင်းပထမဆုံးပါ။ မင်းရဲ့ချီးမွမ်းမှုကို ထိုက်တန်အောင် နေပါ့မယ်"

ဟုဆိုတော့ နှစ်ယောက်သားမှာ ပြုံးမိသွားကြပါသည်။ ထိုစဉ်. . .





"ခေးက ပြုံးရယ်တတ်သားပဲ"

ဟူသော ရင်းနှီးလှသည့်အသံကို ကြားလိုက်ရပါသည်။

"ထိုင်မယ်နော်"

ဟုဆိုကာ သူမတို့စားပွဲတွင် ဝင်ထိုင်လိုက်သော သိပ်ပြီးလှပခေတ်ဆန်တဲ့အမျိုးသမီးကို သူမ ကြည့်လိုက်မိပါသည်။

အရမ်းလှတာပဲ၊ ဒီအမျိုးသမီးနဲ့ ခေးက ဘာဆိုင်ကြတာလဲ။ ခေးရဲ့ရည်းစားများလားဆိုတဲ့အတွေးက သူမအဖို့ အဖော်မဲ့သွားသလို ခံစားလိုက်ရပါသည်။

ခေးက ချက်ချင်းပင် မျက်နှာကြီးတည်သွားရကာ သူမကိုစိုက်ကြည့်နေပါသည်။

"ရှင်ပျောက်နေတာ ကြာပြီနော်, ခေး ဘယ်မှာပုန်းနေတာလဲ"

"ပုန်းရလောက်တဲ့အထိ ငါက ဘာအပြစ်မှမကျူးလွန်ထားဘူး ပုလဲစိမ်း"

"မတွေ့တာကြာပြီဖြစ်တဲ့ မိတ်ဆွေကို ဆက်ဆံပုံက ရင့်သီးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သာမန် ရိုးရှင်းသောမျက်နှာလေးနှင့် မိန်းကလေးကို နိမ့်ချသလိုကြည့်ပြီး. . .

"အန်တီလေးနဲ့တွေ့ဖြစ်သေးတယ်၊ ဒေါ်လေးငယ်ကလည်း အိမ်အလည်ခေါ်နေတယ်။ တို့ အချိန်မရသေးလို့သာ။ အော်, ဒါနဲ့ သူက ဘယ်သူလဲ"

"မေ့နေလို့, မိတ်ဆက်ပေးရဦးမယ်။ သူက ပန်းကြာငုံတဲ့၊ ရိုးသားတဲ့ချစ်သူလေးပေါ့။ မကြာခင် လက်ထပ်ဖြစ်ကြတော့မယ်"

ဟုပြောလာသောခေးရဲ့အသံက သူမရဲ့မာနကို အပိုင်းပိုင်းပြတ်သွားအောင် နင်းချေနေသလိုပင်။ ချစ်သူရည်းစားမဟုတ်တဲ့ဆက်ဆံရေးပဲဆိုတာ သိသိချည်းနဲ့ ခံလိုက်ရ၍ သူမရင်ထဲ နာပြင်းနေရပါသည်။

ခေးလို ဘာမဟုတ်တဲ့ယောကျ်ားတစ်ယောက်က အဲလို ဘာမှဆွဲဆောင်မှုမရှိတဲ့မိန်းကလေးနဲ့ သူမကို ယှဉ်ပြသွားတာလောက် အသည်းနာရတာ မရှိနိုင်တော့ပေ။

ခေး, ရှင်သိပ်မှားသွားပြီ။ ရှင်က အိပ်နေတဲ့မြွေဟောက်





ကို လာနှိုးမိသွားပြီ။ သို့သော် ပညာတတ်တဲ့မိန်းမတစ်ယောက်မို့ ဟန်ကောင်းကောင်းနှင့်ပင် အပြုံးတုကိုဖန်ဆင်းကာ. . .

"ဟုတ်လား, သိရတာ ဝမ်းသာပါတယ်။ ကဲ, ချစ်သူနှစ်ဦး လွတ်လွတ်လပ်လပ်နေကြဦး။ တို့ သွားတော့မယ်"

ဟုဆိုကာ ထသွားသော သိပ်လှတဲ့ ထိုအမျိုးသမီးကို ငေးကြည့်ရင်း. . .

"ခေး, ရှင်ဘယ်လိုပြောလိုက်တာလဲ"

"ဆောရီး. . . ပန်းကြာငုံ"

"ရှင့်ရဲ့ရည်းစားလား"

"ငါ အဲလိုမိန်းမမျိုးကို မကြိုက်ဘူး"

"ရှင်စိတ်ဆိုးနေတာလား"

ဟု မျက်နှာကြောကြီး တင်းနေသောခေးကို ကြည့်ပြီး ရွစမ်းသလိုပြောတော့. . .

"စာအုပ်တွေ ဝယ်ဦးမလား"

"ရပါတယ်, လုံလောက်ပါပြီ"

"မကြာခင်တောင် အင်တာဗျူးဖြေရတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

ဟုဆိုတော့ ဒေးက တစ်ချိန်လုံးကိုင်ထားသောအထုပ် ကို သူမထံ လှမ်းပေးပါသည်။

"ဘာလဲ"

"ကြည့်လိုက်လေ"

ဟုဆိုသဖြင့် သူမက ထိုအထုပ်ကိုဖွင့်လိုက်ရာ သေသပ် သောဘူးလေးကို ထပ်မံ၍တွေ့ရပြန်ပါသည်။ ထိုဘူးလေးကိုဖွင့် လိုက်တော့မှ သိပ်ကိုလှပတဲ့ဒေါက်ဖိနပ်တစ်ရံကို တွေ့လိုက်ရပါ ၏။

"ဒေး..."

"ကြိုက်မလားတော့မသိဘူး။ အတတ်နိုင်ဆုံးတော့ ရွေး ခဲ့တာပဲ။ လှလှပပလေးစီးပြီး သွားနော်"

ဟုဆိုတော့ သူမရင်ထဲမှာ ဝမ်းနည်းသလို ဝမ်းသာသလို ကြီး ခံစားရပါ၏။ သူမကို အဲလောက်ထိ ဂရုစိုက်ပေးသောဒေး ကိုလည်း ကျေးဇူးတင်မိပါသည်။

"ဘာလို့ အဲ့လိုကြည့်နေတာလဲ"





"ကျေးဇူးတင်ပါတယ် ဒေး။ ဒီ[redacted]ကို ငါ တစ် နေ့ ဆင်နိုင်လိမ့်မယ်"

"ပန်းကြောင့်"

"အင်း"

"တခြားလူမဟုတ်ဘဲ မင်းက အဲဒီလိုပြောတော့ ရင်ထဲ မှာ ခံစားရတယ်"

ဟုဆိုတော့ ထိုနှစ်ယောက်ကြားမှာ ထပ်မံ၍ ထိတ်ဆိတ် သွားရပြန်ပါသည်။

ထိုတိတ်ဆိတ်ခြင်းက ချစ်ခြင်း မုန်းခြင်းတို့ရဲ့အားပြိုင် မှုထဲက အားအပြင်းဆုံးအချိန်ကို ရောက်ရှိနေသလိုပင်။

✱ ✱ ✱



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"ဪ, ပုလဲစိမ်းပါလား။ လာကွယ်...မောရေ့ ပုလဲစိမ်း လာတယ်ဟေ့"

ဟုပင် မျက်နှာပုံဟန်မှာ အပြောင်းလဲကြီးပြောင်းလဲကာ ကြိုဆိုနေသော ထိုအမျိုးသမီးကြီးနှစ်ယောက်ကြောင့် အောက်ထပ်ဆင်းကာ ရေဘူးလာယူသောသူမမှာ အနေခက်သွားရပါတော့၏

"ဪ, သူက ဒီမှာနေတာလား"

ဟု အိမ်အကူတစ်ယောက်ကို သုံးနှုန်းသောလေယူလေ သိမ်းနှင့် ရေဘူးလေးကိုင်ကာ လှေကားပေါ်တက်ရန် တာပြင်



www.burmeseclassic.com

www.burmeseclassic.com



နေသောသူမကိုပြောလျှင် အမျိုးသမီးနှစ်ယောက်မှာ အံ့ဩ၍ ပုလဲစိမ်းကို ကြည့်နေလိုက်ပါသည်။

"သမီးက ပန်းကြောင့်ကို သိလို့လား"

"လွန်ခဲ့တဲ့နှစ်ရက်ကပဲ ဆုံခဲ့ဖူးတယ်လေ။ ဒေးတောင် မိတ်ဆက်ပေးသေးတယ်၊ သူ့ရဲ့ချစ်သူတဲ့, မကြာခင်လက်ထပ်တော့မှာဆိုပြီး"

ဟု အကဲစမ်းသလိုပင် သာသာနှင့်နာနာရိုက်ထည့်လေတော့ ရိုးသားတဲ့ပန်းကြောင့်မှာ ပြေးပေါက်ကိုရှာမတွေ့နိုင်တော့ပါချေ။

စူးစူးဝါးဝါးအကဲခတ်နေကြသော ထိုအမျိုးသမီးကြီးနှစ်ယောက်ရဲ့မျက်ဝန်းတွေကို သူမ ကြောက်လှပါပြီ၊ သို့သော်လည်း ဒေးမှာ အကြောင်းတစ်ခုခုရှိလို့ သူမနှင့် အဲဒီလိုမိတ်ဆက်ပေးခဲ့ခြင်းကို သူမက နားလည်နေ၍ သူမအပေါ်သိပ်ကောင်းသောဒေးကို သစ္စာမဖောက်နိုင်သောကြောင့် သူရိုးမင်းသလိုကြည့်နေသော ထိုမျက်လုံးများကြားမှ မဟုတ်ဘူးဟု ခွတ်ခြင်း၍ ရုန်းမထွက်နိုင်ခဲ့ပါ။



တိတ်ဆိတ်ငြိမ်သက်ခြင်းဆိုတာ ဝန်ခံခြင်းရဲ့နိမိတ်ပုံရိပ်ပဲမို့ ဒေါ်ခေမာနှင့် ဒေါ်မာလာမှာ ဒေါသကြီးစွာဖြစ်နေရပါသည်။

"အရိပ်နေနေ, အခက်ချိုးချိုးဆိုတာ ဒါပေါ့"

"အလကားပါ ပုလဲရယ်၊ ဒေးကြိုက်လည်း အပျော်ကြံရုံပေါ့။ ဒီအဆင့်နဲ့ ပွဲတက်လို့ ဘယ်ဖြစ်ပါ့မလဲ။ တို့တွေက ပုလဲနဲ့ပဲ သဘောတူတာ။ နေနဲ့လ, ရွှေနဲ့မြပေါ့။ စိန်ဆိုတာ ရွှေနဲ့ကွပ်မှ တင့်တယ်တာလေ"

"ပုလဲလည်း အဲဒီလိုထင်ပါတယ်"

"မဖြစ်ပါဘူး. . . မတော်တရော်နဲ့ စိတ်မချနိုင်တော့ဘူး။ ပုလဲနဲ့အမြန်ဆုံးစီစဉ်မှဖြစ်မယ်"

ဟု ပျာယာခတ်ကာ ဆိုနေကြသော ထိုအမျိုးသမီးနှစ်ယောက်ကြောင့် ပုလဲစိမ်းမှာ အောင်နိုင်သူတစ်ယောက်လို ပြုံးလိုက်မိပါသည်။

နေနှင့်ဦးပေါ့ ဒေးရယ်၊ တို့မာနကို ကစားချင်တဲ့ဆုကြေးအဖြစ် မင်္ဂလာပွဲမှာ လူသိရှင်ကြားအရှက်ခွဲပြမယ်ဟု ရင်ထဲမှာ ကြုံးဝါးပစ်ပါ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"နေ့ကောင်းရက်သာရွေးပြီး ဧည့်ခံပွဲကို အရင်စီစဉ်ရင် ပုလဲက လက်ခံမှာလား"

ဟုဆိုတော့ ပုလဲစိမ်းက ချိုအီစွာ ပြုံးပါသည်။ ထိုအပြုံးက သူမရင်ကို နာကျင်စေရပါ၏။

သူမရင်ထဲမှာ နာကျင်နေပါသည်။

ငိုချပစ်ချင်မိပါသည်။

သို့သော် ငိုဖို့အကြောင်းပြချက်က သူမဆီမှာ လုံလုံလောက်လောက်ရှိမနေခဲ့ပါချေ။ ထိုအချိန်မှာပင် အပြင်ကပြန်လာသောမေးက. . .

"ဘာဖြစ်နေကြတာလဲ"

ဟု မလာစဖူးအလာထူးသော ပုလဲစိမ်းကိုလည်းကောင်း၊ မျက်နှာငယ်လေးနှင့် လှေကားရင်းတွင် ငူငူကြီးရပ်နေသောပန်းကြာငုံကိုလည်းကောင်း ကြည့်ပြီး မေးလိုက်ပေမယ့် အဖြေအနေကိုတော့ ရိပ်စားမိနေပါသည်။ ဒါ သူမျှော်ခဲ့တဲ့မီးပဲလေ။

"မင်း ဘာလာလုပ်တာလဲ"

ဟုပင် ရင့်ရင့်သီးသီးပြောပစ်မိပါ၏။





"သား၊ ပုလဲကို ဘယ်လိုပြောလိုက်တာလဲ။ ပုလဲက သားရဲ့မဟေသီလောင်းနော်"

"အန်တီလေးတို့ လိုရာပုံသွင်းချင်ရင် သက်မဲ့ကိုပဲ ရမယ်။ ကျွန်တော်က နှလုံးသားနဲ့လူဗျ။ ချစ်တတ်တယ်၊ မုန်းတတ်တယ်၊ ခံစားတတ်တယ်။ အန်တီလေးတို့ သိပ်ရွှန်တယ်။ မင်းကရော အရှက်မရှိဘူးလား။ မင်းကို ငါမကြိုက်ဘူးလို့ပြောပြီးပြီလေ။ မင်းအဆင့်က ဒါပဲလား။ ဒီလိုပုံက သိက္ခာချြိုးထားတဲ့မင်းလိုမိန်းမရဲ့အဆင့်လား"

"ရှင့်ကိုယ်ရှင် အထင်ကြီးလှချည်လား. . .မေး တို့ကလည်း ရှင့်ကို မျာလိုခင်းပြီး နင်းချင်လို့ စနစ်တကျပုံသွင်းနေတယ်ဆိုတာ သဘောပေါက်စမ်းပါ"

"ဘာ!"

"ရှင့်လိုယောကျ်ားတစ်ယောက်ကို ပုလဲစိမ်းလိုမိန်းမကလည်း ဖိနပ်တိုက်တောင် မခိုင်းဘူး"

"ဘာ!"

"ဒီနေ့ကို ရှင် မှတ်ထားလိုက် မေး တစ်ကွေ့မကြုံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ကွေ့တော့ ကြုံဦးမှာပါ"

"ကြိုက်တဲ့အချိန်,ရတယ်"

"တောက်!"

ဖေါသဖြစ်ကာ ပြန်သွားသောပုလဲစိမ်းကို အပျိုကြီးနှစ်ယောက်မှာ ပါးစပ်အဟောင်းသားနှင့် မှင်တက်ကာ ကြည့်နေမိပါသည်။ နားမလည်နိုင်တော့ပါ။ ဘာတွေလဲ. . . ဘာဖြစ်ကြတာလဲ. . .

"ကျွန်တော် ပန်းကြာငုံကိုချစ်တယ်"

ဟု သူက တစ်ဆက်တည်း အဆက်အစပ်မရှိပြောလျှင် အပျိုကြီးနှစ်ယောက်မှာ ရင်ဘတ်ကလေးဖိကာ တူဖြစ်သူကို မယုံနိုင်စွာကြည့်ပြီး. . .

"မဖြစ်ဘူး. . . ပုလဲစိမ်းမဟုတ်ရင်တောင် ပန်းကြာငုံလို မိန်းမနဲ့ လုံးဝမဖြစ်ဘူး"

"ကျွန်တော် ပန်းကြာငုံကိုချစ်တယ်"

"မဖြစ်ဘူး. . . အဲဒါတော့ လုံးဝမဖြစ်ဘူး"

"နှစ်ဆယ့်ခုနစ်နှစ်လုံးလုံး ဟုတ်ကဲ့ဆိုတဲ့နှစ်လုံးတည်း





နဲ့ ရှင်သန်ခဲ့ရတဲ့လူပါ။ ကျွန်တော့်ဘဝကို ကျွန်တော့်ဘာသာ ရွေးချယ်ဆုံးဖြတ်မယ်"

ဟုဆိုကာ ဘာတစ်ခွန်းမှ ဆက်မပြောတော့ပါဘဲ ပန်းကြာငုံရဲ့လက်ကိုသာ ဆောင့်ဆွဲပြီးခေါ်ကာ ကားပေါ်သို့ တွန်းတင်ပြီး မောင်းထွက်လာခဲ့ပါသည်။

ကားဘီးလိမ့်ရာကိုမောင်းပြီးမှ တစ်နေရာအရောက်တွင် ကားကို လမ်းဘေးချရပ်လိုက်ပါသည်။

"ရှင်မှားတယ်, ခေး"

"ဟာမ်"

"တကယ်တော့ ရှင့်အဒေါ်တွေက ရှင့်ဘဝကို စိတ်ပူကြတာပါ"

"ငါ့ဘဝက လှောင်ချိုင့်ထဲမှာ နေခဲ့ရတာပါ။ ပြီးခဲ့တာကို ဆွဲထုတ်ပေးခဲ့တာက မင်းရဲ့လက်တွေပဲ ပန်းကြာငုံ"

"ရှင်!"

"ဟုတ်တယ်. . . ငါ့နားမှာ လိုအပ်တာက ပုလဲစိမ်းလို မိန်းမမဟုတ်ဘူး။ ငါ့ကိုအမြဲယုံကြည်အားကိုးနေမယ့် မင်းပဲ ရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြာငံ့"

"ရှင်!"

"ပြီးတော့ ငါ မင်းကိုချစ်တယ်"

"ပုလဲစိမ်းက ငါ့ထက်အများကြီးသာတဲ့မိန်းကလေးပါ။ ရှင်နဲ့လိုက်ဖက်တယ်"

"အဲဒီလိုပြောတာ မင်းရင်ထဲက မနာဘူးလား"

ဟုဆိုတော့ သူမ ငြိမ်နေလိုက်ပါသည်။

"မင်းက အလှတွေပြည့်နေတဲ့နေရာက လာတာပါ ပန်းကြာငံ့။ လှပတဲ့စိတ်ရင်းခံတွေကြားမှာ ကြီးပြင်းခဲ့တယ်။ လူတွေရဲ့ မလှပတဲ့အတွင်းစိတ်ကို မင်းဘယ်မြင်နိုင်ပါ့မလဲ။ မင်းရင်ထဲမှာ မမြင်ရတဲ့အလှစစ်က ရှိနေတာကို။ အဲဒီအလှရဲ့ထုထည်က ကြီးမားလွန်းလို့ ဘယ်သူ့ကိုမဆို လှတယ်လို့ မြင်နေခဲ့တာပါ။ တကယ်က အကျည်းတန်ခြင်းတွေ လောကမှာ အများကြီးရှိနေတယ်။ ဒါကို လှပတဲ့မင်းက ဘယ်သိနိုင်မလဲ"

"ရှင် သေသေချာချာစဉ်းစားပါ ဓေ။ ဘဝကို အဲဒီလို စိတ်လိုက်မာန်ပါ မဆုံးဖြတ်ပါနဲ့။ ရှင် စဉ်းစားပါ။ လောလော





ဆယ်တော့ အိမ်ကိုပဲ ပြန်ကြစို့"

"ဘာ!"

"အဖေါ်တွေနဲ့ ပြန်နေပါ. . . သူတို့တွေက လူကြီးလူကောင်းတွေပါ။ ရှင့်ကိုချစ်လွန်းလို့ ဘာမှမမြင်နိုင်တာတစ်ခုက လွဲရင်ပေါ့။ ရှင်က သူတို့ကို နားလည်ပေးလိုက်ပါ"

"မင်းက ပြန်မလိုက်ဘူးလား"

"ရှင် စဉ်းစားပါ၊ လောလောဆယ် ငါ့ကို အဓောင် ဒါမှမဟုတ် တည်းခိုခန်းကို ပို့ပေးပါ"

"မင်းကို အဲဒီလိုထားခဲ့နိုင်မယ်လို့ ထင်နေသလား"

"ဒါပေမဲ့ ငါ အဲဒီလိုပဲ ခဏနေချင်တယ်။ အင်တာဗျူးဖြေပြီးမှ နယ်ကိုပြန်မယ်"

"ပန်းကြာငံ့"

"ဘာလဲ, ငါ့အစီအစဉ်မကောင်းလို့လား"

"မင်း ငါ့ကိုမချစ်လို့လား ပန်းကြာငံ့"

"အဲ့လိုတော့ မဟုတ်ပါဘူး"

"အဲ့လိုမဟုတ်ဘူးဆိုရင် ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးတော့ သူမက ပွင့်ပွင့်လင်းလင်းပေါက်ကွဲချင်မိပါသည်။ အဲဒီလိုမဟုတ်ရင် ဘယ်လိုလုပ်ရမှာလဲ. . . အသိမိတ်ဆွေမရှိတဲ့ငါက အဲ့လိုနေရာမှာနေဖို့ ဘယ်လောက်ထိ ခက်ခက်ခဲခဲဆုံးဖြတ်ထားရသလဲ. . . သိရဲ့လား. . .

“ငါ့ကိုလက်ထပ်ပါ ပန်းကြာငုံ”

“ရှင်!”

“ငါ့ဘေးမှာပဲ ထာဝရနေပေးပါ၊ ငါ့ကိုလက်ထပ်ပါလား”

“မဖြစ်ဘူး ခေး”

“ဘာလို့မဖြစ်တာလဲ”

“ရှင့်အဖေါ်တွေက ငါနဲ့သဘောတူမှာမဟုတ်ဘူး”

“ဒါက အဓိကအချက်လား”

“အဓိကပဲ ခေး။ ငါတို့မိန်းမသားတွေရဲ့ဘဝမှာ သိက္ခာဆယ်စရာဆိုလို့ ဒါပဲရှိတယ်။ ရွာကိုပြန်ပြီး မင်္ဂလာဆောင်ရင် ယောက်ျားလေးဘက်က အမျိုးတွေမပါတာက သိပ်အရှက်ဆိုးတယ်။ တစ်သက်လုံး အဲဒီမိန်းကလေးက ပြောစမှတ်ဖြစ်သွားတယ်။ ငါ့အဖေ,အမေနဲ့ အစ်ကိုတို့ မျက်နှာငယ်လိမ့်မယ်။ ငါ





ငယ်ငယ်ကတည်းက စဉ်းစားခဲ့တယ်၊ သူတို့ဂုဏ်ငယ်အောင် ဘယ်တော့မှမလုပ်ဘူးလို့။ ဒါကြောင့် မိဘတွေသဘောမတူသူနဲ့ ငါလက်မထပ်ဘူး, ခေး”

“ပန်းကြာငုံရယ်”

“သေသွားတဲ့သူကို ဘယ်တော့မှအစားပြန်မရဘူး ခေး။ ဒါကြောင့် အသက်ရှင်စဉ်ကာလကလေးမှာ ပြုစုစောင့်ရှောက်ပြီး အဆင်တပြေနေတာ အကောင်းဆုံးနည်းလမ်းပဲ။ နောင်တလည်း ကင်းဝေးတယ်လေ”

“ငါ မင်းရဲ့စကားကို နားထောင်ပါ့မယ်”

ဟုဆိုတော့ သူမက ရင်နာနာနှင့်ပင် ပြုံးလိုက်ရပါ၏။

“အကယ်၍ အဒေါ်တွေ ဦးလေးတွေ သဘောတူရင် မင်းက ငါ့ကိုလက်ထပ်မှာလား”

ဟုဆိုတော့ သူမရဲ့နှုတ်ခမ်းတွေမှာ တဖြည်းဖြည်းကွေးညွတ်လာကာ. . .

“တကယ်နော်”

“အင်း”



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အချိန်တစ်ခုပေးပါ"

"အင်း"

"ငါ့ကိုချစ်လား"

"အင်းပါဆို. . ."

ဟုပြောတော့ သူ့ရဲ့လက်ဖဝါးမှာ သူမရဲ့လက်ဖမိုးပေါ်သို့ စီးမိုးချုပ်ကိုင်လိုက်ပါတော့သည်။

သူ့ရင်ထဲမှာ ပျော်ရွှင်အေးချမ်းရပါသည်။

အလှစစ်လေးကို ပိုင်ဆိုင်ထားတဲ့ ပန်းကြာငုံမှာ အေးချမ်းလှပါသည်။

ပန်းကြာငုံရဲ့ အေးချမ်းတဲ့မျက်နှာလေးကို မြင်ရလျှင်ပဲ တစ်နေ့တာကြုံခဲ့ရတဲ့ စိတ်အမောတွေကို ပြေပျောက်စေရတာပါ။

ပန်းကြာငုံကသာလျှင် သူ့ဘဝရဲ့အကောင်းဆုံးအဖော်ပါဟု သူ့ရင်ထဲ၌ စွဲစွဲမြဲမြဲယုံကြည်ထားမိပါသည်။

ပန်းကြာငုံကို တဖြည်းဖြည်းနှင့် ပိုတိုးပြီး ချစ်လာသည်။





ချစ်နေ၍ပဲလားမသိ. . .

ပန်းကြာငုံက ပိုပြီးလှလာသလိုပင်။

ဒီ့ထက်ပိုပြီး ထုထည်ကြီးမားလာရင်. . . ပန်းကြာငုံက ကမ္ဘာ့အလှဆုံးမိန်းကလေးများ ဖြစ်လာလေမလား. . .

ရသတို့နှင့်ပြည့်စုံပါစေ. . .

မယ်နိုင်